

မယ်နိုင်
မျဉ်းဖြောင့်များ

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၄၀၁၀၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၂၀၁၁၁၀

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၁၊ ဇန်နဝါရီ။

ထုတ်ဝေသူ - ဦးအေးလွင် (ဝ၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ - ဦးအေးလွင် (ဝ၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ်၃၁/၃၃၊ ၅၃လမ်း
ဗိုလ်တထောင်၊ ရန်ကုန်။

ဖြန့်ချေး - ၁၂၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃

မယ်နိုင်

မျဉ်းဖြောင့်များ/မယ်နိုင် ။ - ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၀ ။

၂၂၅ စာ၊ ၁၂. ၃ × ၁၈ စင်တီ ။

(၁) မျဉ်းဖြောင့်များ



အချစ်ကိုမုန်းမှတော့

နေမင်းရဲ့ရောင်ဝါကလည်း

မတောက်ပတော့သလို

လမင်းရဲ့ရောင်ဝါကလည်း

မှေးမှိန်လို့

သဘာဝတရားကြီးရဲ့

အလှအပဆို ဝေးရောပေါ့။

## အခန်း (၁)

ဘဝဆိုတာ ဘီယာတစ်ခွက်လိုပဲ။ လေနဲ့ထိတွေ့ဖန်များလေ လေ ခါးလေလေ။ ဒါပေမဲ့ လူတစ်ယောက်ရဲ့အာရုံတွေကိုတော့ တွေဝေမှုးယစ်စေတာအမှန်ပါပဲ။

အခု ကျွန်မလည်း ဒီလိုပါပဲလား...

ခါးသက်လှပါတယ်ဆိုတဲ့ဘဝထဲမှာပဲ ပျော်မွေ့နေတာတ်ပါပြီ။

ဘုရားရှင်ထံမှာ အလိုချင်ဆုံးဆုကိုတောင်းပါဆိုရင် လူတကာ တို့လို ဒေါ်သာ၊ မောဟ၊ မာန်မာနတို့ကင်းလွတ်ရာအမှန် မြတ်နိဗ္ဗာန်ဆု ကို တောင်းတော့မှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဟာ လောက

ကြီးက ပျောက်ကွယ်မသွားချင်တော့လို့ပါ။

အဲဒါ ဘိယာနဲ့တူတဲ့ဘဝကြီးကိုပဲ နှစ်သက်သွားမိလို့လေ။

"မင်းကို...ကိုယ် သင့်တော်တင့်တယ်လက်ထပ်ယူမှာပါ စံချိန်မို့"

"အစ်ကို့ကိုယုံကြည့်ပေမယ့် အစ်ကို့မိသားစုကိုသိပ်ကြောက်တယ်။ သူတို့က မို့ကို စိတ်နဲ့ဖိကြလိမ့်မယ်"

"ကိုယ့်ကိုမယုံဘူးပေါ့"

"ယုံရမှာလား"

"အဲဒါက မို့သဘောပါ။ ကိုယ့်ကိုယုံဖို့ အရမ်းကြီးမတိုက်တွန်းပါဘူး။ ယုံသင့်မယုံသင့် မို့ကပဲ ဆုံးဖြတ်ပါ"

"တကယ်တော့ မို့ အစ်ကို့ကိုယုံပါတယ်"

"ကျေးဇူးတင်ပါတယ် မို့။ မို့ရဲ့ယုံကြည်မှုတွေ အလဟဿ မဖြစ်အောင် ကိုယ်ကြိုးစားမှာပါ"

ဟုပြောလိုက်တဲ့ အစ်ကို့ရဲ့အသံက နိုင်နိုင်မာမာကြီးမို့ သူမက ပြုံးလိုက်မိပါသည်။

ထိုယောက်ျားထံမှာ သူမဘဝကို ပုံအောပြီး သူမရဲ့ကံဇာတာကို ဆန်းစစ်ကြည့်ဖို့ သင့်ပြီထင်ပါရဲ့။



"အစ်ကို နောင်တမရဘူးနော်"

"ကိုယ် မင်းကိုချစ်တယ်။ ဘယ်သူတွေက ဘာပြောပြော ချစ်တယ်။ ကိုယ်ယုံကြည်တယ်။ မင်းဘဝကို အမိုးကောင်းကောင်းပေးနိုင်လိမ့်မယ်။ ကိုယ့်အရိပ်မှာခိုလှုံပါလို့ မင်းကိုတောင်းဆိုချင်ပါတယ် စံချိန်မို့"

"မို့အတွက် လုံခြုံတဲ့အရိပ်ကောင်းတစ်ခု လိုအပ်တာအမှန်ပါပဲ အစ်ကို"

"မို့, ကိုယ့်ကိုမချစ်မှန်းသိပေမယ့် ကိုယ့်အရိပ်မှာခိုလှုံလိုက်ပါ။ ကိုယ်, မင်းကိုသိပ်ချစ်တယ်"

"အစ်ကို, မို့ကိုယုံရဲ့လား"

"ဘယ်သူတွေဘာပြောပြော ကိုယ်, မို့ကိုယုံပါတယ်"

"ကျေးဇူးတင်ပါတယ်အစ်ကို"

"မိသားစုကို အစ်ကိုခွင့်တောင်းလိုက်တော့မယ်"

"သူတို့တွေ ခွင့်မပြုကြရင်ရော"

"မို့ကိုလက်ထပ်မှာပါ"

ဟု အစ်ကိုက နိုင်မာစွာပြောလိုက်တော့ သူမရင်ထဲ နွေးထွေးသွားရကာ အစ်ကိုမရှိုးအောင်ရဲ့ရင်ခွင်ထဲသို့ တိုးဝင်လိုက်ပါသည်။

မနိုးအောင်ကလည်း တိုးဝင်လာတဲ့ခန္ဓာကိုယ်သေးသေးလေး ကို နူးညံ့ညင်သာစွာ ယုယုယယလေး ထွေးပွေ့ထားသေး၏။

ထွေးပွေ့ထားတဲ့ မနိုးအောင်ရဲ့လက်အစုံက ခိုင်မာနေခဲ့ပေမယ့် စိုးရိမ်မှုရဲ့ရုပ်ထဲမှာတော့ မတင်မကျရယ်ပါ။ သူမရဲ့ဆုံးဖြတ်ချက်က မှန်ကန် ပါ့မလား။

သူမ မတွေးနိုင်ပါ။

သူမ တွေးနိုင်တာတစ်ခုက စားဝတ်နေရေးအတွက် အပူအပင် ကင်းမဲ့စွာ မနိုးအောင်ရဲ့အရိပ်အောက်မှာ ပြီးပြည့်စုံတော့မည်ဆိုတာပါပဲ။

သူမတို့လိုငွေကြေးချို့တဲ့သူအဖို့ကတော့ ငွေကြေးပြည့်စုံခြင်း က နတ်ဗိမ္ဗာန်ကြီးတစ်ခုပင်ဖြစ်ပါသည်။

ဒါကြောင့် မနိုးအောင်လို ချမ်းသာပြည့်စုံပြီး အလုပ်အကိုင်ရှိ သူတစ်ဦးကို အိမ်ဦးနတ်အဖြစ်ရွေးချယ်လိုက်တာ မှန်ကန်သည်ဟုထင် ပါသည်။

သူမ ကံကောင်းလိမ့်မည်ဟု ထင်မြင်မိပါသည်။

ဘာကြောင့်လဲဆိုတော့ မနိုးအောင်ရဲ့မျက်ဝန်းတွေက သူမ အပေါ် သိပ်နက်ရှိုင်းပြီး နူးညံ့နေလို့ပါ။

"အစ်ကို, မို့က မိဘတွေမရှိဘူးဆိုတော့.."



"ကိုယ်သိပ်ကောင်းပေးမှာပါ။ မို့ရဲ့ခံစားချက်ကို ကိုယ်နားလည် ပါတယ်။ ကိုယ့်မှာလည်း မေမေမရှိဘူးလေ။ မိဘဆိုတဲ့လိုအပ်ချက်မျိုးကို ကိုယ်ခံစားဖူးပါတယ်။ မို့ကို ကိုယ် ရုံးတက်လက်မှတ်ထိုးရုံနဲ့တော့ မသိမ်း ပိုက်ပါဘူး။ မေမေက သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ဟိုတယ် တစ်ခုခုမှာ ခမ်းခမ်းနားနားလက်ထပ်ယူမှာပါ။ သားသမီးတွေရလာရင် တော့ ကောင်းကောင်းကြီးပြုစုပျိုးထောင်ကြတာပေါ့။ လှပတဲ့အနာဂတ် တွေကို ဖန်တီးယူမယ်။ သိပ်ပျော်စရာကောင်းမှာ"

"အစ်ကိုက ခဏခဏ ကလေးအကြောင်းပြောတယ်။ သိပ် ကလေးလိုချင်တာပဲလား"

"အင်း, ကလေးတွေနဲ့ရေးဆယ်တွက်ရတာတွေ၊ ကလေးတွေ ကို ကစားကွင်းလိုက်ပို့ရတာတွေမြင်ရင် ကိုယ်သိပ်ပျော်တာ။ ကိုယ့်အိပ် မက်ကဘာလဲ သိလား။ ဖခင်ကောင်းတစ်ယောက်လေ"

"မို့မှာလည်း အိပ်မက်ရှိတယ်"

"ဟာင်! ဟုတ်လား"

"မို့က ဆင်းရဲတဲ့လူလေ။ ငွေကြေးကြောင့် အကြိမ်ကြိမ်အနိမ့် ခံခဲ့ရဖူးတယ်။ မို့က ငွေတွေကို အိတ်ထဲက အထပ်လိုက်နှိုက်ပြီး သုံးဖူး ချင်တာ"

"အဟင်းဟင်း. . . မင်းကတော့ တကယ်ကလေးတစ်ယောက်လိုပဲ"

"အစ်ကိုက မို့ကိုအဲလိုသုံးနိုင်းမှာလား"

"မို့ပျော်မယ်ဆိုလုပ်မှာပေါ့"

"ဟင်းဟင်း. . . ဒါကြောင့် အစ်ကို့ကိုချစ်ရတာ"

ဟု မူနွဲ့နွဲ့လေးဆိုပြီး မွေးညင်းစိမ်းစိမ်းလေးများနှင့် သူမမေးကားကားကို ခြေဖျားလေးထောက်ကာ မွှေးကြူလိုက်ပါသည်။

"ဟိတ်! ဒီကလေးမ ဘယ်လိုလုပ်လိုက်တာလဲ။ ဟိုး. . ဝရန်တာမှာ ကြည့်နေတယ်"

ဟု အစ်ကိုက မျက်နှာရဲရဲနှင့်ပြောလျှင် သူမက ဟက်ဟက်ပက်ပက်ရယ်လိုက်မိပါ၏။

"လူတွေမြင်တော့ အစ်ကိုကရှက်တယ်ပေါ့"

မရိုးအောင်က သိပ်ကလေးဆန်နေသောသူမကို ပြုံးပြီးကြည့်နေပါ၏။

"ကဲ, ကိုယ်ပြန်တော့မယ်နော်။ ညတော့မှ ကိုယ်, မို့ကိုဖုန်းဆက်လိုက်မယ်။ ညနက်သွားတဲ့ထိ မစောင့်နဲ့နော်။ မို့အိပ်ချင်ရင် ဖုန်းပိတ်ပြီးအိပ်လိုက်။ ကိုယ့်ဖုန်းဝင်လာရင် မို့အိပ်ပျက်နေမယ်"



ဟုဆိုကာ သူကလှည့်ကာ တားတံခါးဖွင့်မယ်အပြင်မှာတော့ သူမက ကားတံခါးရှက်ကိုမှီကာ သူ့ရှေ့မှာစိတ်ရပ်လိုက်ပါသည်။

"ဟင်! "

"အစ်ကို ဒီလိုပြန်လို့မရဘူးလေ"

"အော့"

"ပြန်ခါနီးရင် မို့ကိုဘာလုပ်ရမလဲ"

"ဟာ. . . လူတွေကြည့်နေတယ်"

"ဟင့်အင်း, မို့ကတော့ မဖယ်ပေးဘူး"

ဟု သူမက ခေါင်းမာစွာဇွတ်ငြင်းလိုက်တော့ သူက ရှက်ပြုံးကြီးပြုံးလာကာ. . .

"အဲလိုလေးတွေကြောင့် ကိုယ်ရူးရတာထင်တယ်"

ဟုတိုးတိုးဆိုပြီး ခေါင်းလေးငိုက်ကျလာကာ သူမနဖူးပြင်လေးကို ဖွဖွနမ်းရှုပ်လိုက်ပါသည်။ ထိုအခါမှ သူက ပြန်ခွင့်ကို အောင်တိုမြစ်တစ်ရသွားပါ၏။

ကားပေါ်တက်၍ ကားစက်နှိုးနေသော သူ့ကို, သူမက. . .

"အစ်ကို"

ဟု မချိနိုင်စွာ လှမ်းခေါ်လိုက်မြိမှ. . .

"တာ့တာ"

ဟု နှုတ်ဆက်လိုက်ပါသည်။

ထိုသို့ပြုမူလိုက်ချိန်တိုင်းမှာ ပြုံးပြသွားခဲ့တဲ့အစ်ကိုရဲ့အပြုံးကို သူမ သိပ်နှစ်သက်ရပါသည်။

"တော်ပါတော့ဟယ်။ အဲဒီလောက် မုန့်ရရင်ပဲ တော်လောက်ပါပြီ"

ဟု ရွှဲ့ပြောလာသောအစ်ကိုကို သူမက မျက်စောင်းရွယ်ပစ်လိုက်ပြီး. . .

"မနာလိုလို့လား"

"နာလိုတာမလိုတာ အပထား။ ဒီအထုပ်ကလေး မ,ကူပါဦးဟယ်။ လေးလွှာကြီးကိုတက်ရမှာ မချောင်ဘူး"

"ဘာကြီးလဲ"

"ရှင်တို့တွေ မျိုဖို့ဆိုဖို့ ဖရဲသီးတစ်လုံး ကောက်ဆွဲလာတာ"

"လမ်းဘေးအမှိုက်ပုံကလား"

"စေတနာကို တလွဲမတွေးနဲ့နော်"

"ရှင်က ဒီနေ့ သဒ္ဓါပြည့်လှချည်လား။ ပိုက်ဆံအိတ်ကောက်ရတာလား။ ခရက်ဒစ်ကတ် ကောက်ရလာတာလား"



"ရှင့်လို သူဌေးကိုရည်စားမတော်ထားရတော့လည်း ပြောသမျှခံရမှာပေါ့။ စိတ်ချလက်ချစားရမှာပါကွယ်။ ဒီနေ့ ငါ့မွေးနေ့မို့ ကုသိုလ်ပြုတာ"

"ဘာ! မွေးနေ့က ဖရဲသီးကြီးလား"

ဟု သူမက တအံ့တဩလေးပြောလိုက်မိတုန်းမှာ အစ်ကိုက တံခါးခေါက်ပြီးနေပါပြီ။

ထိုအချိန်မှာ တံခါးရွက်ကိုလာဖွင့်ပေးတဲ့ ကေသရီက. . .

"သိပ်ကြည့်ကောင်းတဲ့ဇာတ်ဝင်ခန်းလေးဟယ်။ လမင်းသာရှိရင် အကောင်းဆုံးဇာတ်လမ်းလေးတစ်ပုဒ်ပေါ့"

"မင်းသမီးက မင်းသားကိုအကျပ်ကိုင်တဲ့အခန်းပေ့"

ဟုဆိုပြီး ဝါဖီပါ ထွက်လာ၍ သူမမျက်နှာ ရဲသွားရပါသည်။

"စ,မနေကြနဲ့။ ဝိုင်းစ,လည်း ရှက်မယ့်ရုပ်မျိုးမဟုတ်ဘူး"

ဟုဆိုပြီး အစ်ကိုက ချိုင်းအောက်ကအိတ်ကို ခုံပေါ်ပစ်တင်လိုက်တော့ သူမမှာ အနေချောင်သွားကာ ဆွဲကိုင်လာသော ဖရဲသီးကြီးကို မီးဖိုခန်းထဲထားဖို့ဝင်သွားတော့ ဝါဖီက အစ်ကိုနားဝင်ထိုင်လိုက်ပြီး ကေသရီက တံခါးချပ်ကိုပြန်ပိတ်နေပြန်ပါသည်။

"ဟဲ့ဟဲ့. . . မပိတ်နဲ့ဦး"

ဟုဆိုကာ ဖိုင်တွဲလေးကိုင်၍ ပျာယီးပျာယာလေးနှင့် စာရေး ဆရာမပေါက်စလေး လမင်းက ထွက်ပေါ်လာရ၏။

လမင်းကိုမြင်တော့ ဖါဇီက အားရဝမ်းသာပင်...

"ရှင် နည်းနည်းလေးနောက်ကျသွားတယ် လမင်း"

"ဟမ်း...ဘာလို့လဲ"

"မင်းသမီးက ဖရဲသီးမ,ပြီး မီးဖိုခန်းထဲဝင်သွားပြီ"

"ဩော်! ဟိုအတွဲလား။ ရှင်တို့က ဒီနေ့မှ အိမ်မှာနေလို့တွေ့ ရတာ။ ကျုပ်ကတော့ ရိုးနေပြီ။ မင်းသားမပြန်ခင် နမူးပေးတဲ့အခန်းပဲ မဟုတ်လား"

"အဲတော့... ရှင်က အလွတ်တောင်ရနေပြီ"

"ကျုပ်တွေ့နေကျပါဆို"

"ကဲကဲ, အတင်းလေးလည်းပြော။ ရော့...ဒီမှာ ရေဘူး။ ရေလည်းငတ်နေဦးမယ်။ သောက်ပြီးမှပြော"

ဟုဆိုကာ သူမကာရွဲ့ပြီး ရေဘူးနှင့်ရေခွက်ကို ချပေးလိုက်ရာ လမင်းမှာ အမှန်တကယ်ပင် ရေဘူးကိုဖွင့်သောက်လိုက်ပြီး...

"ရှင်တို့က ဘယ်တော့လဲ"

"သူ ဒီနေ့ပဲ လက်ထပ်ခွင့်တောင်းလာတယ်"



"ရှင်လက်ခံလိုက်လား"

"သူ့ကို ဘာမှငြင်းစရာမလိုဘူးလို့ထင်တယ်"

"လက်ခံလိုက်ပြီပေါ့"

"သူက ရုပ်ချောတယ်၊ ချမ်းသာတယ်၊ ပညာတတ်တယ်၊ စိတ်ထား တည်ကြည်နူးညံ့တယ်။ စိတ်ထဲမှာ ယုံကြည်နေတယ်။ သူဟာ တို့အတွက် အကောင်းဆုံးအရိပ်တစ်ခုပဲ"

"အားကျလိုက်တာဟယ်။ ဒါကြောင့် ဂါထမ်းလာတာမမြင်ရဘူးလို့ ရှေးလူကြီးတွေက ဆိုသမှုပြုကြတာကိုး။ ကြည့်စမ်း! မကြာခင်မှာ တို့သူငယ်ချင်းစုံချိန်မှာက ရွှေအိမ်စံသူဌေးကတော်လေးဖြစ်ရတော့မယ်"

"အဲ, ဒါနဲ့ သူ့မိဘတွေကရော"

"သူ့မှာ အမေနဲ့ညီမပဲရှိတာ။ သူက ပြောပါတယ်၊ ဘယ်သူတွေ ဘာပြောပြော တို့ကိုလက်ထပ်မှာတဲ့"

"အင်း, အဲဒီအကန့်တွေက နည်းနည်းတော့ရှုပ်မယ်နော်။ စိုင်း စိုင်းဆိုထားသလိုပဲ ဘဝနစ်ခုပေါင်းစပ်ဖို့မှာ မိဘအသိုင်းအဝိုင်းက သိပ်ကြီးတဲ့တံတားကြီးပဲ"

"တို့က အညာတရွာဆင်းရဲသား။ သူ့ဘဝနဲ့က သိပ်ကွာခြားနေ တာကို တို့တွေးမိပါတယ်။ တို့ ကြိုစဉ်းစားထားပြီးသားပါ"

"တကယ်စွန့်စားတော့မယ်ပေါ့"

"အင်း"

အားလုံးသောသူငယ်ချင်းမများမှာ သူမကိုစိတ်ဝင်တစားနှင့် ကြည့်နေကြပါ၏။

အတွေးကိုယ်စီနဲ့ အားလုံးငြိမ်သက်သွားချိန်မှာ တစ်ချိန်လုံး တိတ်ဆိတ်နေခဲ့သော လမင်းက. . .

"စွန့်စားခန်းတစ်ခုမှာ သတ္တိရဲ့သွေးကြောဖြစ်တဲ့အချစ်က သိပ် အရေးပါတဲ့ကဏ္ဍမှာရှိတယ်။ စံချိန်မှီ, နှင် သူ့ကိုချစ်ရဲ့လား"

"ဘာဖြစ်လို့လဲ"

"ရှင့်ရဲ့စကားလုံးတွေထဲမှာ အချစ်က လုံးလုံးပျောက်နေခဲ့လို့ ပါ"

"အယ်, လမင်းရယ်၊ ရှင်ကလည်း စာရေးဆရာမပီပီ အတွေး ခေါင်လိုက်တာ"

"ဟုတ်တယ်၊ ဘဝမှာငွေကြေးကလွဲရင် ဘယ်ဟာမှအဓိကမကျ ဘူး"

"မိန်းမတစ်ယောက်အတွက် ခင်ပွန်းကောင်းတစ်ယောက်က လွဲရင် ဘာလိုအပ်ဦးမှာမို့လဲ"



"နင်ပြောတာမှန်တယ် ကေသရီ။ မိန်းမတစ်ယောက်အတွက် ခင်ပွန်းကောင်းက အရေးပါသလို ဘဝရဲ့သာယာပျော်ရွှင်မှုအတွက်လည်း ဘဝကိုတည်ဆောက်တဲ့အခါ အချစ်လိုအပ်တယ်။ ဘဝဟာ အဆောက် အဦးတစ်ခုဆိုပါစို့ကွာ. . . အချစ်ဟာ ဘိလပ်မြေပဲ။ ငွေကြေးတွေ၊ ဂုဏ်ဓနတွေဆိုတာ အုတ်နီခဲတို့၊ သဲကျောက်တို့အဆင့်မှာပဲ။ အုတ်ခဲတို့၊ သဲကျောက်တို့ ထုံးတို့မပါဘဲ အဆောက်အဦးကြီးမဖြစ်နိုင်သလို ဘိလပ် မြေကို လိုသလိုအသုံးမပြုတတ်ရင်လည်း အဲဒီအဆောက်အဦးကြီးက ပြိုကျမှာပဲ"

"ရှင်ဆိုလိုချင်တာက အချစ်မပါတဲ့အိမ်ထောင်ရေးဟာ မတည် မြဲကြဘူးပေါ့"

"မဆိုင်လိုက်တာဟယ်။ ချစ်လှချည်ရဲ့, မခွဲနိုင်ကြတော့ပါဘူး ဆိုပြီး လက်ထပ်ကြ၊ နှီးပြေကြနဲ့. . . ပြီးတော့ ငွေကြေးအဆင်မပြေလို့ တအုံ့အုံ့ရန်ပွဲနဲ့ ကွဲသွားကြတဲ့အိမ်ထောင်ရေးတွေလည်းပုံလို့"

"ဟုတ်ပါ့၊ မချစ်ဘဲယူကြလို့ သံယောဇဉ်တွေ၊ နားလည်မှုတွေ နဲ့ နိုင်မြဲအေးချမ်းနေကြတဲ့အိမ်ထောင်ရေးတွေလည်း လောကမှာ ပုံလို့"

"သူတို့ကိုမေးကြည့်လိုက်ပါ. . . ပျော်ရွှင်ကြရဲ့လားလို့၊ ရင်ခုန် ကြည်နူးပြီး ပျော်ရွှင်ခြင်းဆိုတာ သူတို့ကြားမှာ အမှန်တကယ်ပျောက်ဆုံး

နေတတ်ကြတယ်၊ ရင်ခုန်သံလေးပါမှ အချစ်က ပြီးပြည့်စုံသလို ကြည်နူးမှုလေးရောယှက်မှ ဘဝရဲ့အနှစ်သာရက ပြည့်စုံတာ"

"ရှင်ပြောတာကို တို့လက်ခံတယ် လမင်း"

တု သူမက တည်ငြိမ်စွာပြောလိုက်တော့မှ ကျန်သုံးယောက်မှာ ငြိမ်ကျသွားရပါသည်။

"ဒါပေမဲ့ တို့မသိဘူး၊ သူ့ကို ချစ်လားမချစ်ဘူးလားဆိုတာကိုပေါ့။ တစ်ခုတော့ရှိတယ်။ တို့ သူနဲ့နေရတာ ပျော်တယ်။ စိတ်ချမ်းသာတယ်၊ လုံခြုံတယ်။ တို့စွန့်စားကြည့်ချင်တယ်။ တို့အိပ်မက်,မက်ခဲ့ရတဲ့ဘဝမျိုးမှာ နေကြည့်ချင်တယ်"

"ဆန္ဒပြင်းပြနေတော့ တို့ဘာမှမပြောတော့ဘူး။ တို့ကတော့ ဘဝကို အချစ်မပါဘဲနဲ့တော့ ဘယ်တော့မှမပေးဘူး။ နှလုံးသားနဲ့ချစ်မယ်။ ဦးနှောက်နဲ့ဆုံးဖြတ်မယ်"

"ဒါဆို ရှင်က ဘယ်လိုလူမျိုးကိုလက်ထပ်မှာလဲ"

"ချစ်တဲ့လူကိုပေါ့"

"ရှင်ချစ်တဲ့လူက..."

"ရှင်အားနာလို့မပြောတာလား။ ရပါတယ်, ရှင်ပြောချင်တာကိုသိနေတယ်။ တို့ချစ်တဲ့လူက တို့နဲ့မလိုက်ဖက်တဲ့လူဆို တို့လက်မထပ်ဘူး။ ပြီးတော့ တို့မချစ်တဲ့လူမျိုးကိုလည်း ဘယ်လောက်ပဲလိုက်ဖက်ရှိပါစေ...လက်မထပ်ဘူး"



"ဒါကြောင့် စာရေးဆရာမတွေဟာ အပျိုကြီးဖြစ်ကြတယ်လို့ပြောတာထင်တယ်"

"ဟုတ်တယ်၊ သိပ်အတွေးခေါင်ပြီး ဇီဇာချဲ့တာပဲ"

"အခုချိန်မှာတော့ ရှင်တို့ ဒီလိုပဲပြောကြဦးမှာပဲ။ နောင်တစ်ချိန်တော့ တို့စကားတွေက မှန်တယ်ဆိုတာ ရှင်တို့လက်ခံသွားကြလိမ့်မယ်"

"အမယ်လေး..တော်ပါတော့၊ စာရေးဆရာမအကြီးစားကြီးရယ်။ ဒဿနတွေပွားနေရတာနဲ့ပဲ မွေးနေ့ကိတ်ကြီးကို မေ့သွားရောမယ်"

"မွေးနေ့ကိတ်! ဟုတ်လား"

"ဟုတ်ပ။ အဆန်းထွင်တဲ့အေမီပေါ့။ မွေးနေ့ကို ဖရဲသီးကျွေးတာတဲ့။ မကြားဖူးပေါင်"

"အဆန်းထွင်တာ မဟုတ်ဘူးဟ၊ ချွေတာတာ။ ရတဲ့လခနဲ့ ဒါပဲတတ်နိုင်တယ်"

"အင်း, တို့တွေလည်း ဖောဖောသီသီသုံးရအောင် စံချိန်မှီလို

ပဲ သူဌေးရှာဦးမှပေါ့"

"ဟုတ်တယ်. . . ဟုတ်တယ်"

ဆိုပြီး ရယ်ကျဲကျဲလေး ထောက်ခံလိုက်တဲ့အသံစည်ဝေဝေလေး က ကျယ်လောင်စွာထွက်ပေါ်လာရင်း။

အားလုံးမှာ ဖရဲသီးကြီးကိုစိတ်ကာ ပျော်ပျော်ပါးပါးစားသောက် နေခဲ့ပေမယ့် စံချိန်မှီမှာ အတွေးတစ်ခုနှင့်ပင် ဖရဲသီးစိတ်ကိုကိုင်ကာ ငြိမ်သက်နေရပါ၏။

□□□

## အခန်း (၂)

"မဖြစ်နိုင်ဘူးသား၊ လုံးဝမဖြစ်နိုင်ဘူး။ မိမရှိဖမရှိ အဆောင် မှာနေ၊ ပညာအရည်အချင်းက ရိုးရိုးသာမန်ဘွဲ့တစ်ခုနဲ့ အရောင်းစာရေး မတစ်ယောက်ကို။ သား. . . သား ဘယ်လိုဦးနှောက်မျိုး၊ ဘယ်လိုအတွေး မျိုးနဲ့ မေမေ့ကို ခုလိုခွင့်တောင်းဝံ့တာလဲသားရယ်"

"သူက စိတ်ထားကောင်းပါတယ်မေမေ။ ရိုးသားကြည်စင် တယ်။ သားအတွက် ငွေကြေးတွေ ဂုဏ်ဒြပ်တွေ မလိုဘူးမေမေ၊ ဇနီး ကောင်းပဲလိုတာပါ"

"ဇနီးကောင်း! ဟုတ်လား။ သားလိုအပ်တဲ့ဇနီးကောင်းမျိုး

မေမေတို့အသိုင်းအဝိုင်းထဲမှာ ပြည့်လို့ သားရေမယ်။ ရုပ်ချော၊ ဥစ္စာပေါ၊ ပညာတတ်"

"မဟုတ်ဘူးမေမေ။ မေမေတွေးသလိုမဟုတ်ဘူး"

"ကိုကိုက အချစ်ကိုဆိုလိုချင်တာ မေမေ"

"ဟင်! အငယ်မ"

"မရှက်ပါနဲ့ကိုကို။ ငယ်လေး အကျွန်ကြားပြီးပြီ။ ကိုကိုတပ်မက်တဲ့အချစ်ကရော ဘယ်လောက်ကြာကြာ ဘဝအတွက် အသုံးဝင်နိုင်မှာလဲ ကိုကို။ ငယ်လေးလည်း သိတာပေါ့။ ဒါပေမဲ့ ကိုကိုတွေးထားပါ။ သူတို့လိုဆင်းရဲသားမျိုးတွေက ငွေကြေးကြောင့် စွန်းထင်းတတ်ကြတယ်။ ငွေကြေးကြောင့် အရောင်ပြောင်းလဲတတ်ကြတယ်။ အထူးသဖြင့် စံချိန်မှီလိုမျက်လုံးမျိုးကပေါ့"

"ဟင်! အငယ်မ မင်း, မှီကိုသိတယ်"

"ငယ်လေးက ကိုကို့ညီမမို့ ကိုကို့ရဲ့သတင်းကို ငယ်လေးသိပို့ကြတာထုံးစံပဲလေ။ သူက စတိုးဆိုင်တစ်ခုရဲ့သာမန်အရောင်းစာရေးမ။ ဆံပင်ရှည်တာလေးတစ်ခုကလွဲလို့ အာရုပ်ရည်မှ သာလွန်တာမရှိဘူး။ ငယ်လေး အံ့ဩတယ်သိလား။ အဲဒီမိန်းကလေးကို ကိုကို့ အပျော်ပဲလို့ထင်နေတာ။ ခုတော့ အဲဒီမိန်းကလေးကြောင့် သိပ်လိမ္မာပါတယ်ဆိုတဲ့ ကိုကိုက မေမေနဲ့ ခုလိုအတိုက်အခံလုပ်နေတာကိုပဲ။ ကိုကို ဘာခေါင်းတွေ မိလာတာလဲ"



"မင်း, ဘယ်တုန်းက သိနေတာလဲ"

"ကိုကို နောက်မကျသေးပါဘူး။ တပ်ဆုပ်ပြီး လှည့်လာခဲ့ဖို့ အချိန်မီသေးတယ်။ ကိုကိုသိလား. . . သူတို့နဲ့အတူနေတဲ့ ကောသရိုဆိုတာကို မော်ဒယ်လ်ယောင်ယောင်၊ အဆိုတော်ယောင်ယောင်နဲ့ ငယ်လေးသူငယ်ချင်းရဲ့အစ်ကို့ကို ချိုင်တည့်လိုက်တာ တစ်မိသားစုလုံး ပြဿနာတွေ ရှုပ်မပြီးနိုင်ဘူး။ ဒါပေမဲ့ သူက ကိုကို့လိုမဟုတ်ဘူး. . . ဒါတွေက အပျော်တဲ့။ ဒါပေမဲ့ တော်တော်ပါသွားတယ်။ ကိုတစ်လုံး၊ တိုက်ခန်းတစ်ခန်း။ အခု သူတို့နေတာ ကောသရိုရဲ့ချေးနဲ့စာတွေပေါ့"

သူအံ့ဩရပါသည်။

သူတောင်မသိတဲ့ကိစ္စရပ်ကို ညီမလေးက သိနေခဲ့လို့ပါ။ သူသိလိုက်ပါပြီ။ လျှော့တွက်လို့မရဘူးဆိုတာကိုပေါ့။

"ငယ်လေးကတော့ ငယ်လေးရဲ့တစ်ဦးတည်းသောအစ်ကို့ကို ဒီလိုမိန်းမမျိုးနဲ့ လုံးဝသဘောမတူနိုင်ဘူး"

"အငယ်မ, မင်းစကားတွေဟာ လွန်လွန်းနေတယ်လို့ မထင်ဘူးလား"

"ငယ်လေးရဲ့စကားမှာ ဘာမဟုတ်တာမမှန်တာ ပါနေလို့လဲ"

"ငါဟာ မင်းထက် အရင်မွေးတာ။ မင်းရဲ့အစ်ကိုနော်"

"ဘာပဲဖြစ်ဖြစ် မဟုတ်တဲ့ကိစ္စကိုတော့ လက်ပိုက်ကြည့်မနေနိုင်ဘူး"

"အငယ်မ, မင်းအေးအေးနေရင် ကောင်းမယ်"

"ကိုကိုသာမှန်ကန်နေရင် ငယ်လေး ခုလိုပြောနေစရာ ဘာအကြောင်းမှမရှိဘူး"

"မင်းကို တော်တော့လို့ပြောနေတယ်နော်"

"ဒီလိုအညှာတရမိန်းမကြောင့် ငယ်လေးကို အဲလိုမျက်စိနီကြီးနဲ့ မကြည့်နဲ့"

"အငယ်မ! "

"တော်ကြပါတော့. . . တော်ကြပါတော့. . . ဒီမိန်းမ အိမ်ကို မရောက်ခင်တည်းကကို ဒီလောက်ပြဿနာတက်နေတာ။ ရောက်လာခဲ့ရင်တော့ မတွေးရဲစရာပဲ။ ကဲ, အငယ်မလည်းတော်၊ မင်းလည်း မှတ်ထား။ ဒီလိုမိန်းမမျိုးကို မေမေလုံးဝလက်မခံနိုင်ဘူး"

"ဒါပေမဲ့ သား သူ့ကိုလက်ထပ်ရလိမ့်မယ်"

"ဘာ! "



"သူ့ကိုလက်ထပ်မှုဖြစ်မယ်"

ဟု သူက တစ်ဖွတ်ထိုး နှိုင်နှိုင်မာမာကြီးပြောပစ်လိုက်စဉ်တွင် မေမေရော ညီမလေးပါ သူ့ကို စိတ်ဝင်တစားကြီးကြည့်လာခဲ့ကြပါသည်။

ထိုအကြည့်ကို သူက ကောင်းကောင်းကြီးသဘောပေါက်သွားသဖြင့်. . .

"မဟုတ်ဘူး. . . ထင်နေသလိုမဟုတ်ဘူး"

"ဒါဆိုဘာလဲ"

"လောကမှာ လက်ထပ်ချင်ကြတာ ဘာကြောင့်လဲ"

ဟု သူက အမေးကို မေးခွန်းနှင့်တုံ့ပြန်လိုက်ပြန်ပါသည်။

"အဲလိုမေးရင် လူတိုင်းက ရုတ်တရက်ဆို ဖြေနိုင်ကြမှာမဟုတ်ဘူး။ ဘယ်သူတွေဘာပြောပြော သူ့ကိုလက်ထပ်မယ်လို့ဆုံးဖြတ်ပြီးပြီ။ နှိုင်နှိုင်မာမာကြီးမို့ မငြင်းပယ်ကြပါနဲ့။ ဒီတစ်ခုကလွဲလို့ မေမေ့စကားကို အားလုံးလိုက်နာနိုင်တယ်။ သူ့ကိုလက်ခံနိုင်အောင်ပဲ ကြိုးစားပေးပါလို့ မေမေ့ကိုတောင်းဆိုချင်တယ်။ မေမေဟာ သားအတွက် ကောင်းကင်ကြီးဆိုရင် သူက တိမ်တိုက်ပါ။ အဲဒီလောက်ဆို မေမေသဘောပေါက်ရောပေါ့။ အငယ်မ, မင်းကို ကိုကိုတစ်ခုပြောမယ်။ လူတိုင်းကို အကောင်းမြင်ဝါဒနဲ့ကြည့်တတ်ရင် လူတိုင်း အပြစ်ကင်းကြတယ်။ အဆိုးမြင်ရှု

ထောင့်ကဆိုရင်တော့ သေချာစရာကောင်းလောက်အောင်ကို အပြစ်များနေလိမ့်မယ်။ ဟုတ်လား"

ဟုဆိုကာ ကိုင်ထားသောသတင်းစာခေါက်ကို ဆက်တီစားပွဲပေါ်ပစ်တင်ကာ ထွက်သွားသော မရိုးအောင်ကြောင့် ဒေါ်မြင့်မြတ်ရင်ထဲ ပူထူသွားရပါသည်။

ထိုမျက်လုံးတွေ၊ ထိုစကားလုံးတွေက သိပ်ပြီးနိုင်မာနေပါလားဆိုတာ သိနေရပါသည်။

သူမ တကယ်ပဲ အဲဒီမိန်းကလေးကို ချွေးမအဖြစ် လက်ခံရတော့မှာတဲ့လား. . .

သူမ လက်ခံနိုင်ရဲ့လား. . .

လုံးဝလက်မခံနိုင်ဘူးဆိုတာ ရင်ထဲမှာ ခိုင်ခိုင်မာမာကြီးရှိနေရပါ၏။

ဒါဆို သူမ ဘာလုပ်သင့်သလဲ. . .

ပူပူထူထူမှာ ဘာလုပ်၍လုပ်ရမှန်းမသိနိုင်တော့ပါ။

□□□

## အခန်း (၃)

"စံချိန်မှီ၊ ရှင့်ကို ရုံးခန်းက ခေါ်နေတယ်"

ဟု လုပ်ဖော်ကိုင်ဖက်တစ်ယောက်က သတင်းပေးလာ၍ သူမမှာ အတွေးရောကျုပ်သွားရပါသည်။ သူမဘာမဟုတ်တာ လုပ်လိုက်မိသလဲ၊ Customer ကိုလည်း ပျူပျူငှာငှာဆက်ဆံပါတယ်။ ဒါမှမဟုတ် စျေးများပြောမိလို့လား. . .

ဒါလည်းမဖြစ်နိုင်ပါ။ အလုပ်ချိန်နောက်ကျလို့လား၊ ဒါဆိုလည်း အခုတလော သူမ စောစောရောက်နေတာပဲ။

ဒါဆို ဘာလဲ။ ကျွန်မအလုပ်ထုတ်တော့မလို့လား. . .

လားပေါင်းများစွာတို့နှင့် ရင်တထိတ်ထိတ်လာခဲ့ရာမှ နောက်ဆုံးမှာ အပေါ်ထပ်ရှိ မှန်ကာထားသောရုံးခန်းထဲသို့ ရောက်လာခဲ့ရပါသည်။

"မမ, မှီရောက်ပါပြီ"

ဟုအသိပေးလိုက်တော့မှ ညှိုသည်နှင့်စကားပြောနေသော ပိုင်ရှင်မမက မျက်ဝန်းလေးဝင့်၍ ကြည့်လာပါသည်။

ကြည့်စမ်းပါဦး. . . ထိုမျက်ဝန်းတွေ သူမအားကျရပါသည်။

သူမလည်း လက်အောက်ငယ်သားတစ်ယောက်ကို ထိုသို့ကြည့်ဖူးချင်လှပါသည်။ ထိုသို့မြင့်မြင့်မားမားနေရသောဘဝမျိုးကို စိတ်ကူးယဉ်ခဲ့ဖူးတာ အကြိမ်ကြိမ်အခါခါပါ။

သူမရဲ့လက်ရှိဘဝကို သူမ မကျေနပ်ပါ။

တစ်ပါးသူရဲ့ရှေ့မှာ ဒူးလေးကျုံ့ပြီး ရိုရိုကျိုးကျိုးမနေချင်ပါ။ သို့သော် ဘဝပေးအခြေအနေကြောင့် မလွှဲသာမရှောင်သာသဖြင့် ခုလို ဘယ်အချိန်ထိ သိမ်ငယ်စွာ ရပ်တည်ရမှာလဲ?

"မင်းက စံချိန်မှီလား"

အထက်စီးနင်းလေသံမျိုးနှင့်ပြောလာသော ခန့်ညား စမတ်ကျလှသည့် ဂုဏ်ရှိန်ရှိမည်ထင်ရသောအမျိုးသမီးကြီးရဲ့အမေးကို သူမက မျက်လွှာလေးချပြီး ရိုရိုကျိုးကျိုးပင်. . .

"ဟုတ်ကဲ့"

"အငယ်မ ပြောသလိုပဲ မင်းရုပ်ရည်က တကယ်ကို ဘာအဆင့်မှမရှိပါဘူး။ ကေနီမလွဲ, မင်းဟာ အရွဲ့အနွဲ့ကောင်းရမယ်"

သူမကို ဘာလိုင်းကြီးလာပုတ်ခတ်တဲ့အတွက် သူမ ဒေါသဖြစ်သွားရပါသည်။

စိတ်ထဲဖြစ်ပေါ်သည့်အတိုင်း ကက်ကက်လန်အောင် ရန်တွေ့ပစ်ချင်ပေမယ့် ဆိုင်ရှင်မနှင့် ထိုအမျိုးသမီးရဲ့ပတ်သက်မှုကို မသိသေးတဲ့အတွက် ကိုယ့်ထမင်းအိုးကို ကိုယ်မခွဲချင်၍ ဦးနှောက်နှင့် ချင့်ချိန်စဉ်းစားပြီး ဒေါသကို အပြုံးနှင့်ဖုံးကွယ်ထားလိုက်ပါသည်။

"မိမိရေ, အန်တီ သူနဲ့စကားနည်းနည်းပြောချင်တယ်"

"ဟုတ်ကဲ့၊ စံချိန်မှီ, မင်းကို ဒီနေ့အလုပ်ဆင်းခွင့်ပေးလိုက်ပြီ။ အိမ်ပြန်ခွင့်မဟုတ်ဘူး။ ဒီညှိုသည်ကို ညှိုခံဖို့"

ပိုင်လှချည်လား။

ဒီလောက်စည်းစနစ်ကျသည့် ဆိုင်ရှင်မမိမိလင်းကို ဩဇာလွှမ်းမိုးလှချည်လား။ ထိုအမျိုးသမီးကြီးက ဘယ်သူလဲ။ သူမဆီတည့်တည့်

ကြီးဝင်လာတာ သူမနဲ့ဘာပတ်သက်နေလို့လဲ။ စဉ်းစားမရပါ။

သို့သော် ထိုစကားလုံးအသုံးအနှုန်းများနှင့် ထိုပြက်လုံးတွေကြောင့် စကားကောင်းမဖြစ်နိုင်ဘူးဆိုတာတော့ လုံးဝရိပ်စားမိနေပါ၏။ ဘာလဲ. . .

ဘာလဲဆိုတာ မသိပေမယ့် ထိုအမျိုးသမီးကြီးဟာ ပါဝါရှိသူတစ်ယောက်ဆိုတာ အတတ်သိနေခဲ့ပါသည်။

ထိုအမျိုးသမီးကြီးက သူမကို သူမတို့ဆိုင်ဘေးမှ ကော်ဖီဆိုင်ကိုခေါ်သွားပြီး. . .

"မင်းစိတ်ထဲမှာ ဇဝေဇဝါဖြစ်နေလိမ့်မယ်. . . အန်တီက မရိုးအောင်ရဲ့မိခင် ဒေါ်မြင့်မြတ်ပါ"

သူမရင်ထဲ ထိတ်ခနဲဖြစ်သွားရပါသည်။

တစ်ခုခုဖြစ်တော့မယ်ဆိုတာသိနေပေမယ့် ဖြေရှင်းဖို့နည်းလမ်းကို ဦးနှောက်က လုံးဝတွေးမနိုင်လောက်အောင် ထူပူနေရပါသည်။

"အန်တီ, အခု မင်းနဲ့တွေ့ဖို့လာတာ တစ်နာရီကြာသွားပြီ။ မင်းနဲ့တွေ့ဖို့အချိန်ကို နှစ်နာရီသတ်မှတ်ထားတယ်။ အဲဒီနှစ်နာရီမှာ ငွေကြေးတွေ ဆယ်သိန်းပြီး နှစ်နာသွားပါတယ်လို့ပြောရင် မင်း, အန်တီတို့ရဲ့ပါဝါကို သဘောပေါက်မှာပါ။ အဲဒီအကြောင်းကို သိပ်ရှည်ရှည်ဝေးဝေး



ရှင်းပြနေဖို့မလိုဘူးလို့တော့ ထင်ပါတယ်။ အခုလောက်ဆို တို့မိသားစုရဲ့ပိုင်ဆိုင်မှုကို စုံစမ်းထားပြီးရောပေါ့"

"ကုန်တိုက်တွေ၊ မားကက်တွေရဲ့ပိုင်ရှင်ဆိုတာတော့ အစ်ကိုနဲ့အဆက်စပ်ပြီး သိနှင့်ပြီးပါပြီ"

"အဲဒါတွေကိုသိလို့ လက်ခံလိုက်တာလား"

"လက်ခံပြီးမှ သိတာပါ"

"ဒါဆို မင်းက ရိုးရိုးသားသားပဲ ရင်ဘတ်နဲ့တွေးပြီး လက်ခံခဲ့တာပေါ့။ ဟုတ်လား"

ခနဲ့သံပါတဲ့ ထိုလေသံကို သူမ မနှစ်သက်ပါ။ ဒါကြောင့်ပင် ရှုပြီး. . .

"သူက စကားအပြောင်းအစားစီးတယ်၊ ဟိတ်ဟန်ရှိတယ်၊ ချမ်းသာမယ်ထင်ပြီး လက်ခံလိုက်တာ"

"အဲလိုပွင့်ပွင့်လင်းလင်းပြောတော့ မေးခွန်းတစ်ခုလျော့သွားတာပေါ့။ မင်းမသိသေးတာ တစ်ခုရှိတယ်။ ပိုင်ဆိုင်မှုတွေအားလုံးဟာ မရိုးအောင်နာမည်နဲ့မဟုတ်ဘူး။ ခုချိန်ထိ ဒေါ်မြင့်မြတ်ရဲ့နာမည်နဲ့ပဲ။ အပြတ်စွန့်လိုက်ရင် ဗလာဖြစ်သွားမှာပဲ။ မင်းသဘောပေါက်တယ်နော်"

"မရိုးအောင်ဟာ ခပ်ညံ့ညံ့လူတစ်ယောက်မဟုတ်ဘူးဆိုတာ

ကျွန်မထက် အန်တီပိုသိမှာပါ"

"မင်းက ထင်ထားတာထက်, မကာအောင်ကို စေ့စပ်သေချာ လှချည်လား"

"အဲဒါကြောင့်လဲ မိဘမရှိ ပိုင်ဆိုင်မှုမရှိပါဘဲ ခုနစ်, နှစ်လုံးလုံး ခုလိုရပ်တည်နိုင်လာတာပေါ့"

"မင်းဟာ သိပ်ကြောက်စရာကောင်းတဲ့မိန်းမပါလား စံရှိန်ရို"

ဟု ရှုံ့မှုန်းသောမျက်မှောင့်တွန့်အကြည့်စူးစူးနှင့် သူမကိုစိုက်ကြည့်နေခြင်းကို သူမ ခါးသက်လှပါသည်။

"မင်း တကယ်ပဲ မရိုးအောင်ကိုလက်ထပ်တော့မှာလား"

လမ်းလွဲသွားသောစကားလုံးကြောင့် သူမအဖြေများကို ဆိုင်းငံ့ထားလိုက်မိသည်။ ဘာသဘောနဲ့မေးတာပါလိမ့်?

"အန်တီတို့ချမ်းသာမှုလေးကတော့ တကယ်တမ်းကျ ရယ်စရာလေးပါ။ မရိုးအောင်ထက်ချမ်းသာပြီး တော်တဲ့လူနဲ့ မင်း ထပ်တွေ့နိုင်သေးတာပဲ"

"ကျွန်မ, မရိုးအောင်ကိုလက်ထပ်မှာပါအန်တီ"

"ဘာ!"

"ကျွန်မ, သူ့ကိုလက်ထပ်မယ်လို့ပြောလိုက်ပြီ"



"ဒါက သဘောမတူဘူးဆိုရင်ရော"

"အဲဒါ အန်တီတို့မိသားစုအပိုင်းပါ။ ကျွန်မကတော့ မရိုးအောင် ရောက်လာခဲ့ရင် လက်ခံမှာပဲ"

"အပေါစားဆန်လိုက်တာ"

"ဟုတ်ပါတယ်၊ အန်တီတို့တွေးသလိုပဲ ကျွန်မက အပေါစားပါ။ အဲတော့ အပေါစားမနဲ့ ဝေးအောင်နေပေါ့။ ကျွန်မကတော့ ဂုဏ်နိမ့်မြင့်တဲ့လူ့ရှေ့ကနေ ထွက်သွားပါဦးမယ်။ ခွင့်ပြုပါဦးရှင့်"

ဟုသာ မော့မော့လေးဆိုကာ ထထွက်လာခဲ့ပါသည်။

မှတ်ထား ဒေါ်မြင့်မြတ်။ လူတိုင်းမှာ မာနရှိကြတယ်။ အသုံးဝင်တဲ့ရှယာဆိုတဲ့သတ္တဝါမှာလည်း သူ့အဆိပ်နဲ့သူတော့ ရှိကြတာချည်းပဲ။

သူမလိုလူမျိုးရဲ့မထီမဲ့မြင်ပြုခြင်းကို ခံလိုက်ရသည့်အတွက် ဆွေ့ဆွေ့ခုန်ကာ ခံပြင်းနေမယ့် ဒေါ်မြင့်မြတ်ရဲ့ရှုံ့တွတွမျက်နှာကို အတွေးထဲပုံဖော်ကြည့်ရင်း ကျေနပ်စွာပြုံးမိလိုက်ပါသည်။

သို့သော် ကျေနပ်မိရုံမှလွဲ၍ သူမရင်ထဲ မတင်မကျကြီးနဲ့ပါ။

"ဟယ်! ရှင်စောလှချည်လား"

ဟု တံခါးဖွင့်ဝင်ဝင်ချင်းမှာပဲ လမင်းက ပြောလာခဲ့ပါသည်။

သူမက ခါတိုင်းလိုပြန်မဖြေနိုင်တော့ပါဘဲ ထမင်းဘူးကိုသာ စားပွဲပေါ်ဖြစ်သလိုတင်ပြီး ရေခဲသေတ္တာကိုဖွင့်ကာ အေးစိမ့်နေသောရေဘူးကိုဖွင့်ပြီး မော့ချပစ်လိုက်ပါသည်။

"ရှင်ဘာဖြစ်လာတာလဲ စံချိန်မို"

"ညစ်လာတာ"

"ရှင့်အစ်ကိုနဲ့မတွေ့ရလို့လား"

"ဟုတ်မယ်မထင်ဘူး"

"ရှင်ဖွင့်ပြောလေ, ခံစားပေးလို့ရတာပေါ့။ စာမူအတွက် ကုန်ကြမ်းတွေ လိုနေတာနဲ့အတော်ပဲ"

"သူ့အမေ,ဒီနေ့ တို့ကိုလာတွေ့တယ်"

"ဘုရားရေ! မရိုးအောင်ရဲ့အမေက"

"အင်း"

"သာမန်ဇာတ်လမ်းတွေထဲကလို အလွှာမတူတော့ သဘောမတူဘူး နောက်ဆုတ်ဖို့ပြောမယ်။ ငွေကြေးနဲ့ပေါက်မယ်"

"အဲဒါမျိုးလည်း မဟုတ်ပါဘူး"

"အဲဒါဆို ရှင့်မျက်နှာက ဘာဖြစ်နေရတာလဲ။ ပြောလိုက်တော့လေ"



"သဘောမတူတာလည်းဟုတ်တယ်၊ နောက်ဆုတ်စေချင်တာလည်းပါတယ်။ ဒါပေမဲ့ ငွေကြေးတော့မပါဘူး"

"ဒါဆို မဆိုးသေးဘူးဘဲ"

"တို့ဘာလုပ်ရမလဲ လမင်း"

"အကယ်၍ သူ ငွေကြေးဘယ်လောက်ပဲပေးပေး မရပ်နဲ့ သိလား။ အက်ဒီးကားထဲကလိုပေါ့ဟာ။ ဂူချန်ဖြိုးရဲ့အမေက ဂင်ဂျန်ဒီကို ငွေအများကြီးပေးတယ်။ ဂျန်ဒီက လက်မခံဘူး။ လက်ခံလိုက်ရင် ဂူချန်ဖြိုးနဲ့ဝေးပြီပေါ့။ လက်မခံလိုက်ဘဲ တင်းခံလိုက်တော့. . . နောက်ဆုံးမှာ မကုန်နိုင်တဲ့ငွေကြေးတွေရော၊ လုပ်ငန်းတွေရော၊ မင်းသားလေးကိုပါ ပိုင်ဆိုင်ရတယ်လေ"

"တစ်ခါတစ်ရံမှာ တို့ မင်းကိုသိပ်အားကျတာပဲ လမင်း"

"အထူးအဆန်းပါလား"

"မင်းက အမြဲပဲ ဝတ္ထုဇာတ်ကောင်တွေကြားမှာ လန်းဆန်းတက်ကြွနေတယ်။ တို့တွေကတော့ အဆင်မပြေမှုတွေကြားမှာ ဟန်ဆောင်ခြင်းတွေနဲ့ဖုံးဖိရင်း ဘဝကို အရောင်တွေနဲ့ရပ်တည်ရတယ်"

"အဲဒါက ရှင့်ရဲ့ခံယူချက်ပါ။ တကယ်တမ်းကျတော့ ဘဝတိုင်းဟာ ကိုယ်စီခက်ခဲကြတာချည်းပဲ။ ဆင်းရဲတဲ့လူတွေကျတော့ ငွေကြေး

ကြောင့် ခက်ခဲတယ်။ ချမ်းသာတဲ့လူတွေကျတော့ လှုပ်ရှားရေးကြောင့် ခက်ခဲကြတယ်။ အောင်မြင်ချင်တဲ့လူတွေကျတော့ နှောင့်နှေးမှုကြောင့် ခက်ခဲကြတယ်။ လူလတ်တန်းစားတွေကျတော့ အလိုမပြည့်ခြင်းကြောင့် ခက်ခဲကြတယ်။ အဲ, ငါကကျတော့ မတူညီတဲ့ဇာတ်ကောင်စရိုက်မျိုးစုံကြောင့် ခက်ခဲရတယ်။ အမျိုးမျိုးပေါ့ဟာ"

"အားလုံးထဲမှာ တို့ဘဝက ပိုလို့လေးပင်နေသလိုပဲ"

"လူတိုင်း ဒီလိုပဲယူဆကြတာပါပဲ"

"အခု တို့စိတ်ထဲမှာ ဘာတွေဖြစ်နေသလဲ။ ကိုယ်တိုင်ကို နားမလည်နိုင်တော့ဘူး"

"ရှင်, မရိုးအောင်ကိုလက်ထပ်မှာလား"

"အင်း, လက်ထပ်မှာ၊ တကယ်ပါ"

သူမအဖြေက နိုင်မာလွန်းလှ၍ လမင်းမှာတော့ သူမရဲ့နိုင်မာမှုကို အပြုံးလေးနှင့်ပဲ ထောမနာပြုနေလိုက်တော့၏။

☐☐☐

## အခန်း (၄)

"တို့မမေကို သွေးတက်အောင်လုပ်လိုက်တဲ့ စံချိန်မှီဆိုတာ နင်လား"

ဟု သူမကိုပိုင်စိုးပိုင်နင်းပင် ရုံးခန်းထဲခေါ်ပြီး အထက်စီးနင်းလေသံနှင့်ပြောလာသော သူမနှင့်သက်တူရွယ်မျှရှိမည်ထင်ရတဲ့ ခပ်ချောချောမိန်းကလေးကို သူမက စူးစမ်းစွာစိုက်ကြည့်လိုက်မိပါသည်။

မရိုးအောင်ရဲ့ညီမပါပဲဆိုတာ ထပ်ပြောနေစရာမလိုလောက်အောင်ကို အဲဒီနှုတ်ခမ်းတွေ၊ မျက်လုံးတွေက သက်သေခံနေရပါ၏။

ဒါဆို 'ဒီဗိုင်နာငယ်လေး'ဆိုတာပေါ့။

"သိပ်အံ့ဩတယ်။ ကိုကိုဟာ ဘယ်လိုမျက်စိနဲ့ ရှုဝ့်ကိုရွေးချယ်လိုက်တာလဲဆိုတာ လုံးဝကိုနားမလည်နိုင်ဘူး"

ပက်ပက်စက်စက်နှိပ်စက်နေတာပဲဆိုတာသိပေမယ့် ခေါင်းငုံ့ကာ ငြိမ်ခံနေလိုက်ရပါသည်။ သို့သော် အမျိုးသမီးနှစ်ယောက်ရဲ့အကြည့်စူးစူးနှစ်ခုကတော့ ရင်ခွင်လယ်တွင် ပြင်းပြင်းထန်ထန်ကြီးပင် တိုက်ပွဲတစ်ခု ဆင်နွှဲနေခဲ့ရပါသည်။

"ရှင် ခုချိန်မှာနောက်ဆုတ်မယ်ဆို အချိန်ရသေးတယ် စံချိန်မီ"

"တို့ကိုအမိန့်ပေးနေတာလား"

"ရှင်လိုတာ ငွေမဟုတ်လား။ ရှင်ဘယ်လောက်လိုချင်သလဲ"

"ဘီလျံနဲ့ချီပြီး လိုချင်တယ်"

"ရှင်က အဲလောက်တန်လို့လား"

"ရှင့်အမေရယ်၊ ရှင့်အစ်ကိုရယ်၊ ရှင်တို့မိသားစုရဲ့အေးချမ်းမှုနဲ့ယှဉ်ရင်တော့ နည်းနည်းလေးပါ"

"တောက်! မိုက်ရိုင်းလိုက်တာ"

"တို့က အညတရလမ်းပေါ်က သူဆင်းရဲမပဲ။ အထက်တန်းလွှာတွေလို စကားပြောတော့ ယဉ်ကျေးမြင့်မြတ်မှာမဟုတ်ဘူး"

ဟုပင် ရွဲ့ပြီးပြောပစ်လိုက်မိ၏။



အလုပ်ရှင်မိမိလင်းရဲ့အရှေ့မှာမို့လည်း ဂရုမစိုက်နိုင်တော့ပါ။ စူးရဲပိုင်နိုင်လှသည့် ထိုမိန်းမယုတ်ရဲ့မျက်လုံးရိုင်းများကြောင့် ငယ်လေးရင်ထဲ နိုးလို့ခုလုကြီးခံစားနေရပါသည်။

ထိုမျက်လုံးရိုင်းများက အဆိုင်အမာခံဖြတ်ချက်နှင့် တစ်ဖွတ်ထိုးတိုးဖို့ သူမကိုစိန်ခေါ်နေသယောင်။

"ရှင့်ကိုတစ်ခုတော့ပြောလိုက်မယ် စံချိန်မှီ၊ ရှင်ဘယ်တော့မှ နောင်တမရပါစေနဲ့။ ကဲ, ဗီး တို့ပြန်မယ်။ ဘာမဟုတ်တဲ့လူအတွက်နဲ့ အချိန်တွေကို အဲလောက်သုံးလိုက်မိတာ တို့အတွက် တော်တော်နစ်နာနေပြီ။ သူတို့လိုလူမျိုးအတွက် တစ်နာရီဆိုတာ အပျင်းနဲ့ကုန်ဆုံးနေပေမယ့် တို့တွေအတွက်တော့ သိပ်တန်ဖိုးရှိတယ်"

ဟု မော်ကြွားကြွားပင်ဆိုကာ လှပသောဒီဇိုက်ကလေးကို နူရှလှပါချည့်ဆိုတဲ့ လက်ချောင်းမှုမှုလေးများနှင့်ကောက်ကိုင်ကာ ကြွကြွရွရွလေး ထွက်သွားတော့မှ. . .

"စံချိန်မီ"

"ဟုတ်ကဲ့မမ"

ဒီလိုခေါ်ရတာလည်း ခါးသက်လှပါသည်။

ကိုယ်နှင့်သက်တူရွယ်တူကို ရိုသေသမှုနဲ့ မမတဲ့လေ။

“ရှင်နောက်ဆုတ်လိုက်ရင် ကောင်းမယ်ထင်တယ်။ ဆောရီး နော်. . . တို့အမြင်ကိုပြောတာပါ။ ရှင်ရဲ့ကိုယ်ရေးကိုယ်တာကို စွက်ဖက်ချင်လို့မဟုတ်ဘူး။ စေတနာနဲ့ပါ”

“ဟုတ်ကဲ့ မိုနားလည်ပါတယ် မမ”

“ငယ်လေးတို့မိသားစုက တစ်ယောက်ကိုတစ်ယောက် သိပ်ပြီးဂရုစိုက်ကြတာ။ ပြီးတော့ အန်တီရဲ့ဩဇာက လွှမ်းမိုးတယ်။ ပြီးတော့ သာမန်ထက်ပိုပြီး အဆင့်ခွဲတယ်။ သူတို့က မျိုးရိုးစဉ်ဆက်ကို မိသားစု အဆင့်အတန်းမှီပြီး ချမ်းသာလာခဲ့ကြတာကိုး။ အထူးသဖြင့် တို့ရဲ့ friend ငယ်လေးပဲ။ သူက သူ့အစ်ကိုကို သိပ်တိုတာ”

“ဟုတ်ကဲ့။ အဲလိုပြောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်မမ”

ဟုသာပြောပြီး ရင်ထဲမှာ နေမကောင်းခြင်းများစွာတို့နှင့် ရုံး ခန်းထဲမှ ငုံ့လျှိုးလေးထွက်ခဲ့ရပြန်ပါသည်။

ဒီဘဝမျိုးထဲက ဘယ်အချိန်များမှ ရုန်းထွက်နိုင်မှာတဲ့လဲ?

□□□

## အခန်း (၅)

“ရှိုင်းလိုက်တာ၊ ရှိုင်းလိုက်တာ. . . အဲလိုမိန်းမမျိုးနဲ့ ငယ်လေးရဲ့ကိုကိုကို လုံးဝသဘောမတူနိုင်ပါဘူး”

“မင်းက သူ့ကိုဘာသွားပြောမှန်းမှမသိတာ”

“ကိုကိုနဲ့လမ်းခွဲဖို့ကို ဘီလျံနဲ့ချီပြီး တောင်းတယ်။ အဲလိုလူမျိုးကို ငယ်လေးက ရန်မတွေ့လို့ ထိုင်ရှိခိုးပြီး ပြန်လာရမှာလား”

“သားရယ်, နောက်ဆုတ်လိုက်ပါတော့လား။ မရောင်ကတောင် ပြဿနာတွေ ဒီလောက်များနေတာ။ မေမေတို့ကို မီးတောက်ထဲမှာနေ စေတော့မလို့လား သားရယ်”

"မေမေကလည်းဗျာ"

"မဗျာနဲ့ သား၊ မေမေ့ကိုလည်း ရန်တွေ့လိုက်တာ ကက်ကက်လန်နေတာပဲ။ အဆင့်အတန်းကို နှိမ့်ကျလွန်းတယ်။ ဘာတဲ့! ကားအကောင်းစားစီးပြီး ဟိတ်ဟန်ရှိလို့ ချမ်းသာမယ်ထင်ပြီး လက်ခံလိုက်တာဆိုပဲ။ ကြည့်စမ်း! ဘယ်လောက်ထိရိုင်းပျသွားသလဲ"

"သူက ရိုးရှင်းပွင့်လင်းလို့ အမှန်အတိုင်းပြောတာပဲ။ လိမ်ပြောရင်လည်း မေမေက စိတ်တိုပြန်မှာပဲမဟုတ်လား"

"ဒီလောက်ဂုဏ်မက်တဲ့မိန်းမမျိုးကို သား တကယ်ပဲ. . ."

"တော်တော်များများမိန်းမတိုင်းဟာ ဒါကိုချင့်ချိန်ကြမှာပဲ မေမေ၊ သူတို့က အားကိုးချင်ကြတာပဲ၊ အခု မေမေပဲကြည့်လေ။ သားကို ဂုဏ်ရှိတဲ့မိန်းမနဲ့ပဲ လက်ထပ်စေချင်တာမဟုတ်လား"

"သွားပြီကိုကို။ ကိုကို ဆေးမိနေပြီ"

"သမီးအငယ်မ၊ ဆေး. . . ဆေးသွားယူစမ်း"

ဟု မေမေက မျက်လုံးလေး မှေးကျဉ်းစွာပြောလာ၍ သူတို့မှာ ပျာသွားရပါသည်။

"မေမေ"

"တော်ပါ သားရယ်။ မင်းလုပ်ချင်ရာကိုသာ လုပ်လာခဲ့ပါ။



ငါ့ကို မင်း အမေရယ်လို့ ကြီးကြီးမြတ်မြတ်မသတ်မှတ်ထားပါဘူး"

"ဟာ. . . မေမေကလည်း"

"မဟာနဲ့၊ ငါ့အပေါ်ဒီလိုရိုင်းပျတဲ့မိန်းမကိုမှ တမ်းတမ်းစွဲဖြစ်နေရတာ မင်းမျက်စိထဲမှာ ငါ့ကို မြူမှုန်လောက်တောင် တန်ဖိုးမထားလို့ပဲ မရိုးအောင်"

"မေမေ သားကိုအဲလိုမပြောပါနဲ့"

"အဲလိုပြောတာ မခံချင်ရင် အဲဒီကောင်မလေးကို အဆက်ဖြတ်"

"မေမေ့ကိုပြန်ပြောလို့ ရိုင်းလို့ မနှစ်သက်တာမဟုတ်လား။ ရတယ်မေမေ။ အဲဒါကို သားဖြုဖြင်ယူပါ့မယ်"

"မရိုးအောင်"

"မေမေ သိလား၊ သားရင်ထဲမှာ သူက နေရာအများကြီးယူသွားပြီ"

ဟူသော အသည်းအသန် သူမကို ခါးသက်နေကြသော မေမေကို အဲလိုကြီးပြောချပစ်မိပါတော့သည်။

မေမေ စိတ်မကောင်းကြီးစွာဖြစ်နေမှာပဲဆိုတာသိပေမယ့် သူ မတတ်နိုင်ပါ။

သူမကိုသိပ်ချစ်နေမိခဲ့ပြီ မဟုတ်ပါလား။

သူ့ကို မျက်လုံးကြီးပြူးပြီးမှသာ မမိုတ်မသုန်စိုက်ကြည့်နေခဲ့ပါသောမေမေ့ကြောင့် စိတ်မကောင်းဖြစ်ရပါသည်။

သိပ်ချစ်ရပါသောမေမေနှင့် ညီမလေးရဲ့ခါးသက်မှုကြောင့် နိုင်မာမှုတွေက ယိုင်နဲ့နဲ့ဖြစ်လာခဲ့ရပေမယ့် အားတင်းလိုက်မိပါသည်။ ဒါအစပိုင်းမို့ပါ။ နောက်တော့ တဖြည်းဖြည်းအဆင်ပြေသွားမှာပါဟု ကိုယ့်ကိုယ်ကို စိတ်ရှုပ်ထွေးစွာ အားပေးနေမိသည်။

သူမကိုချန်ထားခဲ့ဖို့တော့ လုံးဝမဖြစ်နိုင်ပါ။ မေမေ့ရဲ့သဘောထားကြောင့်တော့ သူမကိုချန်မထားရစ်နိုင်ပါ။

သူမကိုသိပ်ချစ်ရပါသည်။ အသည်းနှင့်အောင် ရင်ထဲက စွဲစွဲလန်းလန်းချစ်ရတာပါ။

မေမေကြောင့် သူမကိုသာ လက်မထပ်ဖြစ်ခဲ့ပါလျှင် သူ တစ်သက်လုံးနောင်တရ၍ ဆုံးတော့မည်မဟုတ်။

သူမဟာ သူမဟုတ်သော တခြားလူတစ်ယောက်၏ဇနီးဆိုတာမျိုးကို သူ့အတွေးထဲမှာပင် ထိတ်လန့်နေရပါ၏။

သူမကိုလက်ထပ်မယ်။ သူမကို သူ တစ်ဖွတ်ထိုးသာ လက်ထပ်ပါမယ်ဆိုလျှင် မေမေက လက်ခံနိုင်ရမှာပေါ့။



လောလောဆယ် အဆင်မပြေဖြစ်နိုင်ကြသော်လည်း သူမ၏ သိမ္မာပါးနပ်မှုတို့ကြောင့် နောင်အခါ ကလေးတွေရလာခဲ့လျှင် မေမေက အော်တိုမစ်တစ် သူမကိုချစ်သွားမှာပဲဟု သူ့ရင်ထဲမှာ ခိုင်ခိုင်မာမာကြီး ယုံကြည်နေမိပါသည်။

သို့သော် လောလောဆယ် ဒီပြဿနာကို သူဘယ်လိုညှိနှိုင်းဖြေရှင်းရမှန်း တွေးမတတ်နိုင်ပါ။ သို့သော် အဆင်ပြေအောင်တော့ အကောင်းဆုံးလုပ်ရမှာပဲဟုတွေးမိပြီး သူမထံသို့ ကားမောင်းကာ ထွက်လာခဲ့တော့ ထမင်းချိုင့်လေးဆွဲ၍ တံခါးလေးဟကာ ထွက်လာခဲ့သော သူမကို ချစ်စဖွယ်လေးတွေ့လိုက်ရပါသည်။

"မို"

"အစ်ကို ဘယ်တုန်းက ရောက်နေတာလဲ"

"သိပ်မကြာသေးဘူး။ မို့အလုပ်ဆင်းမယ့်ချိန်ထိ စောင့်နေတာ"

"လှမ်းအသိပေးလိုက်တာမဟုတ်ဘူး။ အဲဒါဆို သိမ်းဆည်းတာကို မို သွက်သွက်လက်လက်လုပ်မှာပေါ့"

"ကားပေါ်တက်"

"ဘယ်သွားမှာလဲဟင်"

"ကမ္ဘာဆုံးတဲ့ထိ ခေါ်သွားမယ်ဆိုရင်ရော လိုက်မှာလား"

"အစ်ကိုလက်ကိုသာ တွဲထားရမယ်ဆိုရင် ကြေဝဠာထက် ဝေးလည်း ရတယ်"

"မင်းဟာ တခြားလူတစ်ယောက်ရဲ့ဇနီးအဖြစ် ကိုယ် လုံးဝ မတွေးထုံ့ဘူး။ အဲလိုစဉ်းစားမိလိုက်ရင် ကိုယ် ရင်တွေထုပူပြီး နာကျင်လာတယ်"

"အစ်ကို မှီကိုချစ်ထားဖို့ စဉ်းစားနေပြီလား"

ဟု ငိုမဲ့မဲ့လေးပြောလာသောမှီကြောင့် သူ့ရင်ထဲမှာ နုံးချိသွားရပါသည်။

"ကိုယ်အဲလိုပြောမိသေးလို့လား မှီရယ်"

"သိဘူးလေ၊ အစ်ကို့စကားကြီးက"

"ဘယ်သူတွေဘာပြောပြော ကိုယ်, မှီကိုလက်ထပ်မှာပါ"

"အစ်ကို့အမေက တားတယ်မဟုတ်လားဟင်"

"အခိုက်အတန့်ပါ။ အဆင်ပြေသွားရင် ဒါတွေဟာ ပုံပြင်ပဲ ဖြစ်သွားတော့မှာ"

"အစ်ကို့အမေနဲ့ညီမက မှီ့ဆီလာတယ်"

"မှီ ဘာဖြစ်လို့ အဲလိုရန်တွေ့လွှတ်လိုက်ရတာလဲ"



"အစ်ကိုက မှီ့ကို အဲလိုအပြစ်ပြောတယ်"

"အဲလိုမဟုတ်ပါဘူး မှီရယ်။ အခုချိန်မှာ အားလုံးအဆင်ပြေအောင် အတတ်နိုင်ဆုံးချိုးနှိမ်ထားတာ ပိုအဆင်ပြေမှာမို့ပါ"

"မှီဟာ ပန်းတစ်ပွင့်ဆိုတာထက် မှိုတစ်ပွင့်ဆိုရင် ပိုမှန်မယ် အစ်ကို။ ပန်းဆိုရင်တော့ သူတို့က အမြတ်တနိုးနဲ့ အနည်းဆုံး ငုံ့မွှေးကြည့်ချင်ကြမှာပဲ။ အခုတော့ မှိုပွင့်မို့ ကိုင်လိုက်ရင်တောင် အဆိပ်ဖြစ်မှာ ကြောက်နေကြတယ်။ မှိုပွင့်ကိုသုံးတတ်ရင်တော့ ဆေးပေါ့။ မသုံးတတ်ရင်တော့ ကြီးမားတဲ့အဆိပ်ဖြစ်သွားနိုင်တယ်"

"မှီနဲ့ မေမေတို့ကြားမှာ အဲလိုကြီးမဖြစ်စေချင်ဘူး"

"မှီကလည်း မဖြစ်ချင်ပါဘူးအစ်ကို"

"မှီ လိမ္မာပါကွာ။ ကိုယ့်မေမေကို မှီ့မေမေလိုပဲသတ်မှတ်ပေးပါ။ ကိုယ်ပျော်ရွှင်ချင်လို့ပါ"

"မှီ အစ်ကို့ကိုပျော်ရွှင်စေချင်ပါတယ်။ အစ်ကိုသာချစ်လျှင် မှီ့ကို အကောင်းနိုင်ဆုံးလုပ်ပါ။ မှီကြိုးစားပါ့မယ် အစ်ကို"

"ကျေးဇူးတင်ပါတယ် မှီ။ မှီက အဲလိုလိမ္မာတော့ ကိုယ်ကအနစ်သတိုးပြီး မှီ့အပေါ်ကောင်းပါ့မယ်"

"အစ်ကို့ကို မှီက အားကိုးယုံကြည်ပြီးသားပါ"

"ကိုယ်နဲ့မို့ပေါင်းပြီး လုပတဲ့နေ့သစ်လေးတွေကို ဖန်တီးကြရအောင်"

"ဘယ်တော့လဲဟင်"

"ကိုယ် ဒီနေ့ပဲ ဆီဒိုးနားမှာ ဘွတ်ကင်သွားလုပ်မှာမို့ မို့ကိုလာခေါ်တာ"

"တကယ်"

"ပြီးတော့ လှပတဲ့သတို့သမီးဝတ်စုံကိုရွေးမယ်"

"အစ်ကို"

"ပြီးတော့ နာမည်ကြီးဓာတ်ပုံဆရာဆီ သွားမယ်"

လုံးဝထင်မှတ်မထားခဲ့၍ ကြည့်နူးခြင်းတို့က နှလုံးသွေးကြောထဲ ခွတ်ပျံ့သွားရကာ မရိုးအောင်ရဲ့မေးရိုးကားကားကိုသာ ဖျတ်ခနဲမွေးလိုက်မိသည်ထင်ပင်။

"ဒီကောင်မလေး လူကိုရင်ခုန်အောင်လုပ်တယ်"

တဲ့လေ။ ဘယ်လောက်ထိ ချစ်ခင်အားကိုးဖို့ကောင်းတဲ့လူကြီးလဲလို့။

□□□

## အခန်း (၆)

အောင်မြင်စွာပြီးဆုံးသွားသော မင်္ဂလာပွဲကြီးတွင် သုန်မှုန်နေသောမျက်နှာထားနှင့် ထိုသားအမိနှစ်ယောက်ကို ရင်ထဲက တိတ်တိတ်ကလေး ကျေနပ်ရပါသည်။

ဂုဏ်မက်သူများကို အခုလို အနိုင်ယူခွင့်ပေးသည့်အစ်ကို့ကိုလည်း သိပ်ကျေးဇူးတင်မိပါသည်။

အစ်ကိုသာလျှင် သူမဘဝရဲ့ကိုးကွယ်ရာဟုလည်း သတ်မှတ်မိသွားပါသည်။

မင်္ဂလာအခမ်းအနားမှ အိမ်သို့ပြန်ရောက်လာသည်တွင် စိတ်

ရှုပ်ထွေးမှုက စတင်ပါတော့သည်။

"ဟင်!"

အိပ်ခန်းတံခါးရွက်ကိုဖွင့်လိုက်သည်နှင့် အစ်ကို့ရဲ့မျက်နှာမှ အံ့ဩမှုများက လုံးဝစတင်လာရပါသည်။

သူမလည်း အံ့ဩရတော့ပါပဲ။ မင်္ဂလာကို ကြီးကျယ်တဲ့ခမ်းမ တစ်ခုမှာ ကျင်းပခဲ့ပြီးမှ သူမတို့ရဲ့မင်္ဂလာဦးအိပ်ခန်းက သာမန်ရိုးရှင်းစွာပင် ခေါင်းအုံးနှစ်လုံး၊ ဖော်လုံးတစ်လုံး၊ စောင်တစ်ထည်။

"ဒါဘယ်လိုဖြစ်ရတာလဲ"

"ကြိုဆိုတာက မလှပလိုက်တာအစ်ကိုရယ်"

"မဟုတ်ဘူး မို့၊ မို့က ကိုယ့်အတွက် အဖိုးမဖြတ်နိုင်တဲ့သတို့သမီးလေးပါ။ မို့ကို ကိုယ် ခမ်းခမ်းနားနားကြိုဆိုဖို့စီစဉ်ခဲ့တာပါ။ ဘယ်လိုဖြစ်ရတာလဲ"

"အစ်ကိုက သေချာမအပ်ခဲ့ဘူးလား"

"မို့ခဏနော်"

ဟုဆိုကာ သူက မို့ကို အခန်းထဲမှာထားခဲ့ပြီး ထွက်လာခဲ့ပါသည်။

"ဒေါက်! ဒေါက်!"



"ကိုကိုလား"

တံခါးခေါက်သံကြားသည်နှင့် ကိုကိုလားဟုတပ်အပ်ပြောနိုင်လောက်တဲ့ထိ အသိဉာဏ်ကို ညီမလေး ဘယ်တုန်းက ကျင့်ယူလိုက်တာလဲ။

သူက တံခါးကိုတွန်းဖွင့်ကာ ဝင်လိုက်တော့ ညီမလေးကို မှန်တင်ခုံရှေ့မှာ တွေ့လိုက်ရပါသည်။

"အငယ်မ, မင်းဘာယ်လိုလုပ်လိုက်တာလဲ"

"ဘာလုပ်လို့လဲ"

"မင်းပဲ မင်္ဂလာအိပ်ခန်းကို တာဝန်ယူပါမယ်လို့ပြောတော့ ငါ့မှာ အဟုတ်မှတ်ပြီး စိတ်လွတ်ကိုယ်လွတ် အရူးတစ်ပိုင်းလိုပျော်လိုက်ရတာ"

"ပြင်ထားတာပဲလေ။ ကိုကိုမတွေ့ဘူးလား"

"ဘယ်မှာပြင်ထားလို့လဲ။ ခါတိုင်း ကိုကိုအိပ်နေကျပဲဟာ"

"ကိုကို သဘောမပေါက်ဘူးလား။ သူဟာ ဒီမိသားစုအတွက် အရေးမပါ,ပါဘူးဆိုတာ ပြလိုက်တာပဲ"

"အငယ်မ မင်း အဲလိုတော့မလုပ်သင့်ဘူး"

"သူတို့လိုသာမန်ငမွဲတွေ မင်္ဂလာဆောင်ရင် မင်္ဂလာအိပ်ခန်း

ဆိုတာ ငယ်လေးတို့ရဲ့ပေါင်းစွမ်းနေတဲ့ အိပ်ရာခင်းတစ်ထည်စာလောက်တောင် မတောက်ပြောင်ပါဘူး။ ကိုကို့ရဲ့သာမန်အိပ်ခန်းဆိုတာ သူ့အတွက် နတ်ဗိမ္မာန်ကြီးပါ"

"ဘာပဲဖြစ်ဖြစ် သူဟာ ဒီမိသားစုဝင်ဖြစ်လာပြီပဲ။ ပြီးတော့ မင်းနဲ့သူဟာ ကိုကိုနဲ့ပတ်သက်ပြီး အမျိုးတွေ. . ."

"တော်ပါ၊ တော်ပါတော့ မပြောပါနဲ့၊ အဲဒီစကားလုံးကို ခါးသက်လွန်းလို့ပါ။ မှတ်ထား ကိုကို။ သူ့ရဲ့အရည်အချင်းဟာ အိမ်ဖော်အဆင့်မှာပဲရှိတယ်။ အဲတော့ သူဟာ ဒီအိမ်ရဲ့အိမ်ဖော်ပဲ"

"အငယ်မ! "

"ကိုကိုအော်စရာမလိုပါဘူး။ သူ့အတွက်နဲ့ အဲလိုအော်စရာမလိုပါဘူး။ ငယ်လေးကို ကိုကို ဘယ်တုန်းက အဲလိုကြမ်းကြမ်းပြောခဲ့ဖူးလို့လဲ"

"မေမေကတော့ မေမေ့ဖို့ ထားတော့။ ဒါပေမဲ့ မင်း, သူ့ကိုကောင်းကောင်းဆက်ဆံပါ"

"လာခြင်းကောင်းတဲ့ ပတ်သက်မှုမျိုးဆိုရင်တော့ ဟုတ်တာပေါ့"

အခြေအတင်ဖြစ်နေသော မောင်နှမနှစ်ယောက်ရဲ့အသံတွေကို မသဲမကွဲကြားနေရပါသည်။

သူမ သိလိုက်ပါပြီ။

သူမကို ယောက်မ မတော်ချင်နေသည့် သူမရဲ့ရွှေယောက်မရဲ့လက်ချက်ပဲဆိုတာကိုပေါ့။

"ဘာရုပ်လုပ်နေတာလဲ"

အမိန့်သံတစ်ခုက နောက်နားဆီမှထွက်ပေါ်လာ၍ သတိလက်လွတ်တွေးနေမိတဲ့ မသိစိတ်တို့က ဘယ်လွင့်စင်ကုန်သည်မသိ။

တကယ်တမ်းတော့ သူမကလည်း တစ်ပါးသူအရိပ်အောက်မှာခိုလှုံနေမြို့မို့ အရှင်သခင်များကိုတော့ ရှိန်နေမိသားပင်။

"တို့အိမ်မှာနေရင် အဲလိုစပ်စပ်စုစုမျိုးကိုမကြိုက်ဘူး။ ကိုယ့်နေရာနဲ့ကိုယ်နေပါ"

ဟုသာ မာထန်ထန်ကြီးဆိုပြီး သူမကိုဖြတ်ကျော်သွားသောကြောင့် သူမမှာတော့ မှင်တက်စွာရပ်နေမိခဲ့ပါသည်။

ဘယ်လိုကြီးတွေလဲ. . .

ထိုစကားလုံးများက သူမက ဘယ်အဆင့်မှာလဲ. . .

တအံ့အတွေးလေးက သူမရဲ့စိတ်ကိုသိမ်ငယ်သွားစေပါသည်။

သို့သော် အို! ဘာဖြစ်လဲ။ ဝါက မရိုးအောင်ရဲ့ခမ်းခမ်းနားနားလက်ထပ်

ခြင်းကိုခံထားရတဲ့ တရားဝင်ဇနီးပဲဆိုသည့်အတွေးက သူမရင်ကို အား ဖြစ်စေပါသည်။

ဒါကြောင့် မရိုးအောင်ရဲ့လက်မောင်းကို နိုင်မာစွာတွဲ့ခို့ထားဖို့ သာ အခိုင်အမာတွေးမိပါသည်။

"ဟင်! မို"

သူ အငယ်လေးအခန်းထဲမှထွက်ထွက်ချင်းမှာပဲ တံခါးဝတွင် ငူငူကြီးရပ်နေသောမို့ကိုတွေ့လိုက်ရ၍ ဘာပြောရမည်ပြောရမှန်းမသိဖြစ်သွား ရပါသည်။

သူနှင့်အငယ်မပြောနေတာကို မို့ကြားသွားပြီလား။ ဒါဆို မို့ နဲ့ အငယ်မရဲ့ဆက်ဆံရေးက ပိုမိုဆိုးရွားနိုင်သွားပြီပေါ့။

"လူကို ဘာလို့ပြူးကြည့်နေရတာလဲ"

"မို ရပ်နေတာကြာပြီလား"

"အင်း"

"မို မပင်ပန်းဘူးလား။ အခန်းထဲမှာ နားနေတာမဟုတ်ဘူး"

"အစ်ကိုမရှိရင် မို့အတွက် အဲဒီအခန်းက ခြောက်ကပ်လို့"

ဟု သူမက မူနွဲ့စွာဆိုလိုက်သည်တွင် မရိုးအောင်က သူမပခုံး လေးကို ညင်သာစွာတွေးပွေ့ပြီး အခန်းထဲသို့ခေါ်ဝင်လာခဲ့ပါသည်။



"မို့စိတ်ထဲမှာ တွေးတယ်။ အစ်ကိုပြောသလိုပဲ တစ်နေ့နေ့ တော့ အဆင်ပြေလာရမယ်လို့"

"မို့ရင်ထဲမှာ နေလို့ကောင်းရဲ့လား"

"တစ်မျိုးကြီးပဲ။ ဒါပေမဲ့ အစ်ကိုရှိနေရင် ရပါတယ်"

"ကိုယ်, မို့ဘေးမှာ ထာဝရရှိနေမှာပါ"

"ဘာပဲဖြစ်ဖြစ် မို့ဘေးကပဲ ရပ်တည်ပေးမှာပေါ့"

"ဒါပေါ့။ မို့က ကိုယ်သိပ်ချစ်ရတဲ့ဇနီးချောလေးပဲဟာကို"

"အစ်ကို့အမေနဲ့ညီမနဲ့ယှဉ်ရင် အစ်ကို ဘယ်သူ့ကိုရွေးမှာလဲ"

"ဘာကိုပြောတာလဲ"

"မို့ဘဝမှာ အစ်ကိုက ငံအိမ်ရှင်ပါ။ မို့မှာ မိဘတွေလည်းမရှိ တော့ဘူး။ မို့က အစ်ကိုတို့လောက် ပညာတွေလည်းမတတ်ပါဘူး။ အဲဒီ ချွတ်ယွင်းချက်တွေကြောင့်. . . တစ်နေ့နေ့မှာ မို့ကိုစိတ်မပျက်သွားရ ဘူးနော်"

"ကြံကြံဖန်ဖန် မို့ရယ်။ ကိုယ်က ချစ်လို့လက်ထပ်ထားပါတယ် ဆိုမှ ဘာကြောင့် အဲလိုဖြစ်ရမှာလဲ။ ကိုယ်က အဲလိုလူမျိုးမှမဟုတ်တာ။ ယုံကြည်ထားပါမို့။ ကိုယ်, မို့ကိုထာဝရမြတ်မြတ်နိုးနိုးနဲ့ လက်တွဲသွား မယ်"

"အကယ်၍ အစ်ကို့မေမေက မို့ကို မလိုလို့ မို့က ဒီအိမ်က ဆင်းသွားရရင်ရော အစ်ကိုက မို့နောက်လိုက်ခဲ့မှာလား"

"အဲလိုဖြစ်မလာပါဘူး မို့ရယ်။ မေမေက သဘောကောင်းပါတယ်"

"အကယ်၍လို့ပြောပြီးရော, အဲဒီမေးခွန်းကို အစ်ကိုဖြေပါ"

"ကိုယ် အကောင်းဆုံးညှိနှိုင်းဖြေရှင်းမှာပါ မို့။ အကောင်းဆုံး ခင်ပွန်းကောင်းတစ်ယောက်၊ အတော်ဆုံးသားတစ်ယောက်ဖြစ်အောင် ကြားက ကောင်းကောင်းရပ်တည်သွားမှာပါ"

"မို့လိုချင်တဲ့အဖြေမဟုတ်ပေမယ့် မို့ကျေနပ်ပါတယ်အစ်ကို"

"ဘာမှစိတ်မပူပါနဲ့ကွာ။ နေသားမကျသေးလို့ပါ။ အားလုံး အဆင်ပြေသွားပါမယ်။ ဒီကမ္ဘာလေးက နောက်ဆို သားသမီးတွေနဲ့ သိပ်ကိုသာယာလာမှာ"

"အစ်ကိုက သားလိုချင်တာလား။ သမီးလိုချင်တာလား"

"အင်း, အကြီးကိုတော့ သား။ နောက်တော့ သမီး။ နောက် သားသုံးယောက်"

"ဟွန်း! လောဘကြီးလိုက်တာ"

"ကိုယ့်ကိုမချစ်ချင်ဘူးလား"



"ချစ်နေတာပဲလေ"

"အဲလိုမဟုတ်ဘူး"

"အစ်ကိုနော်"

"တစ်ခါချစ်လိုက်၊ ကိုယ် လက်ဆောင်ပေးစရာရှိလို့"

"ဘာကြီးလဲ"

"ချစ်လိုက်ရင် သိရမယ်"

ဟု သူက ပြုံးတုံးတုံးလေးပြောလိုက်လျှင် သူမမျက်လုံးလေးများမှာ ကြည်စင်ဝင်းပသွားပြီး သူ့ပါးလေးကို ဖွဖွနမ်းရှုပ်လိုက်ပါသည်။ သူက သူမပါးလေးကို တန်ပြန်နမ်းကာ ထရပ်လိုက်ပြီး ခပ်လှမ်းလှမ်းသို့လျှောက်သွားပြီးမှ နံရံကပ်ပီရိုကိုဖွင့်လိုက်ပြီး အံဆွဲအငုက်လေးထဲမှ ဘူးတစ်ခုကို ယူလာခဲ့သည်။

ရတနာပစ္စည်းတစ်ခုခုဖြစ်လိမ့်မယ်လို့တော့ ထင်မိသားပင်။

သူမထင်ထားသည့်အတိုင်းပင် သူမမျက်နှာရှေ့မှာ ထိုဘူးကိုဖွင့်လိုက်သည်တွင် စိမ်းကြည်နေသော ကျောက်စိမ်းလည်ဆွဲကို တွေ့လိုက်ရပါသည်။

"အရမ်းလှတာပဲ"

"ဒီလိုပစ္စည်းမျိုးက သိပ်ရှာဖွေရခက်တာ"

"ဘာစိတ်ကူးနဲ့လဲဟင်"

"ပထမက စိန်ထည့်ပေးမလို့ပဲ။ ဒါပေမဲ့ သမီးမိန်းကလေးထက် အရင်ဆုံးသားယောကျ်ားလေးက ပိုအောင်းမလားလို့ ကျောက်စိမ်းကို စီစဉ်လိုက်တာ"

"ဘာအဓိပ္ပာယ်လဲ"

"စကားပုံတစ်ခုရှိတယ်လေ။ ကိုယ် တိတိကျကျတော့ မရွတ်တတ်ဘူး။ ဘာတဲ့, သားဆုလိုချင်ရင် ကျောက်စိမ်းက ဘာဆိုလဲ"

"အစ်ကိုဟာကြီးကလဲ"

"အဓိပ္ပာယ်ကတော့ ကျောက်စိမ်းလည်ဆွဲမျိုးက ရင်သွေးကို သားဖြစ်စေတယ်ပေါ့"

"တကယ်"

"သားယောကျ်ားလေးမွေးပြီးရင် သမီးမိန်းကလေးရဖို့ စိန်တစ်ဆင်စာ လက်ဆောင်ပေးမယ်"

ဟု အစ်ကိုက ပြောလာသည်တွင် သူမရင်ထဲ ကြည်နူးခြင်းတို့က ဆွတ်ပျံ့သွားရပါသည်။

ဒါ သူမစိတ်ကူးယဉ်ကြည့်ဖူးခဲ့တာလေ။ အိပ်မက်တွေကိုအမှန်တကယ်ဆောင်ကြဉ်း ပေးတဲ့အစ်ကိုကို သိပ်ချစ်ရပါသည်။



အစ်ကို့မေးရိုးလေးများကိုနမ်းရှိုက်လိုက်စဉ်မှာ ပြုံးသွားတဲ့အစ်ကို့အပြုံးများက သူမအတွက် သိပ်ကိုနွေးထွေးလုံခြုံနေရပါသည်။

❒❒❒



## အခန်း (၇)

မနက်စာဝိုင်းတွင် အစ်ကိုက သူမထိုင်ဖို့ ထိုင်ခုံကိုဆွဲထုတ်ပေးတဲ့အတွက် သူမအတွက် ထူးပြီးအနေကျပ်မနေတော့ပါ။

သားအမိနှစ်ယောက်လုံးရဲ့မျက်ဝန်းတွေက သူမထံ ဝေ့လာကြပေမယ့် အာရုံတွေကတော့ သူမဆီမှာပဲ ပုံအောထားလိမ့်မည်ဆိုတာ သူမအလိုလိုသိနေမိသလိုပင်။

သူမက ကော်ဖီကို တစ်ငုံမျှ ငုံသောက်လိုက်တော့ အစ်ကိုက သူမရှေ့သို့ မုန့်ပန်းကန်ပြားလေးကို တိုးပေးလာခဲ့သည်တွင် ဒေါ်မြင့်မြတ်၏ စူးရဲစွာစိုက်ကြည့်ခြင်းကို ခံလိုက်ရပါသည်။

"သား, မင်း ဒီနေ့ အိမ်ကနေ စောစောပဲထွက်လိုက်"

"ဗျာ! "

"မေမေ ဒီနေ့ နေသိပ်မကောင်းချင်တော့ နားလိုက်တော့မယ်"

"ဆရာဝန်ခေါ်ပေးရမလား မေမေ"

"ရပါတယ် နားလိုက်ရင် သက်သာပါတယ်။ မေမေ ရုံးမတက်တဲ့အတွက် သားက ပိုပြီးဂရုစိုက်ပါ။ ဒီနေ့ နိုင်ငံခြားကညွှန်သည်တွေနဲ့လည်း တွေ့ဖို့ရှိတယ်။ အဲတော့ သမီးအငယ်မကာ ဖက်ရှင်ကိစ္စတွေပြီးရင် သမီးကိုကိုရဲ့ရုံးကိုသွားပါ"

"ရပါတယ်မေမေ။ သားတစ်ယောက်တည်း အဆင်ပြေအောင် လုပ်သွားမှာပါ"

"ဒါ မိသားစုရဲ့အလုပ်ပဲ။ သားက ကိုယ့်ညီမလေးကိုလည်း သင်စရာရှိတာ သင်ဦး။ သမီးလည်း လုပ်ငန်းကျွမ်းကျင်အောင် လေ့လာပါ။ ဒါမှ မေမေစိတ်အေးရလိမ့်မယ်။ မိသားစုမှာ သူစိမ်းလူက ဝင်ရောက်လာရင် လုံခြုံမှုကိုတော့ ခံစစ်အဖြစ်ထားရမှာပဲ"

ဒါ ဘာသဘောလဲ. . .

ဟု သူမတွေးပစ်မိပါသည်။ တစ်ဆက်တည်းမှာပင် ဒေါ်မြင့်မြတ်ဟာ သိပ်ကိုထောင့်စေ့တဲ့အမျိုးသမီးကြီးပါလားဟုလည်း သတိရှိ



သွားမိ၏။

အစ်ကိုက ရုံးသွားပြီး သူမက အိမ်မှာပင် ပျင်းရိငြီးငွေ့စွာ ကျန်ရစ်ရသည်မှာ ဒါ မနေ့ကမှ မင်္ဂလာပွဲဆင်နွဲပြီးကြသေးတဲ့ကြင်စဦးဇနီးမောင်နှံတဲ့လား။

နေနေကျနေရာမဟုတ်သည့်အတွက် အခန်းထဲမှာ ဆလိုက်ထိုင်လိုက်၊ ဗီဒီယိုဖွင့်ကြည့်လိုက်နှင့် ရောက်တတ်ရာရာ ပျင်းခြောက်ခြောက်ကြီးဖြစ်နေရတာနှင့်ပင် အစ်ကို့ထံကို ဖုန်းနှိပ်လိုက်တော့ လူကြီးမင်းချည်း တိုးနေပါ၏။

ဒါကြောင့်ပင် ရုံးဖုန်းကို နှိပ်ပစ်လိုက်၏။

တူခနဲအသံရှည်ကြီးမြည်လာပြီးမှ. . .

"ဟလို"

"ကိုမရိုးအောင်နဲ့ပြောချင်လို့ပါ"

"ဘယ်သူလို့ပြောရမလဲရှင်"

"သူ့အမျိုးသမီးပါ"

"ဟုတ်ကဲ့၊ ခဏကိုင်ထားပါရှင်"

ဟူသောအသံဆုံးတော့ သူမမှာ ဝမ်းမြောက်သွားမိပါသည်။

အစ်ကို့နဲ့စကားပြောရလျှင် အပျင်းလည်းပြေမည်၊ ပျော်လည်း

ပျော်မည်ပေါ့။ သို့သော်. . .

"စံချိန်မှီ ဒါဟာ ကလေးကစားနေတာမဟုတ်ဘူး။ အလုပ်လုပ်နေတာ။ ဒီဖုန်းဟာ အလုပ်အတွက်သုံးတဲ့ဖုန်း။ ငွေအကုန်ကျခံပြီး ရှင်အပျင်းပြေဆက်ဖို့ထားတာမဟုတ်ဘူး။ ရှင့် အိမ်မှာနေတာ အေးအေးနေပါ။ အလုပ်ထဲ ဝင်မနှောင့်ယှက်နဲ့။ နင်တို့တွေလည်း မှတ်ထားပါ။ ဒီလိုဖုန်းတွေဝင်လာရင် ခေါ်ပေးစရာမလိုဘူး။ ဟုတ်လား"

ဟု သူမကိုရော ဖုန်းနဲ့ထူးသောမိန်းကလေးကိုပါ မာန်၍ ဖုန်းကို ခွပ်ခနဲချပစ်သည်မှာ သိပ်ကိုလှပတဲ့မိန်းကလေးတစ်ယောက်မှဟုတ်ပါလေစ။ သူမရင်ထဲ အောင့်သက်သက်ကြီးနှင့် ခံရဆိုးသွားရပါသည်။

သူမကို ဝန်ထမ်းတွေရှေ့မှာ အဲလောက်ကြီး ဒေါက်ဖြုတ်တာတော့ မရိုးငယ်, လွန်လွန်းပြီဟုထင်ပါသည်။

သူမရင်ထဲမှာ ကလိကလို့နှင့် ခံရဆိုးနေပါသည်။ ဒါကြောင့်ပင် လမင်းဆီသွားပြီး ရင်ဖွင့်ဖို့စိတ်ကူးနှင့် အကျီလဲကာ အိတ်ကိုလွယ်ပြီး ထွက်လာမိကာမှ ဧည့်ခန်းမှာ မိန့်မိန့်ကြီးထိုင်ကာ သတင်းစာဖတ်နေသော နေမကောင်းပါဘူးဆိုတဲ့ဒေါ်မြင့်မြတ်ကိုတွေ့လိုက်ရပါသည်။

ဒေါ်မြင့်မြတ်က သူမကို ဘယ်လဲဆိုသောအမေးမျိုးနှင့် ဝင့်ကြည်လာခဲ့ပေမယ့် ထိုအမျိုးသမီးက မေးခွန်းကို နှုတ်မှဖွင့်မဟာ၍ သူမ

ကလည်း မျက်ရိပ်မျက်ကဲကိုနားလည်ပေမယ့် မသိကျိုးနွံပြုကာ နောက်ခြေတစ်လှမ်း လှမ်းလိုက်သည့်တွင်. . .

"မင်းဟာ ယဉ်ကျေးမှုမရှိတဲ့မိန်းမတစ်ယောက်ပဲ"

ဟူသော ပြစ်တင်စကားနှင့် စတင်လာပါသည်။

"သူများအိမ်မှာနေရင် အိမ်ရှင်ကိုခွင့်တောင်းပြီးမှ ဝင်ထွက်ရမယ်ဆိုတာ နားမလည်ဘူးလား"

ဒေါ်မြင့်မြတ်ရဲ့စကားလုံးကို စိတ်တိုသွားရပေမယ့်. . .

"ဟုတ်ကဲ့၊ မှီအပြင်သွားမလို့ပါ"

"မင်းက အိမ်ထောင်ရှင်မိန်းမတစ်ယောက်ပဲ၊ ဒီလိုဝတ်ကောင်းစားလှနဲ့ အပြင်ထွက်နေဖို့မလိုတော့ဘူး"

"ရှင်! "

"မိန်းမကောင်းတို့မည်သည် စားဖိုချောင်ကိုနိုင်စမြဲပဲ။ မင်းကိုငါ မနက်တည်းကစောင့်ကြည့်နေတာ အိမ်မှုကိစ္စကို ဘယ်က ဘယ်လိုစရမယ်၊ မီးဖိုချောင်ကိုဘယ်လိုထိန်းသိမ်းရမယ်ဆိုတာ မင်းမသိဘူးလား။ မင်းမိဘတွေက မင်းကိုမသွန်သင်သွားဘူးလား"

"ကျွန်မမိဘတွေက သွန်သင်ဆုံးမမှုအပြည့်ရှိပါတယ်အန်တီ။ လူသားအချင်းချင်း မရိုင်းစိုင်းရဘူးလို့လည်း အမြဲသွန်သင်တယ်။ သူ

တစ်ပါးရဲ့အားနည်းချက်ကိုမနှိမ့်ချရဘူး . . တစ်ပါးသူရဲ့ဂုဏ်သိက္ခာကို မစော် ကားရဘူးလို့လည်း မိကောင်းဖခင်ပီပီ သွန်သင်ထားပါတယ်"

"ဘာ! "

"စံချိန်မှီတို့က မိကောင်းဖခင်သားသမီးပါ။ ယဉ်ကျေးမှုရှိတယ်။ မနှိမ့်ချဘူး။ မစော်ကားဘူး။ လူတစ်ဖက်သားကို အထက်စီးနင်းမပြော ဘူး။ မိန်းမတိုင်းဟာ ဆည်ပေါ်က ငါးတွေပါ။ ဘယ်မိန်းမကရော ရွေးချယ် စားပြီးမွေးလာကြလို့လဲ။ မရိုးငယ်လည်းမိန်းမပဲ။ စံချိန်မှီလည်းမိန်းမပဲ"

"မင်း ငါ့သမီးကိုဘာမှမပြောနဲ့။ မင်းပါးစပ်ထဲ မရိုးငယ်နာမည် က ရုပ်ဆိုးတယ်"

"အန်တီမှတ်ထားပေးပါ။ ကျွန်မကို ဒီလောက်နှိမ့်ချနေတာ ကျွန်မက အန်တီ့ရဲ့ချွေးမ။ မရိုးအောင်ရဲ့ ပွဲတက်မယားပါ"

"မင်းကို ဘယ်သူက ချွေးမလို့သတ်မှတ်နေလို့လဲ။ မင်းမရှက် ဘူးလား"

"ဘာပဲဖြစ်ဖြစ် မရိုးအောင်က ကျွန်မရဲ့ယောကျ်ားပဲ။ အန်တီ တို့ ဆိုင်သာဆိုင်တယ်။ မပိုင်တော့ဘူး"

ဟု သူမက မော်ကြွားကြွားကြီးအနိုင်ယူကာ ပြောပစ်သည် တွင် . . .



"ဖြန်း! "

သူမပါးပြင်မှာ ပူခနဲဖြစ်သွားကာ မျက်နှာကြီးလည်ထွက်သွား ရပါသည်။

"မှတ်ထား စံချိန်မှီ။ ငါဟာ ဒေါ်မြင့်မြတ်ပဲ။ ငါ့သားသမီးတွေ တောင် ငါ့ရဲ့အုပ်ချုပ်မှုအောက်မှာ ငါ့ကို မျက်လုံးစူးစူးနဲ့တောင် ကြည့် ခဲ့ဖူးတာမဟုတ်ဘူး။ ငါတို့အိမ်ရဲ့ကျွန်အဆင့်လောက်က ငါ့ကို တစ်ခွန်း မခံ ပြန်ပြောနေတယ်။ မင်းအဆင့်က အဲဒီမှာပဲရှိတယ် စံချိန်မှီ"

သူမရင်ထဲ နာကျင်နေရပေမယ့် သူမက ထိုအမျိုးသမီးကြီးကို ဘာလုပ်နိုင်ဦးမှာတဲ့လဲ။

❐❐❐



## အခန်း (၈)

"ဒေါက်! ဒေါက်!"

"ဘယ်သူလဲ"

"သားပါ"

"ဝင်လာခဲ့"

အသံဆုံးသည်နှင့် မဝှံမရဲနှင့် သားက ဝင်လာပြီးမှ ခုတင်ပေါ်တွင် ငူငူကြီးထိုင်နေခဲ့ပါသည်။

သူမတစ်သက်မှာ ငိုင်တွေနေသောသားရဲ့ပုံကို ဒါ ပထမဆုံးမြင်ဖူးခြင်းပါ။

"မင်း ညီမလေးကိုသင်ပြရတာ အဆင်ပြေရဲ့လား သား"

"သူက တော်တယ်ဆိုတာ မေမေသိပြီးသားပါ။ ခဏတွင်း သားထက်တောင် စွာသွားနိုင်တယ်"

"ဒေါ်မြင့်မြတ်ရဲ့သမီးက ဒီလိုပဲဖြစ်ရမှာပေါ့"

"မေမေ"

"ပြောလေ၊ ဘာပြောစရာရှိလို့လဲ"

"စံချိန်မှီ ပါးရောင်နေတယ်"

"သေမသွားနိုင်ပါဘူး"

"မေမေ ဘာကြောင့် သားကိုစိတ်မချမ်းသာအောင် လုပ်ရတာလဲဗျာ"

"မေမေလုပ်တာထက် သားက အဲဒီစိတ်မချမ်းသာစရာကြီးကို အိမ်ကိုပွေ့တင်လာတာ။ အေး, စိတ်မချမ်းသာဘူးဆိုရင် မေမေတို့ကို ကိုယ်ချင်းစာပေါ့။ မင်းက တစ်ယောက်တည်းစိတ်ညစ်ရတာ။ မေမေတို့က နှစ်ယောက်စိတ်ရှုပ်ရတာ"

"မေမေအဲလိုကြီးတော့ မှီ့ကိုမလုပ်သင့်ဘူး"

"ဒါဆို မေမေက နှစ်ပြားမတန်အောင် ပြောတာခံရမယ်ပေါ့"

"မှီ့ကို သားပြောထားပါ့မယ်။ မေမေ့ဘက်ကလည်း မှီ့ကို



နည်းနည်းနားလည်ပေးပါ"

"မင်းသိပ်ကိုပြောင်းလဲသွားပါလား မရိုးအောင်။ ဟမ်း. . . ဒီမိန်းမနဲ့တွေ့မှ တစ်ဖွတ်ထိုးလုပ်တတ်လာတယ်။ ငါ့ကိုတောင် အရေးသာ ဆုံးမနေပါလား"

"သားတောင်းဆိုတာပါမေမေ။ မေမေ နည်းနည်းလေးဖြစ်ဖြစ် နားလည်ပေးလို့မရဘူးလား"

"ဘာ! နားလည်ပေးရမယ်၊ ဟုတ်လား"

"သားမျှော်လင့်တာက အေးချမ်းတဲ့မိသားစုဘဝပါ"

"မင်းညီမကို အမှိုင်းအစိုင်း။ ငါ့ကို မိဘမပီသဘူး။ မဆုံးမဘူး။ ဒါပြောတာကို ငါက ဆက်ပြီးသည်းခံရမှာလား။ မှတ်ထား, မရိုးအောင်။ မင်းတို့ဘယ်တုန်းက ဘယ်သူ့အပြောကို ခံခဲ့ရဖူးသလဲ"

"မခံခဲ့ရပါဘူး"

"အဲဒါ ဒေါ်မြင့်မြတ်ရဲ့သားသမီးတွေမို့ပဲ။ ဂုဏ်သိက္ခာရှိတဲ့ လူတွေရဲ့မျက်လုံးစူးစူးကိုတောင် အဝင်မခံတဲ့ဘဝကို အဲလိုအောက်တန်းစားမရဲ့ပါးစပ်ထဲမှာ ငါ့သမီးကို အဲလိုသိက္ခာချတာမျိုး လုံးဝခွင့်မလွှတ်ဘူး"

ဘယ်လိုမှပြောဆိုလို့ရတော့မည်မဟုတ်တဲ့ မေမေ့ရဲ့မျက်လုံး

စူးစူးများကို သူစိတ်ပျက်လှပါပြီ။

မေမေက ဘာကြောင့် သူ့အပေါ် ဒီလောက်မာနတွေထားသွားရတာလဲ။ သူ ဝမ်းနည်းစွာခံစားနေရပါသည်။

စိတ်ထဲမှာလည်း နေမထိထိုင်မသာနှင့် မွန်းကျပ်လာပါသည်။

ရေခဲသေတ္တာကိုဖွင့်ကာ အေးစက်နေသောရေကို ခွက်ထဲသို့မငဲ့တော့ဘဲ ဘူးလိုက်မော့သောက်ပြီးမှ ဖလုံသန့်သန့်ယူကာ ရေခဲတုံးလေးများ ထည့်နေမိသည်တွင်. . .

"အမှန်က ကိုကို သေးကျောင်းတက်ခဲ့ရမှာ။ အဲတော့ လူနာကို ဖိဖိစီးစီးစောင့်ရှောက်လို့ရတာပေါ့"

သူ ညီမလေးနဲ့လည်း စကားများချင်စိတ်မရှိတော့ပါ၍ ညီမလေး ဘာပြောပြော ဂရုမစိုက်တော့ပါဘဲ ဖြတ်ကျော်လာခဲ့ပါသည်။

အိပ်ခန်းထဲရောက်တော့ မို့ကို အိပ်ရာပေါ်မှာပင် လှဲလျက်တွေ့လိုက်ရပါသည်။

သူက မို့နားမှာထိုင်ကာ ပဝါဖြူလွလွလေးနှင့် ရေခဲကိုထုတ်ပြီး မို့ပါးကိုဖိကာပ်ပေးလိုက်သည်တွင်. . .

"နာတယ်"

"သည်းခံပါ မို့ရယ်။ မေမေက သူစိတ်တိုနေရတဲ့အချိန်မို့ဖြစ်



ပါလိမ့်မယ်။ နောက်ဆို မို့နဲ့ခင်သွားရင် မေမေသဘောကောင်းမှန်း သိလာပါလိမ့်မယ်"

"အစ်ကိုတို့အတွက်တော့ ဟုတ်မှာပေါ့"

"သည်းခံပါ မို့ရယ်. . . သည်းခံခြင်းဟာ အောင်နိုင်ခြင်းတဲ့။ နောက်တော့လည်း"

"ဘယ်တော့လဲ အစ်ကို။ ကမ္ဘာလဆန်းတစ်ရက်နေ့လား"

"သိပ်မဝေးတော့ပါဘူး မို့ရယ်"

"မို့ရင်ထဲမှာ နာတယ်သိလား။ မို့အဖေကိုဆို မို့ကောင်းကောင်းတောင် မှတ်မိတာမဟုတ်ဘူး။ မို့အမေဆိုလည်း မို့ကို ပင်ပင်ပန်းပန်းရှာဖွေကျွေးမွေးခဲ့တာ။ လောကမှာမရှိတော့တဲ့လူတွေကိုပုတ်ခတ်တာ မို့အသည်းသိပ်နာတာပဲ"

"တောင်းပန်ပါတယ်မို့ရယ်။ ကိုယ်တကယ်လေးလေးနက်နက်တောင်းပန်တာပါ။ ပြီးတော့ မို့ကိုတောင်းဆိုချင်တယ်။ မို့ သည်းခံပြီးနေပေးပါလို့"

"မို့တို့ ကိုယ့်ဘာသာကိုယ်နေရအောင်လား အစ်ကို"

ထိုအခါမှာတော့ သူက ရေခဲကြပ်ထုပ်ကိုချလိုက်ပြီး ပြတင်းဝမှာရပ်ကာ အဝေးသို့ အကြာကြီးမျှော်ငေးနေပြီးမှ. . .

"ကိုယ့်ဖေဖေအဲ့ဆိုနိုကာ ကိုယ် ရှစ်တန်းကျောင်းသားပဲရှိသေးတယ်မို့။ ကိုယ့်ဖေဖေက ကိုယ့်ကိုဘယ်လိုဆုံးမသလဲသိလား"

ဟုဆိုပြီး ခေတ္တမျှတိတ်ဆိတ်နေပြီးမှ. . .

"ယောကျ်ားဆိုတာ အရာရာကို ဆောင်ရွက်နိုင်စွမ်းရှိရမယ်တဲ့။ အကယ်၍ ဖေဖေမရှိတော့ရင် သားဟာ မိသားစုမှာ ကျန်ရစ်ခဲ့မယ့် တစ်ဦးတည်းသောယောကျ်ားသားမို့ မိသားစုကို တာဝန်ယူစောင့်ရှောက်ရမယ်တဲ့။ ညီမနဲ့အမေကိုတောင် မစောင့်ရှောက်နိုင်တဲ့ယောကျ်ားဟာ ယောကျ်ားကောင်းမဟုတ်ဘူးတဲ့။ ကိုယ် ယောကျ်ားကောင်းဖြစ်ချင်ခဲ့သလို ဖေဖေလို ဖခင်တစ်ယောက်လည်း ဖြစ်ချင်ခဲ့တယ်မို့။ ကိုယ့်ကို ယောကျ်ားကောင်းတစ်ယောက်ဖြစ်ခွင့်ပေးပါ မို"

"အစ်ကိုရယ်"

"ကိုယ် ကတိပေးပါတယ်။ မို့ကို ကိုယ်အများကြီးကောင်းမယ့်မယ်။ ဒါပေမဲ့ မို သည်းခံပေးပါဦး"

"သည်းခံတယ်ဆိုတာ အတိုင်းအတာတစ်ခုတော့ရှိပါတယ်။ ဘောင်အတွင်းမှာတော့ မို့က သည်းခံတတ်ပါတယ်။ မို့ကလည်း ဆင်းရဲသား ဘာမှမရှိသူဆိုပေမယ့် ဆင်းရဲတဲ့မာနတော့ ရှိပါတယ်အစ်ကို။ အဲဒီမာနလေးတစ်ခုတော့ မို့ကိုချမ်းသာပေးပါ"



သူဘယ်လိုစကားလုံးမျိုးကို ဘယ်လိုပုံစံသုံးနှုန်းရမှန်းပင်မသိနိုင်တော့။

ဒီလောက်များပြားလှတဲ့ပမာစကားတွေဟာ သူ့နှုတ်ခမ်းများမှာ ပျောက်ဆုံးနေကုန်ရပါသည်။

ထိုသို့ ဘာမဟုတ်ဘဲ ရှုပ်ထွေးနေကြတဲ့ပြဿနာလေးကို သူ ဘယ်လိုဖြေရှင်းလို့ဖြေရှင်းရမှန်းမသိအောင် ကျပ်ညပ်နေခဲ့သလို ဇိုက်ညှိပေးနိုင်တဲ့သီအိုရမ်တွေလည်း ပျောက်ဆုံးနေကုန်ရပါသည်။

❒❒❒



## အခန်း (၄)

သူမကလည်း အစ်ကိုပြောသလိုပင် ငြိမ်းချမ်းရေးကိုလိုလားတာပါပဲ။ သို့သော် မာနကိုခဝါမချဘဲ ကိုယ့်ကိုကျောတယ်ထင်ရင် ပြန်ခံပက်တတ်တဲ့အကျင့်က ရိုးတွင်းချဉ်ဆီထိအောင် စွဲနစ်နေပြီမို့ သူမလည်း ဘာမှမတတ်နိုင်ပြန်ပါ။

ဒေါ်မြင့်မြတ်နဲ့ မရိုးငယ်သာ ကောင်းကောင်းပြောဆိုဆက်ဆံလာခဲ့မယ်ဆိုရင်တော့ သူမလည်း အများကြီးကောင်းအောင်နေထိုင်မည်ပေါ့။ အခုတော့ သူမတို့ရဲ့ဆက်ဆံရေးကြောင့် မရိုးအောင်က ကြားကဗျာများနေခြင်းကို သူမ စိတ်မကောင်းဖြစ်ရပေမယ့် သူမဘာကိုတချည်း

တစ်ဖက်သတ်မလျှော့ချင်ပါ။

လျှော့လေ စီးပိုးလေဖြစ်လာမှာကို တွေးမိလို့ပါ။

အစကောင်းမှ အနှောင်းသေချာသည်ဟု ယေယေက သင်ယူခဲ့ရဖူးပါသည်။

ဘဝဆိုတာလည်း အဲလိုပဲဟုခံယူမိ၏။ အစတည်းက မယောက္ခမနှင့်ယောက်မကိုကြောက်နေရရင် တစ်သက်လုံး စားပိုးချောင်မှာ ငြိမ်ကုပ်ပြီး လူတောထဲ ထွက်ရတော့မှာပင်မဟုတ်တော့။

သူမလိုချင်တာ ထိုဘဝမျိုးမှမဟုတ်တာဘဲ။ အဆင်မပြေသည့်ပြဿနာကြားက မရိုးအောင်ကိုလက်ထပ်ခဲ့တာ၊ ပြီးပြည့်စုံတဲ့ဘဝတစ်ခုနဲ့ လူတွေကြားမှာ မော့မော့လေးနေချင်လို့ပဲမဟုတ်ပါလား။

ချောင်ထဲမှာ ငုံ့လျှိုးလျှိုးလေးနေရသည့်ဘဝတစ်ခုကို မုန်းတီးလှပါသည်။

သူမတွေးထင်ထားခဲ့သည်က မရိုးအောင်ကိုသာ လက်ထပ်လိုက်ရင် သူဌေးသမီးတွေလို သုံးဖြုန်းနိုင်ပြီပေါ့။ အခုတော့ အိမ်ထဲကနေပင်ထွက်ခွင့်မရှိသော သူမဘဝကို သူမမုန်းတီးလှပါသည်။

အပြင်ထွက်ဖို့ကြံစည်လိုက်တိုင်း ပြဿနာထပ်ဖြစ်မှာကို စိုးပူ၍ မထွက်တော့တဲ့ အိမ်မှာချည်းနေရတာ အညောင်းမိလာ၍ အိမ်ဝင်းတစ်



လျှောက် လမ်းလျှောက်နေမိစဉ်မှာ. . .

"စိန်ရှိန်မို"

ထူးထူးဆန်းဆန်း ဒေါ်မြင့်မြတ်က သူမနာမည်ကို ခေါ်လို့ပါလား။

ကောင်းခြင်းလား၊ မကောင်းခြင်းလားဆိုတာ ဝေခွဲမရနိုင်ပေမယ့် တဒင်္ဂလေးကြည်နူးသွားမိသည်တော့အမှန်ပါ။

"ဘာကိစ္စရှိလို့ပါလဲ အန်တီ"

"ဒေါ်အေး နေမကောင်းဘူး။ အဲတော့ ဒီနေ့ အိမ်သန့်ရှင်းရေးထမင်းချက်ကို မင်းကိုတာဝန်ပေးလိုက်ပြီ"

"ကျွန်မကို"

"ဒေါ်အေးတောင်လုပ်နိုင်သေးတာပဲ။ မင်းက ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နေလာခဲ့သူမှမဟုတ်တာ။ မင်းလည်းလုပ်နိုင်ရမယ်။ အိမ်ထောင်သည်ပဲ၊ ဒါတွေမလုပ်လို့ ဘာလုပ်ဦးမှာလဲ"

အဲလိုဆိုတော့လည်း ဟုတ်သလိုလိုတော့ရှိသားမို့. . .

"ဟုတ်ကဲ့၊ လုပ်လိုက်ပါ့မယ်"

"ထမင်းချက်နဲ့ အိမ်သန့်ရှင်းရေးပြီးရင် ရေချိုးခန်းတွေထဲကအဝတ်တွေ စုလျှော်လိုက်"

ဟု အိမ်ဖော်တစ်ယောက်ကိုနိုင်းသောလေသံမျိုးထက် ပိုစွာ ပြောသွားခြင်းကြောင့် သူမမှာ အောင့်သက်သက်ကြီးဆို့ပေမယ့် ဘာတတ်နိုင်ဦးမှာတဲ့လဲ။

သူမက အာခံပြန်လျှင်လည်း အစ်ကို စိတ်သောကများရုံမှ တစ်ပါး ဘာတိုးတက်ထူးပြားစွာပြောင်းလဲမှုမရှိတော့တာမို့။ ပြီးတော့ သူမ သည်းခံနိုင်သည့်ကိစ္စမို့ ငြိမ်နေလိုက်ရပါသည်။ ဒီနေ့တော့ သူမက ကျွမ်းကျင်နေပြီးနှင့်သော ထိုအလုပ်တွေကို သွက်လက်မြန်ဆန်စွာ လုပ်ပြီးချိန်မှာတော့ အစ်ကိုပြန်ရောက်လာခဲ့ပါသည်။ ထိုအကြောင်းကို အစ်ကို့ကိုပြောပြတော့ . . .

"ကိုယ့်မိန်းမက တော်လိုက်တာ"

တဲ့လေ။ သူမမှာ ကြည်နူးရမလား ရန်တွေ့ရမလား။ ချွဲပျစ်မှုနွဲ့စွာ ဒါတွေမလုပ်ချင်ပါဘူးဟုပြောရမလားမှပင် ဝေခွဲ၍မရနိုင်တော့။

□□□

အခန်း (၁၀)

ဒီနောက်ပိုင်း ဒေါ်အေးကဲ နေမကောင်းဖြစ်လိုက်၊ ခေါင်းမူး ...်နှင့် ခုဆို ရွာ,ခဏဆိုပြီး ပြန်သွားတာကြောင့် ဒီတာဝန်တွေဟာ ...ုပ်မရှိပါဘူးဆိုတဲ့သူမထံ လုံးလုံးလျားလျားကျရောက်လာ၍ ကြာ ...တော့ သူမပင် သံသယဝင်ချင်လာခဲ့ပါသည်။

ဒေါ်မြင့်မြတ် ကမင်တကာလုပ်နေခဲ့တာလားလို့ပေါ့။

ထိုသို့သံသယဝင်မိခြင်းက တစ်နေ့မှာတော့ လုံးဝသေချာသွား ...ည်။

ထိုနေ့က သူမ အဝတ်လျှော်ရန်အတွက် ရေချိုးခန်းထဲမှာ

အဝတ်စုရန် လာခြင်းဖြစ်ပါသည်။ ဒေါ်မြင့်မြတ်ရဲ့အခန်းထဲတွင် စကား
သံသဲ့သဲ့ကြားရ၍ ဘယ်သူများလဲဆိုပြီး နားစွင့်မိရာမှ စံချိန်မှီဆိုသေ
သူမနာမည်ကိုကြားလိုက်ရ၍ ပိုပြီးအာရုံစိုက်နားထောင်မိလိုက်ပါသည်

"သူဘယ်လောက်ခံနိုင်ရည်ရှိဦးမှာလဲ"

"မေမေက သိပ်ဉာဏ်ကောင်းတာပဲ"

"အချိန်ကြာလာတာနဲ့အမျှ သူ့ဘဝသူ သိလာလိမ့်မယ်။ နော
မကျသေးခင် လှည့်ပြန်ရင်တော့ ဒဏ်ရာသက်သာမှာပေါ့"

"မပြန်ဘဲ ပေကပ်ပြီး နေရင်ရော"

"ဒါ့ထက် ဆက်ဖိမှာပေါ့"

"သူက အရှက်ရှိတဲ့လူမျိုးမဟုတ်ဘူးမေမေရဲ့။ သဘော
ပါဘူးလို့ပြောနေတဲ့ကြားက. . . မရှက်မကြောက် မျက်နှာပြောင်တိုက်
တက်လာသေးတာပဲ"

"မပူပါနဲ့၊ သူက မရိုးအောင်ကိုလက်ထပ်ခဲ့တာ သုံးချင်
ချင် ဘော်ကျော့နေချင်လို့ပဲဟာ၊ ဒီဒဏ်တွေကို သူ့,မခံနိုင်ပါဘူး"

"မြန်မြန်ကြွလေ ကောင်းလေပဲ။ ပြော်, မေမေ သူကြွ
တာ ကောင်းပေမယ့် ကိုကို့ကိုပါ မ,သွားရင်ရော"

"မေမေသွားရဲ့စိတ်ကို မေမေသိပါတယ် သမီးရယ်။ မပူ



သဆုံးပြီးသူ့ကိုပေးထားတဲ့ကတိကိုတော့ သူ လုံးဝဖျက်မှာမဟုတ်ဘူး"

ကျေနပ်အားရသံကြီးနှင့်ပြောနေသော ထိုစကားလုံးများက သူမ
အဖို့တော့ ခါးသက်လွန်းလှပါသည်။

ခံလိုက်ရလေခြင်းဆိုပြီးမှုလည်း ရင်ထဲမှာ နေမချိထိုင်မသာနှင့်
နောက်တတ်ရာရာဖြစ်နေမိပါသည်။ ပြီးတော့ သူမ အံ့ဩရပါသည်။

အားနည်းလှပါတယ်ဆိုတဲ့သူမကိုမှ သူတို့လို ဂုဏ်ရှင်မနရှင်
တွေက ပါဝါတွေစွတ်ပြပြီး ခေါင်းမဖော်နိုင်အောင် နှိပ်နေခြင်းက တစ်
ဆိတ်တော့ လွန်လွန်းပြီဟုထင်ပါသည်။

သည့်ထက်သာ ထပ်ပြီးသည်းခံနေပါလျှင် သူမက လူရောဟုတ်
သေးရဲ့လားဟု ကိုယ့်ကိုယ်ကိုတွေးလိုက်မိပါသည်။

ပြီးတော့ ထိုသားအမိနှစ်ယောက်ရဲ့စိတ်ဓာတ်ဟာ အောက်
တန်းကျလွန်းသည်ဟုလည်း တွေးပစ်မိပါသည်။

ထိုစကားသံတွေကို သူမနားနှင့်ဆတ်ဆတ်ကြားနေရပြီလေ။
သူမဘာလုပ်သင့်သလဲ။ ဘယ်လိုပြန်ပြောသင့်သလဲဆိုတာကို တွေးမရ
င်တော့လောက်အောင်ပင် ရှုပ်ထွေးနောက်ကျိနေခဲ့ရပါသည်။

ရင်ထဲမှာလည်း ဒေါသတို့က ရေလှိုင်းများပမာ ပွန်းနေရပါ
သည်။

ဒေါ်သအလျောက်သာဆိုရင် အခြေအနေက ဆိုးသွားနိုင်ပါ
သည်။ ထိုသို့ဖြစ်ပျက်လာလျှင် သူမဘက်က အလွန်ကြီးဖြစ်တော့မှာမို့
သူမ ဒေါသတို့ကိုချုပ်တည်းကာ မျိုသိပ်ထားလိုက်ရ၏။

သို့သော် ရင်ထဲမှာတော့ နာနာကျင်ကျင်ကြီး ကြုံးဝါးနေမိပါ
သည်။

မင်းတို့ဘကြေီးကို ဖျက်ဆီးပစ်မည်ဟု. . .

အလှည့်ကျရင် မနွဲ့စတာမ်းပေါ့ဟုပင် နှုတ်မှတီးတိုးပြောမိလိုက်
သည့်ထိပင် နာကြည်းသွားရပါသည်။

□□□

အခန်း (၁၁)

"မို မနိုးသေးဘူးလား"

သူမ နိုးနေတာကြာပြီဖြစ်သော်လည်း တမင်တကာပင် အိပ်
ချင်ယောင်ဆောင်နေခြင်းဖြစ်ပါသည်။

"မို"

"အင်း"

"နေမကောင်းဘူးလား"

"နေရခက်နေတယ်"

ဟု သူမက မျက်စိမဖွင့်ဘဲ ဝေဒနာခံစားနေရပုံမျိုးနှင့် ပြော

လိုက်လျှင် ရေချိုးပြီးခါစ သူမှာ ပျာယာခတ်သွားရကာ သူမနဖူးကိုဖွဖွလေး စမ်းသပ်လာပါသည်။

"ကိုယ်ကတော့ မပူဘူးဘဲ"

"ခေါင်းထဲမှာ နောက်ကျိနေတယ်"

"ဆောရီး၊ မို၊ မိုသိပ်ပင်ပန်းသွားလို့နဲ့တူတယ်။ ကိုယ် ဆရာဝန်ခေါ်လိုက်မယ်လေ"

"မခေါ်နဲ့၊ ရတယ်"

"ဘယ်ဟုတ်မလဲမိုရယ်၊ အသံတွေကလည်း အားမရှိလိုက်တာ၊ မျက်လုံးတွေကလည်း မှေးစင်းနေတယ်၊ ကိုယ်ထဲမှာ နေမကောင်းဖြစ်နေတာပဲ ဖြစ်လိမ့်မယ်။ မဖြစ်ဘူး၊ ဆရာဝန်အမြန်ခေါ်လိုက်မယ်"

"ရပါတယ်ဆို၊ အစ်ကိုကလည်း"

"ဘာရပါတယ်လဲ။ မိုသာတစ်ခုခုဖြစ်ရင် ကိုယ်ရင်ကျိုးရမှာ။ ကိုယ့်ကြောင့်ဆိုပြီး ခံစားရလို့ဆုံးတော့မှာမဟုတ်ဘူး"

"အစ်ကို၊ မိုကိုသိပ်ချစ်တာပဲလားဟင်"

"ချစ်တာပေါ့၊ အရမ်းကိုချစ်တာ"

"မိုကိုဘယ်လောက်ပဲချစ်ချစ်၊ မိုထံရောက်လာတဲ့အစ်ကို့အချစ်က တခြားလူတွေကိုဖြတ်ကျော်ပြီးမှပါ"

"ရောပချွန်လေ၊ တစ်လိုင်းစီပါ"

"မိုက လောဘကြီးတယ် သိလား။ ကိုယ်ချစ်တဲ့လူရဲ့အချစ်တွေကိုလည်း တစ်ယောက်တည်းအပိုင်လိုချင်တာ"

"ပေးတယ်ဗျာ. . . ယူစေ၊ ဒီချစ်ဇနီးလေး ယူစေ"

"ဟင်းဟင်း. . . အစ်ကိုက သိပ်ရယ်ရတယ် သိလား"

"မို အဲလိုလေးပြုံးနေတာတွေ့ရရင် ကိုယ် သိပ်စိတ်ချမ်းသာတာပဲ"

"အဲလိုပဲ အမြဲပြုံးစေချင်ရင် မိုပြုံးအောင် ကြိုးစားပေါ့။ မို အဲလိုပဲ အမြဲပြုံးနိုင်အောင် အစ်ကိုမလုပ်ပေးချင်ဘူးလား"

"ဘယ်လိုပြောလိုက်တာလဲ၊ လုပ်ပေးချင်တာပေါ့"

"မိုကိုအမြဲပြုံးစေချင်တယ်ပေါ့"

"အင်းပေါ့"

"မိုနဲ့အစ်ကို နှစ်ယောက်တစ်ကမ္ဘာ တည်ဆောက်ကြစို့လားဟင်"

ဟုတောင်းဆိုလိုက်ပါလျှင် ညှိုးနွမ်းအိုကျသွားတဲ့အစ်ကို့မျက်နှာကြောင့် သူမက ပြုံးလိုက်ပြန်ပြီး. . .

"နောက်တာပါ၊ နောက်တာပါနော်၊ အမယ်လေး. . . ဖြစ်နေ

လိုက်တာ''

''ကိုယ့်ညီမလေးနဲ့မေမေ့ကိုလည်း စောင့်ရှောက်ချင်လို့ပါ''

ဟုလိမ္မာပြနေသော အစ်ကို့မျက်ဝန်းနုနုများကြောင့် သူမမှာ ဖျားချင်သွားရပါသည်။

မို့ဘဝမှာ အားအကိုးရဆုံးလည်း အစ်ကိုပဲဖြစ်သလို အားမရဆုံးကလည်း အစ်ကိုပါပဲ။

''မို့မျက်နှာတွေ ညှိုးရော်နေတာပဲ။ ကိုယ် ဆရာဝန်ခေါ်လိုက်မယ်နော်''

''မို့ကို အစ်ကို အပြင်ခေါ်သွားဖို့ အစီအစဉ်မရှိတော့ဘူးလား''

''ဩော်, ဒီကောင်မလေးက အပြင်သွားချင်တဲ့အဖျားရောဂါကိုး''

''အစ်ကိုနော်''

''စောစောကပြောရောပေါ့။ ကိုယ်ကတော့ တကယ်ဖျားပြီမှတ်ပြီး ထုပ္ပသွားတာပဲ''

''အစ်ကို ဒီနေ့ မို့နဲ့လျှောက်လည်လို့ဖြစ်ရဲ့လား''

''ဖြစ်ပါတယ်၊ ကိုယ်တို့ရဲ့ဟန်းနီးမွန်းလို့သဘောထားပေါ့''

''ဟန်းနီးမွန်း''



''ဆောရီး, မို့။ မို့အတွက် ဟန်းနီးမွန်းကောင်းကောင်းမလုပ်ပေးနိုင်ခဲ့ဘူး။ ကိုယ်သိပ်အလုပ်များရလို့ပါ''

''မို့နားလည်ပါတယ်''

''ပြော, မို့ဘယ်သွားချင်သလဲ။ ဘာလုပ်ချင်သလဲ၊ ကိုယ်အားလုံးဖြည့်ဆည်းဆောင်ရွက်ပေးမယ်''

''ဟောလော်ဆယ် အဆောင်သွားချင်တယ်. . . ကာသရိတို့လမင်းတို့ကိုသိပ်သတိရတယ်။ သူတို့နဲ့သိပ်လွတ်လပ်ပျော်ရွှင်ခဲ့ရတာ။ အဲဒီအချိန်တွေကို သိပ်လွမ်းတာပဲ''

''ပြီးတော့ရော. . .''

''သူတို့တွေကိုခေါ်ပြီး ဆိုင်ကောင်းကောင်းမှာ စားသောက်ကြမယ်။ လမင်းက စာရေးဆရာမပီပီ romantic ဆန်တဲ့ဆိုင်မျိုးကို သိပ်သဘောကျတာ။ သူတို့တွေကို မုန့်လိုက်ကျွေးပြီးတော့ လက်ဆောင်တစ်ခုစီ ဝယ်ပေးချင်တယ်။ သူတို့တွေ မို့ကိုအားကျပြီး တသသကျန်နေရစ်အောင်လို့။ မိုက်တယ်မဟုတ်လား''

ဟု ကလေးတစ်ယောက်လို ရွှင်ရွှင်မြူးမြူးကြီးပြောလာတဲ့မို့ရဲ့နဖူးလေးကို ချစ်စနိုးလေးနှင့် ဖွဖွလှမ်းထုလိုက်ပါသည်။

သူ ထိုမိန်းကလေးကို နင့်နင့်နဲနဲကြီးချစ်ရပါသည်။

မည်သူ့ကိုမှ ဂရုမပြုနိုင်တော့လောက်အောင်လည်း ပိုင်ဆိုင်ချင်ခဲ့မိ၏။ အခုလိုပိုင်ဆိုင်ခွင့်ရပြန်တော့လည်း တယုတယလေး ထွေးပွေ့ထားချင်မိပါသည်။

သူမလေးက ဆိုးနွဲ့ချွဲပျစ်လာချိန်မျိုးတွေဆို သူမကို အာခံတွင်းထဲမှာ ငုံထားချင်သည်ထိ ချစ်မြတ်နိုးရပါသည်။

ထိုသို့ချစ်စရာကောင်းလှပါသော စံချိန်မှီဆိုတဲ့မိန်းကလေးက သူ့ဇနီးတဲ့လေ။

သူ မပျော်ဘဲရှိပါ့မလား. . .

☐☐☐

အခန်း (၁၂)

"ကေသရီက မှိုရွေးပေးလိုက်တဲ့အရောင်ကို သိပ်ကြိုက်တာသိလား။ သူ မှိုကို လုံးဝအချိန်တိုင်းကျေးဇူးတင်မှာကေန်ပဲ။ ဝါဇီက အစားရှုးလေ။ ဒီနေ့ မှိုမှာပေးလိုက်တာ သူ့အကြိုက်ချည်းပဲ။သူသိပ်ပျော်နေတယ်။ အေမီက အသီးကြိုက်တယ်လေ။ မှိုရွေးပေးလိုက်တဲ့ ရေမွှေးကို သူသိပ်ကြိုက်တာ"

"လမင်းက ဘာကြောင့် လက်ဆောင်မယူရတာလဲ"

"လမင်းက လူတစ်မျိုးအစ်ကိုရဲ့။ စာရေးဆရာမပီပီ နည်းနည်းအတွေးလွန်တယ်။ သူ့အတွက် ဒါတွေမလိုပါဘူး။ သူက ဘယ်အရာကို

မှ နှစ်နှစ်ပြိုက်ပြိုက်ကြိုက်လုတယ်မရှိဘူး။ ကုန်ကြမ်းတွေ စုဆောင်းပေးရင်ကို သူ့အတွက်တော့ ပြည့်စုံနေပြီ''

''ကုန်ကြမ်း၊ ဟုတ်လား''

''အင်း၊ ကေသရီရယ်၊ အေမီရယ်၊ ဝါဇီရယ်၊ မှီရယ်က သူ့ရဲ့အဓိကကုန်ကြမ်းတွေပေါ့။ လမင်းအကြောင်း အစ်ကို့ကို ဟာသပြောရဦးမယ်။ သိလား''

''ဘာဖြစ်လို့လဲ''

''သူက တစ်ခါတစ်ရံမှာ စိတ်ရှုပေါက်တယ်သိလား။ စမ်းသပ်တာလေ။ တစ်ခါကဆို ရေသန့်ဘူးနဲ့ နပူးထိမှန်တဲ့အသံကို မသိလို့ဆိုပြီး ညတစ်နာရီထိုးကြီး ရေသန့်ဘူးတွေထဲက ရေတွေသွန်ပြီး မှီတို့ရဲ့ နပူးတွေကို လိုက်ပေါက်ထားကုန်တာ။ မှီတို့ဖြင့် လန့်ကြလို့ပဲ''

ဟုပြောတော့ အစ်ကိုက ရယ်ပါသည်။

အစ်ကိုရယ်နေရင် သူမ သိပ်သဘောကျနှစ်သက်ရပါသည်။

''အစ်ကို''

''ဗျ''

''မှီ့ကို တစ်ပတ်တစ်ခါ အဲဒီအိမ်ကိုလိုက်ပို့ရမယ်နော်။ ဒါပဲ''

''ဟုတ်ကဲ့ပါဗျာ။ သခင်မလေးအမိန့်အတိုင်းပါပဲ''



''သားရေ''

ခေါ်သံကြောင့် ကြည်နူးစရာစကားဝိုင်းလေးမှာ ပြတ်တောက်သွားရပါသည်။

''မှီ၊ ခဏနော်''

ဟုဆိုကာ မဆိုင်းမတွပင်ထသွားသောအစ်ကိုကြောင့် သူမမှာ ကျန်ရစ်နေသူဖြစ်သွားရပါသည်။ သူမက တစ်နေ့လုံး ပျော်ရွှင်ကြည်နူးခဲ့ရသည်များကိုတွေးပြီး အိပ်ပျော်သွားချိန်ထိ အစ်ကိုက ပြန်ရောက်မလာခဲ့ပါသေးချေ။

မနက်ခြောက်နာရီထိုးတော့ အကျင့်ဖြစ်နေပြီဖြစ်တဲ့ မျက်လုံးများက အော်တိုဖွင့်လာရပါသည်။

ထုံးစံအတိုင်း အစ်ကို့အိပ်ရာသို့ လှမ်းကြည့်လိုက်တော့ အစ်ကိုက ရှိမနေသဖြင့် သူမမှာ ဇဝေဇဝါနှင့် ဝေခွဲရခက်သွားပါသည်။

အစ်ကို ညက သူမနားမှာမှပြန်အိပ်ရဲ့လား၊ ဒါမှမဟုတ် မနက်အစောကြီး ထသွားတာလား။ အစ်ကို ဘယ်သွားတာလဲ၊ မနက်အစောကြီး ဘယ်မှာ ဘာသွားလုပ်တာလဲ။

အစ်ကိုက မဟုတ်တာ မလုပ်ဘူးဆိုတာကို ယုံကြည်နေတဲ့အတွက် ဘယ်သွားတာလဲ၊ ဘာလုပ်နေတာလဲဆိုတာ စဉ်းစားမရနိုင်

ခြင်းများစွာနှင့် အိမ်ထဲရှိအခန်းလွတ်မှန်သမျှ ဖွင့်ကြည့်ရှာဖွေမိသည်တွင် နောက်ဆုံးမှာ အစ်ကိုကို စာကြည့်ခန်းထဲ၌ မှောက်လျက်ကြီးအိပ်ပျော် နေသည်ကို တွေ့လိုက်ရပါသည်။

ကွန်ပျူတာကြီးကလည်း ပွင့်နေတာကြောင့် အလုပ်လုပ်ရင်း အိပ်ပျော်သွားတာပါလားဆိုတာသိရ၍ သူမရင်ထဲ စိတ်မကောင်းဖြစ်သွား ရပါသည်။

စောင်ပါးပါးတစ်ထည်ကိုဆွဲယူလိုက်ပြီး အစ်ကို့ကိုယ်ပေါ်တွင် ဖွဖွလေး လှမ်းတင်လိုက်ပါသည်။

မီးလင်းနေလျှင် အစ်ကိုနိုးသွားမည်စိုးသဖြင့် လိုက်ကာစများ ကိုဆွဲချပြီး မီးရောင်မှိန်မှိန်ကို အမှောင်ချပစ်သည့်ထိ အစ်ကိုက မ သေးပါချေ။

သိပ်ပင်ပန်းပြီး အိပ်ရေးဝတ်သွားသည်ထင်ပါရဲ့။ နှစ်နှစ်ခြို ခြိုက်ကြီးပင် အိပ်ပျော်နေခဲ့သည်မှာ အသက်ရှူသံလေးများပင် ကြား ရသည်ထိပင်။

သူမ စာကြည့်ခန်းထဲကထွက်လာခဲ့တော့ နံရံကိုကျောမှီက လက်ပိုက်ပြီး သူမထွက်အလာကို မိန့်မိန့်ကြီးစောင့်ကြည့်နေခဲ့သော မ ငယ်နှင့်ဆုံစည်းရပါသည်။



"ရှင်ကတော့ အပြင်ထွက်ရပြီး စိတ်ကြိုက်သုံးဖြုန်းရလို့ ပျော် နေမှာပေါ့။ အဲဒီအချိန်မှာ ကိုကိုက အရေးကြီးတဲ့လူတစ်ယောက်ကို သွားမတွေ့လို့ သိန်းကို ရာနဲ့ချီပြီးနစ်နာသွားရတယ်။ တစ်နေ့လုံးအလုပ် ကို တစ်ညတည်းဖြတ်ရတော့ ပင်ပန်းတာပေါ့။ ငါ့အစ်ကို အဲလိုပင်ပန်း တော့ ရှင်ပျော်ရတာပေါ့။ ဟုတ်လား စံချိန်မို့"

ဟု ရွဲ့သွားတာလား ခနဲ့သွားတာလားမသိတဲ့ မရိုးငယ်ရဲ့စကား များက သူမဦးနှောက်ထဲ အတွေးတွေ တစ်သီကြီးထည့်ပေးသွားခဲ့ပါသည်။

သူမ. အစ်ကို့ပေါ်တရားရဲ့လား. . .

□□□



အခန်း (၁၃)

"မရိုးအောင်ကို ရှင်တကယ်ချစ်ရင် သူ့ကိုစာနာရမယ် စံရှိန်မို့"

"သူ့ကို တကယ်ချစ်တယ်မချစ်ဘူးဆိုတာ အမှန်ဟိုင်း. ရိုးရိုး သားဝန်ခံရရင် ငါကိုယ်တိုင်မသိဘူး။ သူ့ကိုအားကိုးတယ်၊ သူနဲ့နေ တာ ပျော်တယ်၊ ဒီလောက်ပဲ၊ ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်း၊ အားကိုးယုံ ည်ခြင်းတွေဟာသာ အချစ်ဆိုရင်တော့ ငါ သူ့ကိုချစ်တယ်"

"ရှင်က ခင်ပွန်းတစ်ယောက်လိုချစ်တာပါ။ ရှင် သူ့ကို ချစ်သူ စ်ယောက်လို ပြောင်းချစ်ကြည့်ပါလား"

"ချစ်တယ်ဆိုတာမျိုးကို တို့သိပ်နားမလည်ဘူး လမင်း။ ခင်

တယ်ဆိုတာ ဘယ်လိုခံစားရတာလဲ''

''သူ့ဘဝကို တစ်ထပ်တည်းကျ နားလည်ပေးချင်လာရမယ်၊ သူ့အတွက်ဆို ဘာမဆိုလုပ်ပေးချင်လာရမယ်''

''သူ့အတွက် လုပ်ပေးချင်ပါတယ်၊ ဒါပေမဲ့ တို့မာနကို တစ်ပြားမှမကျန်အောင် သူ့များခြေတော်ရင်းမှာ ခစားချဖို့ကြတော့ လုံးဝမဖြစ်နိုင်ဘူး။ ရှင်မနေကြည့်ဖူးသေးလို့ လမင်း၊ အဲဒီသားအမိက သိပ်ကိုစီးပိုးနိုင်လွန်းတာ''

''သည်းခံပေါ့ဟာ။ သူတို့က မြင့်တဲ့လူပဲ''

''သည်းခံရလွန်းလို့လည်း ပိပြားနေပြီ လမင်း၊ စိတ်ထဲရှိတဲ့တိုင်းသာ ပတ်ရမ်းပစ်လိုက်ချင်တော့တယ်''

''စဉ်းစားပေါ့။ ရှင်အဲလိုလုပ်လိုက်တော့လည်း ရှင့်ကိုသိပ်ချစ်လှတဲ့ မရိုးအောင်က သနားစရာဖြစ်နေမှာပေါ့။ သူက လွန်ဆွဲနေသူနှစ်ဖက်ကြားက လွန်ကြိုးလေးတစ်စပါ''

''တစ်ခါတစ်ရံမှာ သူ့ကို တို့ သိဂ်စိတ်အားမရဖြစ်မိတယ်၊ မလှုပ်မယှက် မတုန်မလှုပ်နဲ့ အဲဒီနားမှာပဲ ရစ်တွယ်နေတယ်။ တို့ကိုသည်းခံပေးဖို့ချည်း အထပ်ထပ်မေတ္တာရပ်ခံနေတော့တာပဲ''

''ဂီအနေနဲ့တော့ မရိုးအောင်ကိုပဲ အားပေးချင်နေမိတယ်''



''တို့က ရှင့်သူငယ်ချင်းနော်''

''မရိုးအောင်က ဘာနဲ့တူသလဲသိလား၊ ခရီးသွားချင်နေတဲ့ အာလူးတစ်လုံးနဲ့တူတယ်။ လိမ့်ချင်ပေမယ့် အဖုအထစ်တွေနဲ့မို့ ရှောရှောရှူရှူလိမ့်မရ၊ အားရှိအားကုန်လိမ့်လိုက်ပြန်မယ်ဆိုလည်း လမ်းချော်သွားမှာစိုးရိမ်ရနဲ့ လမ်းတစ်ဝက်မှာ တန်းလန်းကြီးမဟုတ်တောင်ပန်းတိုင်က မခွာနိုင်ဘူး၊ ခုန်ချပြန်မယ်ဆိုလည်း ချောက်ကမ်းပါးနက်ကြီး၊ ရပ်နေ ပြန်မယ်ဆိုလည်း မီးတောက်က နီးစပြုလာပြီ''

''ရှင်ပြောလိုက်မှ တို့ သူ့ဘဝကို အလုံးလိုက် တွေ့မြင်သွားမိသလိုပဲ၊ တို့ဘာလုပ်ရမလဲ''

''အကောင်းဆုံးတော့ ဆက်၍သည်းခံနေလိုက်ပါ။ မတူညီတဲ့ ဘဝနှစ်ခုပေါင်းစပ်မှုတော့ စင်းလုံးချောဘယ်ဖြစ်ပါ့မလဲ။ သည်းခံခြင်းဟာ အောင်နိုင်ခြင်းတဲ့''

''သည်းခံတော့မယ်လို့ စဉ်းစားလိုက်ချိန်တိုင်း တို့ရင်ထဲမှာ အောင့်သက်သက်ကြီးဖြစ်သွားရတယ်။ ဒါကြောင့် အခု တို့အဘွားကြီးကို ကလန်ကဆန်လုပ်ပြီး ထွက်လာတာ၊ ခုချိန်လောက်ဆို အိမ်သန့်ရှင်းရေးကို အဘွားကြီးလုပ်နေလောက်ပြီ''

''ရှင် အဲလိုတော့ မလုပ်သင့်ဘူးနော်''

"တို့လုပ်နေတာ တစ်ပတ်လောက်ရှိသွားပြီ။ အိမ်သန့်ရှင်းရေးဆိုတာကို လုပ်ကြည့်လိုက်ပါဦး။ ဘယ်လောက် ပင်ပန်းသလဲဆိုတာ"

"ဒေါ်မြင့်မြတ်လိုလူမျိုးကို ဒီလိုဆက်ဆံဖို့မသင့်ဘူးထင်တယ်"

"action ရှိရင်reaction ရှိတယ်ဆိုတာ ရှင်ကြားဖူးပါတယ်"

"ဒါပေမဲ့ သူက ယောက္ခမ၊ ရှင်က ချွေးမ"

"တို့ကို သူက ချွေးမလို့မှမသတ်မှတ်တာဘဲ။ တို့ကလည်း အဲဒီအကာန့်တွေကို တွေးနေဖို့မလိုဘူးလို့ထင်တယ်"

"အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်တော့မှာပဲ"

"ရှင်ရဲ့စကားလုံးက အဆန်းပါလား"

သူမက အဲဒီလိုပေါ့ပါးသွက်လက်စွာပြောတော့ လမင်းက သက်ပြင်းပူကြီးကို တနင့်တပိုးမှုတ်ထုတ်လိုက်ပါသည်။

"ဘာမှသက်ပြင်းချမနေနဲ့။ ပျော်ပျော်နေသေခဲတဲ့။ ပျော်ပျော်သာနေစမ်းပါ။ တို့စိတ်တိုနေလို့ ရှင်တို့ဆီလာခဲ့တာ။ အခုချိန်မှာ တို့ကျေနပ်နေတယ်။ ပျော်ရွှင်နေတယ်။ အဲတော့ အဲဒီအကြောင်းအရာတွေကို ခေတ္တဘေးဖယ်ထားပြီး ကေသရီတို့လာရင် ပျော်လိုက်ကြရအောင်။ တို့အဲလိုမပျော်ရတာ ဘယ်လောက်ကြာနေပြီလဲ"



ဟုဆိုလိုက်တော့ သူမမျက်နှာတွင် ပျော်ရွှင်ခြင်းတို့က ယှက်ဖြာ ကူးပြောင်းလာရပါသည်။

"အခုတို့ဆီမှာ ငွေနှစ်သိန်း ပါလာခဲ့တယ်။ တို့သိပ်သွားချင်ပြီး မသွားဖူးခဲ့တဲ့ဆိုင်တွေမှာ သွားစားမယ်။ ပြီးတော့ တို့တစ်ဖွဲ့လုံး ကလပ်တက်မယ်။ မလိုက်မနေရနော်"

ဟု မြီးကောင်ပေါက်သူငွေသမီးလေးပမာ ပျော်ရွှင်နေသော စံချိန်မှီကို လမင်းက လေးသွဲ့စွာစိုက်ကြည့်နေခဲ့ပါတော့သည်။

❒❒❒



## အခန်း (၁၄)

"ဟင်! မေမေ"

ကြမ်းတိုက်တံလေးတစ်ချောင်းနှင့် ဧည့်ခန်းတစ်ခုလုံးကိုတိုက်ချွတ်နေသော နဖူးပြင်မှာ ချွေးလေးစို့စို့နှင့်မေမေကို သူက အံ့တသြနှင့် စိုက်ကြည့်နေခဲ့ပါသည်။

"ဟင်! မေမေ"

ထပ်မံထွက်ပေါ်လာသော ညီမလေး၏အာမေဋိတ်သံကြောင့် သူ ပိုမိုစိတ်ရှုပ်ထွေးသွားရပါသည်။

"မေမေ ဘာဖြစ်လို့ ဒါတွေလုပ်နေရတာလဲ"

"လုပ်မယ့်လူမရှိတော့ မေမေပဲလုပ်ရတာပေါ့ သမီးရယ်။ သမီးလည်းသိရဲ့သားနဲ့။ မေမေက ညစ်ပတ်ရင် နေတတ်တာမဟုတ်ဘူး"

"စံချိန်မှီရော"

"မနက်တည်းက ထွက်သွားတာပဲ"

"ဟင်! မေမေ့လက်တွေ"

"အိမ်အလုပ်တွေ မလုပ်တာကြာတော့ အဲလိုဖြစ်သွားတာပါ။ ဪ, သားအခန်းထဲက အဝတ်တွေပါ မေမေ တစ်ခါတည်းလျှော်လိုက်တယ်"

"မေမေ ဘာဖြစ်လို့ အဲလိုတွေလုပ်ရတာလဲ"

"မေမေက အသက်ကြီးပြီလေ။ လုပ်ငန်းခွင်မှာ အသုံးသိပ်မဝင်တော့ အိမ်မှုကိစ္စက မလစ်ဟာတော့ဘူးပေါ့။ ဥစ္စာယို စားဖိုက ဆိုတာမျိုးက ရှိတယ်မဟုတ်လား"

"ဒေါ်အေးကလည်း ကြာလိုက်တာဗျာ။ နောက်တစ်ယောက်ထပ်ခေါ်ရင်"

"တော်ပါပြီ သားရယ်၊ အပိုကုန်ပါတယ်၊ လူရှုပ်တယ်။ အိမ်မှာလည်း ဘာအလုပ်မှ ကြီးကြီးကျယ်ကျယ်ရှိတာမှမဟုတ်တာ။ မေမေလုပ်နိုင်ပါတယ်"



ဟု အားတက်သရောကြီးပြောနေတဲ့မေမေ့ကြောင့် သူ့ရင်ထဲမှာ စိတ်မကောင်းခြင်းတို့ ပြည့်နှက်သွားရပါသည်။

သူသိတတ်စအရွယ်ကတည်းက မေမေဟာ ခုလိုပင်ပန်းကြီးစွာ ချွေးဒီးဒီးကျရသည့်အလုပ်မျိုးကို တစ်ခါမှလုပ်တာမမြင်ခဲ့ဖူးပါ။

ဖေဖေ့လက်ထက်တွင် မေမေ့ကိုစိတ်ချမ်းသာပျော်ရွှင်စွာ အခန့်သားနေစေခိုင်းသလောက် သူ့လက်ထက်မှာတော့ဆိုတဲ့အတွေးမျိုးက သူ့ကို နှိပ်စက်လှပါသည်။

သူ့ရင်ထဲမှာ ပူလောင်လှပါပြီ။

သူဟာ အသုံးမကျတဲ့သားတစ်ယောက်လား. . .

"ကိုကို"

ညီမလေးအသံကြားရတာနှင့်ပင် ကိုယ်ကိုယ်ကို လိပ်ပြာမလုံခြင်းက ပိုတိုး၍ခံစားရပါသည်။

"ဪ"

"စံချိန်မှီရော"

"မေမေပြောသားပဲ၊ အပြင်သွားတယ်လို့"

"မလွန်လွန်းဘူးလား ကိုကို။ စံချိန်မှီဟာ လွန်လွန်းမနေဘူးလား"

"သူ ပျင်းလို့ဖြစ်ပါလိမ့်မယ်"

"အမြဲတမ်း ကိုကို့မိန်းမကို ကိုကိုကကွယ်ပြောဖို့ပဲသိတယ်။ ငယ်လေးနဲ့မေမေ့ကို ကိုကိုထည့်မစဉ်းစားတော့ဘူးလား။ မေမေ့ကို ခု လိုမြင်ရတာ ငယ်လေး သိပ်အသည်းနာတာပဲ။ ကိုကိုတွေ့ဖူးသလား မေမေအဲလိုလုပ်တာ၊ ကိုကို ဘယ်တုန်းကတွေ့ဖူးသလဲ၊ ကိုကို အိမ်ထောင်ပြုလိုက်မှ မေမေ အဲလိုတွေလုပ်ရတာ၊ ကိုကို့မိန်းမအချိုးမပြေလို့ အဲလိုတွေလုပ်ရတာ။ ငယ်လေးတို့လက်ထက်မှာမှ မေမေက ပင်ပန်းရတာ။ သေသွားရင်တောင် ဖေဖေ့ကိုမျက်နှာပူချင်စရာသိပ်ကောင်းနေပြီ၊ ဖေဖေ တစ်ယောက်တည်းရှိခဲ့တုန်းက မေမေရော၊ သားသမီးတွေကိုရော ပျော်ရွှင်မှုတွေအတိနဲ့ လိုလေသေးမရှိ ထားခဲ့သေးတာ၊ အခုတော့ သားသမီးတွေ အရွယ်ရောက်လာမှ မေမေက ဒီလိုပုံနဲ့ ငယ်လေးတို့သေသွားခဲ့ရင်တောင် ဖေဖေ့ကိုဘယ်လိုမျက်နှာချင်းဆိုင်ရမလဲ။ တမလွန်မှာ ဖေဖေနဲ့ တွေ့ကြရင် ဘယ်လိုစကားမျိုးနဲ့တောင်းပန်ရမလဲ။ ဟမ်း. . . ကိုကို"

"ကောင်းပြီ၊ ငါ့ကိုဘယ်လိုဖြစ်စေချင်လို့လဲ"

"အကောင်းဆုံးကတော့ အဲဒီမိန်းမကိုအလျော်ပေးပြီး ကွာပစ်လိုက်ပါ"

"ဟမ်း. . ."



"လောဘတက်လို့ စည်းစိမ်တစ်ဝက်တောင်းလာရင်လည်း ဒါတွေက ကိုကို့နာမည်နဲ့မှမဟုတ်သေးတာ၊ သိပ်စိတ်မပူပါနဲ့။ စံချိန်မှီထက် အဆပေါင်းများစွာသာတဲ့လူတွေ ငယ်လေးတို့ပတ်ဝန်းကျင်မှာ တစ်ပုံကြီးပါ"

"အဲလိုလုပ်လိုက်ရင် ကိုကိုဟာ ယောကျ်ားကောင်းတစ်ယောက် ဘယ်လိုလုပ်ဟုတ်တော့မလဲ။ ကိုကို့ကိုနားလည်ပေးပါကွာ"

"ဒါဆို သိပ်တရားလွန်လွန်းတဲ့ကိုကို့မိန်းမကိစ္စကို ကိုကိုဘယ်လိုရှင်းမလဲ"

"ကိုကိုစီစဉ်ပါ့မယ်"

"ကိုကို အိမ်ကထွက်သွားဖို့တော့ လုံးဝစိတ်မကူးနဲ့နော်၊ မေမေရော ငယ်လေးပါ မိန်းမသားတွေ။ တစ်ချိန်ချိန် ငယ်လေးအိမ်ထောင်ပြုသွားရင် မေမေတစ်ယောက်တည်း။ ကိုကို, ဖေဖေ့ကိုဘယ်လိုကတိပေးထားသလဲ"

"စိတ်ချပါ။ ကိုကိုဘယ်ကိုမှမသွားပါဘူး။ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပါ့မယ်ကွာ။ တကယ်ပါ"

"ကိုကို့မိန်းမကို ကောင်းကောင်းဆုံးမထားပါ။ ဒီ့ထက်ဆိုးလာရင်တော့ ငယ်လေးက လုံးဝသည်းခံနိုင်တော့မှာမဟုတ်ဘူးနော်"

ဟုဆိုကာ ထွက်သွားသောငယ်လေး၏သတိပေးစကားက သူ့ကမ္ဘာကြီးကို ရပ်တန့်လိုက်သလိုပင်။ သူဘာလုပ်သင့်သလဲ၊ ဘာလုပ်ရမလဲ၊ မစဉ်းစားတတ်တော့ပါ။

ဒါကြောင့်ပင် ကွန်ပျူတာကိုဖွင့်ပြီး စိတ်တွေအားလုံးကို အလုပ်ထဲတွင် အပ်နှံထားလိုက်ပါသည်။ ကြာလာတော့လည်း အလုပ်ထဲတွင် ရှာန့်ဝင်သွား၍ အရာအားလုံးကို ခေတ္တမျှမေ့လျော့သွားရပါသည်။

ထိုအချိန်မျိုးဟာ သူ့စိတ်အသက်သာရဆုံးပေါ့။

မျက်ရိုးတွေကိုက်ပြီး ဖက်ကြောတွေ လေးလာတော့မှ လုပ်လက်စများကို သိမ်းဆည်းပြီး ကွန်ပျူတာကိုပိတ်လိုက်တော့ ညဆယ်နာရီခွဲအတိဖြစ်နေပါပြီ။

ထိုအခါမှာတော့ မို့ထံပြန်လည်၍ စိတ်ရောက်သွားရပါသည်။ ဒီအချိန်ထိပြန်မလာတာ မို့ဘယ်များသွားနေပါလိမ့်၊ ဒါမှမဟုတ် မေမေနဲ့များ တစ်ခုခုဖြစ်ပြီး ထွက်သွားတာလား၊ သူ ရောက်တတ်ရာရာ တွေးမိတွေးရာကို တွေးတောနေမိပါသည်။

ထို့ကြောင့်ပင် အိမ်ကများ ဆင်းသွားသလားဆိုတဲ့အတွေးနှင့် မို့ရဲ့အဝတ်ဗီရိုကိုဆွဲဖွင့်လိုက်တော့ စီရရီစနစ်ကျနေသော အဝတ်စားများက သူ့ကို အကန့်လိုက်ကြိုဆိုနေခဲ့ပါသည်။



"မို့ ဘယ်များသွားနေပါလိမ့်"

သူ ခုတင်ပေါ်တွင်ထိုင်၍ စဉ်းစားနေလိုက်ပြန်ပါသည်။

သို့သော် တစ်ခုခုကိုသတိရပြီး အံဆွဲတစ်ခုကိုဆွဲဖွင့်လိုက်ရာ ငွေနှစ်သိန်းလျော့နေတာကြောင့် မို့ဟာ လမင်းတို့ဆီသွားတာပါလားဆိုတာ သိလိုက်ခြင်းနှင့်အတူ ပူပန်မှုက လျော့ကျသွားရပါသည်။

"ဒေါက်! ဒေါက်!"

"ကိုကို"

"အင်း"

"အိပ်ပြီလား"

"ဘာလုပ်မလို့လဲ"

"မေမေ နေမကောင်းဖြစ်နေလို့"

"ဘာ!"

သူပြာဝေသွားရကာ တံခါးဖွင့်ပြီးထွက်လာတော့ စိတ်ပူပန်နေပုံနှင့် ညီမလေးကိုတွေ့လိုက်ရပါသည်။

"ဘယ်လိုဖြစ်တာလဲ"

"ကိုယ်တွေပူနေတယ်၊ ညောင်းကိုက်တယ်လို့ပြောတော့ ငယ်လေးက နှိပ်ပေးပြန်တော့လည်း နာကယ်တဲ့"

သူ ဘာမှရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ဘဲ မေမေ့အခန်းထဲ ပြေးဝင်လာခဲ့ရာ အိပ်ရာပေါ်မှာ ဖျော့တော့စွာ လဲလျောင်းနေသည့် မေမေ့ကိုတွေ့လိုက်ရပါသည်။

"မေမေ"

"ဩော်, သားမအိပ်သေးဘူးလား"

"ဘယ်လိုဖြစ်ရတာလဲ"

"တစ်နေကုန်ဆပ်ပြာမှုန့်နဲ့ရေတွေ ကိုင်နေလို့နဲ့တူတယ်"

"ခံရခိုးနေသလားဟင်။ သား,ဆရာဝန်ခေါ်လိုက်ပါ့မယ်၊ ခဏနော်"

"စံချိန်မှီရော"

ဟု မေမေက မှိုကိုသတိတရနှင့်မေးလာစဉ်မှာ သူခံစားသွားရပါသည်။

ဘာပြန်ဖြေလို့ဖြေရမှန်းလည်းမသိပါ။

"ပြန်မလာသေးဘူးလား။ ဆယ်နာရီတောင်ခွဲနေပြီ"

"သား, ဆရာဝန်ခေါ်လိုက်မယ်နော်"

ဟုဆိုကာ ဒေါက်တာကျော်စွာ့ဆီဖုန်းဆက်ပြီး ခဏအကြာမှာ ဒေါက်တာကျော်စွာ ရောက်လာခဲ့ပါသည်။



ပေပေ့ကိုဆေးထိုးပေးပြီး သောက်ဆေးတွေပေးကာ ဒေါက်တာပြန်သွားသည့်အချိန်မှာ ဆယ့်တစ်နာရီထိုးပြီးနေခဲ့ပါပြီ။

မေမေက တစ်နေကုန်ပင်ပန်းထားသောအရှိန်နှင့် ဆေးရှိန်ပါ ရောချ်အိပ်ပျော်သွားတော့မှ ငယ်လေးက သူ့ကိုအပြစ်တင်ချင်သလို မျက်လုံးမျိုးနှင့်ကြည့်လာခဲ့ပါသည်။

သို့သော် ထိုမျက်ဝန်းတွေကိုဥပေက္ခာပြုကာ ထွက်လာခဲ့ပြီးမှ ညအိပ်ဝတ်ကိုလဲကာ ကားမောင်းပြီးထွက်လာခဲ့ချိန်တွင် ညဆယ်တစ်နာရီခွဲပြီးနေခဲ့ပါပြီ။

သူ မတွေးတတ်ပါ။ မှိုက ဘာဖြစ်လို့ ဒီအချိန်ထိကြီး သူများဆီမှာ သွားလည်နေရသလဲဆိုတာကိုပေါ့။

မေမေကများ တစ်ခုခုပြောလိုက်လို့လားဆိုတဲ့သံသယက သူ့ရင်ထဲကို တဖြည်းဖြည်းနှင့် ကြီးစိုးဝင်ရောက်လာခဲ့ရပါတော့သည်။ မေမေနဲ့မှို ဘာများဖြစ်ကြသေးသလဲဟု မေမေ့ကိုတိုက်ရိုက်ပွင့်ပွင့်လင်းလင်းကြီးမေးပစ်ချင်ပေမယ့်လည်း မေမေများ တစ်မျိုးကြီးတွေးပြီး ဝမ်းနည်းနေဦးမလားဆိုပြီး စောင့်စည်းထိန်းသိမ်းရတဲ့ဝဋ်ဒုက္ခက ဆိုးဝါးလှပါသည်။

သူ လမင်းတို့အိမ်ကိုရောက်တော့ ငါးလွှာမှာဖြစ်တဲ့အတွက် ခေါင်းလောင်းကြိုးကိုဆွဲလိုက်၏။ လူထွက်ကြည့်မလာပါ။

အိပ်များအိပ်ပျော်နေကြတာလားဆိုတဲ့အတွေးနှင့် ခေါင်းလောင်းကြိုးဆွဲပြီး ရပ်စောင့်မနေတော့ဘဲ သိပ်မြင့်တဲ့ငါးလွှာပေါ်သို့သာ ခြေလှမ်းကျဲကြီးများနှင့် တက်လာခဲ့ပါ၏။ တံခါးကို အကြိမ်ကြိမ်ထုလိုက်ပေမယ့် အိမ်ရှင်က ထွက်မလာသဖြင့် သူမှာ ဘာလုပ်လို့လုပ်ရမှန်းပင်မသိတော့။ နောက်ဆုံးမှာတော့ သံပန်းကိုဆုပ်ညှစ်ရင်းခါပစ်လိုက်၏။

အိပ်ပျော်နေကြတာပါဆိုရင်တော့ ထိုအသံကြီးက လူတစ်ဦးကို နိုးသွားစေနိုင်တာမို့ အိမ်ထဲမှာ လူများမရှိကြဘူးလားဟူသောအတွေးက ရုတ်တရက်ဝင်ရောက်လာခဲ့ပြန်ပါသည်။

အိမ်ထဲမှာ.လူတစ်ယောက်မှမရှိတော့လောက်အောင် လူတွေက ဘယ်များသွားနေကြတာလဲဆိုတာ မစဉ်းစားတတ်ခြင်းနှင့်အတူ ပြန်ဆင်းပြီး သူတို့ပြန်အလာကို ကားထဲမှာပင် ဝင်စောင့်နေလိုက်ပါသည်။

သူ အချိန်အတန်ကြာစောင့်ပြီးချိန်မှ သူ့ကားနှင့်မျက်နှာချင်းဆိုင်တွင် တက္ကစီတစ်စီး ထိုးဆိုက်လာခဲ့ပါသည်။

ကြွက်ကြွက်ညံနေသောကားထဲမှထွက်လာသံများကြောင့် သူအမှတ်မထင်ကြည့်လိုက်မိစဉ်မှာ ကားပေါ်မှဆင်းလာသောကေသရီကို တွေ့လိုက်ရပါသည်။ ပြီးနောက် အေမီ၊ ဝါဇီ၊ လမင်း။ ပြီးတော့မှ သူ့ရဲ့မဟော်သီ [illegible]။



ကြည့်စမ်းပါဦး! ဝတ်စားထားလိုက်ကြတာ။ ဒီလိုတို့နန့်နန့် ကျပ်ညပ်ညပ်အဝတ်အစားတွေနဲ့ ဒီအချိန်ကြီး ဘယ်ကပြန်လာကြတာလဲ။

ကားမီးရောင်ကြောင့် မြင်နေရသည့် ထွေပြားနေသောမျက်ဝန်းတွေကြောင့် ကလပ်က ပြန်လာတာပဲဖြစ်လိမ့်မယ်ဆိုတာကို သူအတတ်ပြောနိုင်သွားရပါသည်။

"လမင်း, ရှင် ကျုပ်ကို ကျေးဇူးမတင်ဘူးလား။ ဒီနေ့ ရှင့်အတွက် ကုန်ကြမ်းတွေအများကြီးပေးလိုက်ပြီ"

"Thank you...ကွာ။ တို့ ကလပ်ကို ဒါပထမဆုံးရောက်ဖူးတာပဲ။ အကြားနဲ့ရေးရတာထက် လက်တွေ့မြင်ရတာ ပိုပီပြင်တာပေါ့။ Thank you...စံချိန်မို့"

"ကဲ, ရှင် ရှင့်အိမ်ပြန်မှာလား။ တို့အိမ်မှာပဲ အိပ်မှာလား"

"ဒီအချိန်ကြီး အိမ်ပြန်မှတော့ ယောကျ်ားမနဲ့ ငိုသွားမှာပေါ့ကွ"

"ဒါဆို တက်အိပ်ကြရအောင်။ ရှင်က သူ့ဖွေးကတော်ဆိုတော့ ငြိမ့်ပေမယ့် တို့တွေက အလုပ်သွားကြရဦးမှာလေ"

ထွေပြားဝေဝါးနေတဲ့ထိုအသံတွေကိုကြားရတော့ သူ့နှလုံးသားကြီးမှာ နာကျင်နေရပါ၏။

သူ ကားပေါ်မှဆင်းပြီး. . .

"စံချိန်မှီ"

အော်သံကြောင့် အားလုံးသောခြေလှမ်းတွေမှာ ရပ်တန့်သွားကြပြီး မျက်လုံးများက သူ့ထံပါးတွင် ရောက်ရှိလာကုန်ရပါသည်။

"ဟော! တို့ရဲ့ချစ်ချစ် လာကြိုနေပြီ၊ အစ်ကို"

"ကိုမရိုးအောင် ရောက်နေတာကြာပြီလား"

"အင်း"

ဆူညံနေသော ရင်ထဲက နာကျင်ကြေကွဲမှုများကြောင့် ဖြေသံက မပီမသရယ်ပါ။

လူအုပ်ကြားမှ မှိုရဲ့လက်ကိုသာ ဆွဲခေါ်လိုက်ပြီး ကားပေါ်တွန်းတင်ကာ မည်သူ့ကိုမှ ရမစိုက်တော့ဘဲ နှုတ်မဆက်တော့ဘဲ မောင်းထွက်လာခဲ့ပါသည်။

"သူငယ်ချင်းတို့, တာ့တာ. . . ဘိုင့်ဘိုင်"

"တာ့တာ"

"အင်း, သွားပြီ"

"မရိုးအောင် စိတ်တိုနေတာထင်တယ်"

"ဟုတ်ပ၊ မျက်လုံးတွေနီနေတယ်"

"သ ဒီဟစောင့်နေတာကြာပြီလားမသိဘူး၊ ဟူး. . . အားနာ



စရာတွေတော့ ဖြစ်ကုန်ပါပြီ"

"ငါတို့ငြင်းသင့်တယ်နော်။ အခုတော့ ငါတို့က မြှောက်ပေးသလိုတွေ ဖြစ်နေကြကုန်ပြီ"

"ပြီးပြီပဲ၊ ဘယ်တတ်နိုင်မလဲဟာ"

"သူတို့ ဘာတွေဆက်ဖြစ်ကြမလဲမသိဘူး"

"မပူပါနဲ့၊ မရိုးအောင်က စံချိန်မှီကို ဒီလောက်ကြီးချစ်နေတာပဲ"

"ဟင်း. . . အားကျလိုက်တာနော်၊ စံချိန်မှီ ကံကောင်းလိုက်တာ"

ဟု နှုတ်မှဖွဖွလေး ကေသရီကပြောလိုက်ပေမယ့်လည်း မိသားစုအတွင်းရေးကိုသိနေတဲ့လမင်းကတော့ သက်ပြင်းမောကို ရှိုက်လိုက်မိပါသည်။

❒❒❒



## အခန်း (၁၅)

သူမ မနက်အိပ်ရာမှနိုးတော့ ဦးခေါင်းတစ်ခုလုံး နာကျင်ကိုက်ခဲနေရပါသည်။

ညက ဝိုင်သောက်တာ တော်တော်များသွားလို့နဲ့တူတယ်။ တစ်ခါမှမသောက်ဖူးဘဲ မူးအောင်သောက်ပစ်မိ၍ လည်ချောင်းထဲမှာလည်း အက်ရှနေရပါ၏။

ညက ကလပ်မှာ သူမနှင့်တွဲကခဲ့သည့်ကောင်ချော်လေးကို မျက်ဝန်းထဲမှာ ပုံဖော်နေမိပြန်ပါသည်။

ချောလိုက်တဲ့ကောင်ကလေး၊ ဝတ်စားဆင်ယင်မှုများကအစ

ခေတ်မီပြီး သေသေသပ်သပ်နှင့် စမတ်ကျနိုင်လွန်းလှပါသည်။ ကတတ်လိုက်တာလည်း လွန်ရော။ သူမကို အပျိုထင်ပြီး လိုက်ရှုံးနေလိုက်ပုံများတော့ ရင်ခုန်စရာကြီးပင်ဖြစ်၍နေခဲ့ပါသည်။

သူမ ဘာတွေတွေးနေတာလဲ. . .

သူမဟာ အိမ်ထောင်သည်ပဲ၊ ဒါတွေတွေးသင့်ရဲ့လားဟု ပြန်လည်သတိပေးလိုက်သောအချိန်မှာတော့ သူမခင်ပွန်း မရိုးအောင်ကို သတိရသွားရကာ သူ့အိမ်ရာသို့ မျက်လုံးဖွင့်ကာ ကြည့်လိုက်စဉ်မှာတော့ အစ်ကိုက အိပ်ရာထဲတွင်ရှိမနေတော့ပါ။ ဘယ်သွားတာလဲဟု အိပ်ခန်းတစ်လျှောက် မျက်လုံးဝေ့ကာ ရှာဖွေနေမိပါသော်လည်း အစ်ကိုက ရှိမနေပါ။

"ထူးဆန်းတယ်။ ဒီနေ့ သူအစောကြီးနိုးနေပါလား။ ဘယ်များသွားတာလဲ"ဟု တွေးကာ ရေချိုးခန်းတံခါးရွက်ကို ဖွင့်လိုက်ပြန်တော့လည်း အစ်ကိုက ရှိမနေခဲ့ပြန်ပါ။ သူမ တွေးဆဆနှင့် ခုတင်ပေါ်မှာ ပြန်ထိုင်လိုက်တော့မှ အစ်ကိုက အခန်းတံခါးရွက်ကိုဆွဲဖွင့်ကာ ဝင်လာခဲ့ပါသည်။

"နိုးပြီလား"

"အစ်ကို ဘယ်သွားနေတာလဲ"



"မေမေ့အခန်းထဲကိုပါ"

"အစ်ကို ဒီနေ့အစောကြီးနိုးနေပါလား"

"ညကတည်းက မအိပ်သေးတာပါ"

"ဟင်! "

"မေမေ နေမကောင်းဘူး။ မနေ့က အိမ်သန့်ရှင်းရေးကအစ အိမ်မှုကိစ္စမှန်သမျှ တစ်ယောက်တည်းလုပ်လို့ ပန်းသွားတာနဲ့တူတယ်"

"မိုလည်း လုပ်တာပါပဲ"

"ကိုယ် မိုကိုဘာမှမပြောပါဘူး"

အစ်ကို့ပုံစံက သိပ်စိတ်ရှည်ချင်တော့ပုံမပေါ်ပါ။

"ကိုယ့်မေမေက ငယ်ကတည်းက အခုချိန်ထိ စာရင်းတွေကလွဲလို့ အဲလိုပင်ပန်းမှုမျိုး တစ်ခါမှလုပ်ခဲ့ဖူးတာမဟုတ်ဘူး၊ လက်မှာလည်း အရေကြည်ဖုတွေနဲ့၊ လူလည်းတော်တော်နွမ်းနေတယ်၊ အသက်ကြီးမှ ပင်ပန်းဆို ဆရာဝန်ခေါ်ပြီး ကုလိုက်ရတယ်"

"အစ်ကိုက မိုကိုအပြစ်တင်ချင်တာလား"

"ကိုယ်သိပ်ပြီးစိတ်မကြည်ဘူး မို"

ဟုသာဆိုပြီး သူမကိုလုံးဝဂရုမစိုက်တော့ပါဘဲ အင်္ကျီကိုသာချွတ်ပြီး ရေချိုးခန်းထဲဝင်သွားခဲ့ပါသည်။

အစ်ကိုဘယ်လိုဖြစ်နေတာလဲ။ ရုပ်တည်ကြီးနဲ့။ သူမကိုများ စိတ်တိုနေတာလား. . .

သူမ ကလပ်သွားလို့လား။ ဒါမှမဟုတ် သူ့အမေ နေမကောင်းဖြစ်ရတာ သူမကြောင့်ပဲဆိုပြီး သူမကိုစိတ်တိုတာလား. . .

ဘာဖြစ်နေတာလဲ၊ သူ့ဘာသာသူ သွေးကြောလေကြောဖောက်ပြန်လို့ဖြစ်တဲ့ကိစ္စကို သူမက ဘာလုပ်ပေးရဦးမှာတဲ့လဲ။

သူမရင်ထဲ ရှုပ်ထွေးလာပါပြီ၊ အစ်ကိုက အဲလို သူမကိုဂရုမစိုက်ဘဲ ရုပ်တည်ကြီးနဲ့နေပြန်တော့လည်း သူမကမျက်နှာက ကျဉ်းမြောင်းသွားသလိုပင်။

ရေချိုးခန်းထဲမှထွက်လာသော အစ်ကို့ရှေ့မှာ ပိတ်ရပ်လိုက်ပြီး. . .

"အစ်ကို ဒီနေ့ဘယ်လိုဖြစ်နေတာလဲ"

"ကိုယ် အလုပ်တက်ဖို့ရှိသေးတယ် မို"

"အစ်ကိုက အဲလို မို့ကိုဂရုမစိုက်သလိုကြီးဆိုတော့ မို့ရင်ထဲခံရခိုးတယ်။ မိုက အစ်ကိုမျက်နှာကို တစ်ရှာလုပ်ပြီး ကုပ်ကပ်နေရတာပါနော်။ အစ်ကိုက အဲလိုကြီးဆိုတော့ မိုက ဘယ်လိုနေရမလဲ"

သူမက ာပ်သံလေးသုံးပြီး ငိုမဲ့မဲ့လေးပြောလိုက်လျှင် နှလုံး



သားခံနိုင်အားနည်းပါးလှသောအစ်ကိုက မျက်မှောင်ကြီး ချက်ချင်းပြေလျော့သွားကာ. . .

"ဆောရီး, မို၊ ကိုယ်သိပ်ပင်ပန်းနေလို့ပါ"

"မိုဘာလုပ်ပေးရမလဲဟင်"

"ရပါတယ်၊ မိုနေတတ်သလိုပဲနေပါ"

အစ်ကို့အသံက အစ်တစ်တစ်ကြီးရယ်ပါ။

"ကိုယ် ဒီနေ့စောစောသွားရမယ်။ ဒီနေ့အရေးကြီးတဲ့ဧည့်သည်နဲ့လည်း တွေ့စရာရှိတယ်. . . ပြီးတော့ ကိုယ့်ဘက်က ပြင်ဆင်ထားဖို့လည်းရှိတယ်။ ညက ကိုယ်ဘာမှမလုပ်နိုင်ခဲ့ဘူး"

ဟုပြောလည်းပြောကာ ဗီရိုထဲကအဝတ်များကိုထုတ်ပြီး ဝတ်ဆင်ကာ ထွက်သွားမည်အပြုတွင် သူမထံပြန်လှည့်ကြည့်လာပြီးမှ. . .

"မိုဘယ်သွားမယ်၊ ဘာလုပ်မယ်ဆိုတာမျိုးကိုတော့ ကိုယ့်ကိုအသိလေးပေးခဲ့ဦးနော်။ ကိုယ်အဲဒါလေးတော့ သိခွင့်ရှိတယ်မဟုတ်လား"

"အသိပေးချင်ပါတယ်၊ ဒါပေမဲ့ မို့မှာ ဖုန်းဆက်ခွင့်မှမရှိတာ။ မို့ဖုန်းဆက်လိုက်ရင် မရိုးငယ်က ပါပါတွေဖွတ်တင်ချင်လွန်းလို့"

"မရိုးငယ်က ကိုယ့်ရဲ့တစ်ဦးတည်းသောညီမလေးပါ။ တကယ်တော့ မို့ညီမပါလို့ပြောရင်လည်း မမှားဘူး။ တစ်ဦးမေတ္တာ တစ်ဦးမှာတဲ့

မို၊ မေတ္တာထားကြည့်လိုက်ပါလား၊ ဆောရီး၊ ကိုယ်အဲလိုမပြောသင့်ဘူး၊ ဆောရီးပါ၊ မို့သဘောပါ။ မို့စိတ်ထဲရှိသလို ဆောင်ရွက်နိုင်တယ်၊ ကိုယ် ညနေ အပြန်နောက်ကျလိမ့်မယ်''

ဟု သူမကိုအသိပေးတယ်ဆိုရုံပြောကာ ထွက်သွားသောမရိုး အောင်ကို သူမက တအံ့တသြလေး ပြူးကြောင်စွာ ကြည့်နေဖြစ်ခဲ့ပါသည်၊

အစ်ကို ဒီနေ့ ဘာဖြစ်နေတာလဲ။ သူမအပေါ် စိမ်းလှချည် လား၊ သူမကို ဘာမကျေနပ်နေတာလဲ၊ မကျေနပ်လည်း တိုက်ရိုက်ပြော ပါ တော့လား၊ ဘာအဓိပ္ပာယ်တဲ့လဲ. . .

သူမရင်ထဲမှာ လှောင်ပိတ်နေရပါသည်။

ထို့ကြောင့်ပင် အခန်းတံခါးကိုဖွင့်၍ ရေသောက်ရန် မီးဖိုခန်း ထဲဝင်လာခဲ့တော့ မရိုးငယ်နဲ့တိုက်ရိုက်တိုးမိပါ၏။

''ရှင်မရုက်ဘူးလား စံချိန်မို''

''ဘာ! ''

''ယောက်ျားလုပ်သူက မိန်းမလုပ်သူ အရက်မူးနေလို့ ကုန်း ပိုးပြီး ခေါ်ဝင်လာခဲ့ရတဲ့အဖြစ်မျိုးက သိပ်ကိုခါးသက်လွန်းပါတယ်။ ဒါ မျိုးက တို့ရဲ့ပတ်ဝန်းကျင်မှာမရှိဘူး။ သိပ်ရှက်စရာကောင်းတယ်။ ဒါ



ကြောင့် ကိုကို့ကို တို့အတန်တန်တားတယ်။ နိမ့်ကျတဲ့အတန်းစားမျိုး ကို လက်မထပ်ပါနဲ့လို့။ သူ့လည်း သိစပြုလာပါပြီ၊ မကြာပါဘူး၊ ရှင့်ကို စိတ်ကုန်သွားမှာပါ''

''ဘာ! ''

''ရှင့်ကို တို့ မုန်တစ်ချပ်ဝယ်ပေးမှန်တူတယ်။ ဒီမိသားစုနဲ့ ရှင်က အဆင့်အတန်းချင်း ဘယ်လောက်ကွာနေသလဲဆိုတာ. . . သိရ အောင်''

''ရှင်, တို့ကိုနှိမ်နေတာလား''

''မချွဲနဲ့၊ မမူနဲ့၊ ရတယ်။ တို့ကိုပုံမှန်ပဲပြောပါ။ တို့က ချွဲမူ လိုက်တိုင်း ပျော့ရအောင် ရှင့်ရဲ့ခင်ပွန်း မရိုးအောင်မဟုတ်ဘူး''

''ရှင့်ကိုယ်ရှင် သိပ်မြင့်မြတ်ကြီးကျယ်နေတယ်လို့များ ထင် နေသလား မရိုးငယ်''

''သေချာတယ်။ ရှင့်ထက် အဆပေါင်းတစ်သိန်းမက သာ တယ်။ တို့က အဲလိုအညံ့စားမိန်းမတွေရဲ့အလုပ်ကိုမလုပ်ဘူး၊ တို့သမိုင်း ကို လှန်ကြည့်လို့ရတယ်။ တို့က တစ်ဘဝတာလုံးကို ဂုဏ်သိက္ခာရှိရှိနဲ့ ဖြတ်သန်းခဲ့တာ။ တစ်ခုတော့သတိပေးထားဦးမယ်။ ရှင့်ကြောင့် တို့ ဂုဏ်သိက္ခာကိုထိခိုက်လာရင်တော့ ကို့အဆိုးမဆိုးနဲ့''

"အခု တို့က ဘာဖြစ်နေလို့လဲ"

"ရှင့်ကိုယ်ရှင် မသိဘူးလား။ ရှင်က မျိုးရိုးအဆင့်အတန်းနိမ့်ကျသူ။ အခုဆို ပိုဆိုးသေးတယ်။ ရှင် မိန်းမပေါ့၊ မိန်းမပျက်ဖြစ်နေပြီ။ တို့အစ်ကိုကသာ မွန်မွန်ထူထူနဲ့ ရှင့်ရဲ့အချွဲအနွဲ့အောက်မှာ ရုန်းထွက်မရအောင် ယစ်မူးနေတာ။ ကိုကို့ရဲ့တစ်ဖွတ်ထိုးလုပ်မှုကြောင့် အခု မေမေ့ကျန်းမာရေးကိုပါ ထိခိုက်လာပြီ"

"ထိခိုက်တော့ ဘာဖြစ်လဲ။ သာမန်ဖြစ်ရပ်လေးကို အကျယ်ချဲ့လွန်းတယ်။ ရှင်တို့သိပ်ပိုလွန်းတယ် မရိုးငယ်။ အန်တီရဲ့ရောဂါက သေလောက်တဲ့ရောဂါလည်းမဟုတ်ဘဲ ရှင်တို့သိပ်သည်းလွန်းနေတယ်"

"ဘာ! ရှင်ရိုင်းလှချည်လား။ မေမေက ရှင့်ကြောင့်ဖြစ်ရတာနော်။ ဟင်း. . . ရှင်ဘယ်သိမလဲ။ ရှင်က မိမရှိဖမရှိ ကလေကဝအုတ်ကြားမြက်ပေါက်ပဲ"

သူမရင်ထဲ ဒေါသတို့ ဆူဝေသွားရပါသည်။

မျက်မှောင်ကြီးတွန့်ချိုးကာ သူမဘဝကို ပျစ်ပျစ်နှစ်နှစ်ဝေဖန်ပုံဖော်နေသောမရိုးငယ်ကို သူမ မုန်းမိသွားပါ၏။

"ဖြန်း! "

ဘယ်ဖက်ပါးတစ်ခြမ်း ပူခနဲဖြစ်သွားပြီး မျက်နှာကြီးပင် လည်



သွက်သွားရပါသည်။

"စံချိန်မို့! "

ထိုအခါမှာတော့ ဟိန်း၍ထွက်ပေါ်လာသောအသံကြီးနှင့်အတူ မရိုးအောင်က ဒေါသတကြီးနှင့်ဝင်လာပြီးမှ သူမနှင့်မရိုးငယ်ကြား ရပ်လိုက်ပါသည်။

"မင်းဘယ်လိုလုပ်လိုက်တာလဲ"

"ရိုက်လိုက်တာလေ၊ စော်ကားလွန်းတယ်"

ထိုအခါမှာတော့ မရိုးငယ်က အသားနာသွားရပြီဖြစ်၍ ရှေ့တစ်လှမ်းတိုးလာကာ စံချိန်မို့ကိုကုတ်ဆွဲဖို့ ဟန်ပြင်လာပါတော့သည်။

"ငယ်လေး. . . အငယ်မ"

ဟု သူက ခေါ်လည်းခေါ်ကာ အငယ်မကိုဖမ်းဆွဲလိုက်၏။

"ကိုကိုလွှတ်ပါ၊ လွှတ်. . . ငယ်လေး သူ့ကိုတစ်ခုခုလုပ်ရမှ ကျေနပ်မယ်။ လွှတ်နော်"

"တော်ပါတော့ ငယ်လေးရယ်"

"မရဘူး။ ဒီကောင်မ ရိုင်းလွန်းတယ်။ သူများအိမ်ပေါ်တက်ပြီး ဒီလိုလုပ်တာလွန်လွန်းတယ်။ လွှတ်ပါကိုကို။ ငယ်လေး သူ့ကိုသွေးသွက်အောင်ကို လုပ်ပစ်လိုက်မယ်"

"တော်ပါတော့ ငယ်လေးရယ်။ ကိုကို တောင်းပန်ပါတယ်"

"ဘာလဲ၊ ကိုကိုက ကိုကို့မိန်းမ နာမှာစိုးလို့လား"

သူ ပြန်မဖြေပါ။

ထိုအခါမှာတော့ အငယ်မခေါ်တဲ့ မရိုးငယ်က သူ့ကိုစူးစူးရှရှ ကြီးစိုက်ကြည့်လာခဲ့ပါသည်။ ငယ်လေးရဲ့ဒေါသက သူ့ထံသို့ကူးပြောင်းလာရသယောင်။

"ကိုကိုသိပ်တရားလွန်တယ်။ အတန်တန်တားနေတဲ့ကြားက ဒီမိန်းမကို အိမ်ပေါ်ရောက်အောင် ခေါ်တင်လာတယ်။ အမြဲကာဘာလုပ်ပြီးပြောတယ်။ သူ့ကြောင့် မေမေနေမကောင်းဖြစ်ရတယ်။ သူကတော့ တစ်နေကုန် ပိုက်ဆံကိုသုံးချင်တိုင်းသုံး၊ ဖြုန်းချင်တိုင်းဖြုန်းပြီး ကလပ်မှာ ဗိုင်သောက်ရင်း ပျော်နေတယ်၊ ဒါတရားသလား ကိုကို။ ကိုကိုက အဲဒီလိုပျက်ပြားနေတဲ့မိန်းမကိုတော့ မဆုံးမဘဲ ငယ်လေးကိုအမိန့်ပေးတယ်။ ကိုကိုတရားသလား။ ဟင်း. . . စဉ်းစားကြည့်စမ်းပါ။ ကိုကိုတရားသလား"

ဟု မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျကာ ပြောပြီးမှ ချာခနဲ လှည့်ထွက်သွားသောညီမလေးကို သူ ငိုင်တွေကာ ကြည့်နေပြီးမှ ခုံပေါ်တွင် အရုပ်ကြိုးပြတ် ဘုန်းခနဲထိုင်ချပစ်မိပါသည်။



"အစ်ကို မို့ကိုအပြစ်တင်ချင်နေတာလား"

အမှန်က ညီမလေးကို မို့အဲလိုမလုပ်သင့်ဘူး"

"ဒါဆို ရှင့်မေမေကတော့ မို့ကိုအဲလိုရိုက်သင့်တယ်ပေါ့"

"အမှားနဲ့အမှန်ဆိုတာရှိတယ် မို။ ကိုယ်က မှားနေရင်တော့ အမှန်တရားရှေ့မှာ ဝပ်ဆင်းသင့်ရင် ဝပ်ဆင်းရမှာပဲ"

"ဒါဆို မိုက မှားပြီး ရှင်တို့ဘက်က မှန်နေတာပေါ့၊ ဟုတ်လား"

"မို့ကြောင့် မေမေက နေမကောင်းဖြစ်လောက်အောင် အလုပ်တွေကိုလုပ်နေချိန်မှာ မိုက ကလပ်မှာ အပေါင်းအဖော်တွေနဲ့ပျော်နေခဲ့တယ်။ ရတယ်၊ ဒါ မို စိတ်ကျဉ်းကျပ်လို့ဖြစ်မှာပေါ့ဆိုပြီး ကိုယ်နားလည်ထားခဲ့ပါတယ်။ ကိုယ့်ကိုတောင် ဂရုမစိုက်နိုင်လောက်အောင် မိုပျော်နေခဲ့တယ်။ ရပါတယ်။ ရတယ်။ အကြောင်းအရင်း ခိုင်ခိုင်လုံလုံမရှိဘဲ ကိုယ့်ရှေ့မှာပဲ ညီမလေးရဲ့ပါးကို လက်လွှဲပြီး ချပစ်လိုက်တယ်၊ ကိုယ့်ရင်ထဲမှာနာနေတယ်မို။ ကိုယ် ညီမလေးကိုသိပ်ချစ်ခဲ့ရတာ၊ ညီမလေး နာကျင်သွားတော ကိုယ်နာသလိုပဲ ခံစားရတယ်။ ကျေးဇူးပြု၍ ညီမလေးကို သည်းခံပေးလို့မရဘူးလား"

"ဘာ! ဘယ်လို သည်းခံပေးရမယ်၊ ဟုတ်လား"

"ခဏတာပါ၊ နောက်တော့လည်း"

"ရှင် လွန်လွန်းတယ်လို့မထင်ဘူးလား။ ရှင့်ညီမကမှ နာတတ်တာလား။ ကျွန်မက မနာတော့ဘူးလား ကိုမရိုးအောင်။ ကျွန်မအရိုက်ခံရတုန်းကလို မရိုးငယ်ကို ဆက်ပြီးသည်းခံဖို့ သွားပြောပါလား။ ရှင်မပြောရဲပါဘူး။ ကျွန်မကိုတော့ အနင်းခံပန်းတစ်ပွင့်အဖြစ်ပဲ ရှင်တွေးတယ်။ ဆက်ပြီး သည်းခံပါ။ ဒါ ခဏတာမို့ပါ။ နောက်တော့ အဆင်ပြေသွားမှာပါဆိုပြီး ညီမကစော်ကားတာကိုလည်း ခံလိုက်ရ၊ အမေရဲ့နှစ်ပြားမတန်အောင်နှိမ့်ချပြောဆိုတာကိုလည်း သည်းခံလိုက်ရနဲ့. . . ကြာလာတော့ ကျွန်မက စံချိန်မှီဆိုတာ လူမဟုတ်တော့တဲ့ လမ်းဘေးက သုတောင်းစားလောက်တောင် မာနမရှိရတော့ပါလား ကိုမရိုးအောင်။ ခင်ပွန်းကောင်းတစ်ယောက် ဖြစ်စေရပါမယ်။ ကောင်းပေးမှာပါ။ ကိုယ့်ရင်ခွင်က မင်းအတွက် လုံခြုံမှာပါ။ ကိုယ့်ကိုယုံကြည်ပေးပါလို့ အထပ်ထပ်ပြောခဲ့တဲ့ ရှင့်စကားတွေက အခု ဘယ်ချောင်ထဲ ရောက်ကုန်ပြီလဲ"

"အဆင်ပြေသွားမှာပါ"

"အဲလိုစကားလုံးမျိုးနဲ့ ကျွန်မကိုနှစ်သိမ့်ခဲ့တာ နှစ်လကျော်နေပြီ ကိုမရိုးအောင်။ ကျွန်မ ဆက်ပြီးငရဲကျမခံနိုင်တော့ဘူး။ ရှင်တို့ ...နေရတာ ငရဲတစ်ခုလိုပဲ။ အနိုင်ယူဗိုလ်ကျနေမှန်းသိသိချည်းနဲ့



လည်း မပြောသာလို့ အောင့်ခံနေရ၊ အမေလုပ်သူက တစ်မျိုး ယောက်မလုပ်သူက တစ်မျိုး၊ တစ်ခါတစ်ရံ ယောက်ျားလုပ်သူကပါ မှုန်တေတေနဲ့"

"ကိုယ် မင်းကို ဘယ်တုန်းက အဲလိုလုပ်မူးလို့လဲ"

"ဘာ! ရှင့်ကိုယ်ရှင် မသိတော့ဘူးလား ကိုမရိုးအောင်။ ရှင် ဘာဖြစ်သွားပြီလဲ"

"ယောက်ျားလုပ်သူက တစ်နေကုန် အလုပ်မှာ ပင်ပန်းပြီး ပြန်လာတယ်။ ပြဿနာတွေက ဆီးကြိုနေခဲ့တယ်။ ကိုယ် မင်းကိုဘာမှမပြောဘူး။ လူသုံးယောက်လုံးက အလုပ်ကိုမနားမနေလုပ်ပြီး မေမေဆို ဖျားတောင်ဖျားတယ်။ ဒါပေမဲ့ မင်းကတော့ ကာလပ်မှာပျော်ပြီး ညနက်မှပြန်လာတယ်။ ကိုယ် မင်းကိုဘာပြောခဲ့လို့လဲ မို"

"ဪ၊ ဒါတွေက ရှင့်ရင်ထဲမှာ အဖုကြီးရှိနေတာကို။ ရတယ်လေ။ အစောကတည်းက မသာယာတဲ့အိမ်ထောင်ရေးကို အဖုတွေနဲ့ ရပ်တည်နေကြလို့လည်းအပိုပဲ ကိုမရိုးအောင်။ ကျွန်မသွားမယ်"

"မို"

မို့ရဲ့လက်မောင်းကို သူက ဆွဲကိုင်လိုက်သည်တွင် မို့က သူ့ကို စိမ်းစိမ်းကြီးကြည့်လာကာ. . .

"ကျွန်မဘဝက ရှင်တို့ဆီမှာ အပိုင်းပိုင်းကျိုးပြီးပြီ ကိုမရိုးအောင်။ မာနကိုတော့ ထပ်မချိုးပါနဲ့။ ကျွန်မသိသွားပါပြီ။ ကျွန်မ ဘယ်တော့မှ မြင့်မားတဲ့ဘဝတစ်ခုကိုမလှမ်းတော့ဘူး။ ပိုက်ဆံကို အပုံလိုက်မြင်နေရပြီး စိတ်ချမ်းသာမှုတစ်စက်ကလေးမှမရှိတဲ့ ဒီဘဝကြီးကို ကျွန်မမလိုချင်တော့ဘူး"

"မို"

ဗီရိုထဲမှအဝတ်စားများကိုထည့်ရန် လှမ်းလာနေသော မို့ရှေ့မှာ သူ ပိတ်ရပ်လိုက်ပါသည်။

"တော်လောက်ပြီထင်တယ် ကိုမရိုးအောင်။ ချမ်းသာတဲ့ဘဝမျိုးကို တပ်မက်တဲ့ကျွန်မကို ဒီလောက်ပညာပေးရတယ်ဆိုရင်ပဲ တော်လောက်ပါပြီ"

"မဟုတ်သေးဘူးမို့ရာ. . . ကိုယ်"

"မင်းကိုသိပ်ချစ်ပါတယ်လို့ ပြောဦးမလို့လား။ တော်ပါတော့ ကိုမရိုးအောင်။ ကျွန်မဆီလာခဲ့တဲ့ရှင့်အချစ်တွေက တံတိုင်းကြီးနှစ်ခုကို ဖြတ်ကျော်ပြီးမှပါ"

"မဟုတ်သေးပါဘူးကွာ"

"တားမနေနဲ့ကိုကို။ ဒီလောက်သွားချင်နေတာ သွားပစေပေါ့"



ဟု တံခါးမခေါက်ဘဲ ဖွင့်ဝင်လာသောညီမလေးက စူးရှသောအသံစာစာနှင့် ဆိုလာပါသည်။ ညီမလေး ဘယ်တုန်းကတည်းက သူတို့ကို နားထောင်နေတာလဲ။

"ဒါ ငါတို့ကိစ္စပါ မရိုးငယ်။ ရှင်ဘာမှဝင်ပါစရာမလိုဘူး"

"ဒီအိမ်က ငါတို့အိမ်၊ ငါတို့နဲ့ဘယ်ကိစ္စမဆို အကျုံးဝင်တယ်။ ဝင်မပါစေချင်ရင် ရှင်သွားလိုက်ပေါ့"

"အငယ်မ! "

သူ တကယ်ပဲ စိတ်ဆိုးသွားမိပါသည်။ အဆင်မပြေဖြစ်နေရသည့်ကြားက ညီမလေးက ပိုပြီးတွန်းအားပေးနေခဲ့သယောင်။

"ရှင်တို့မိသားစုဟာ သိပ်မာယာများပြီး ဟန်ဆောင်မှုတွေနဲ့ သိပ်ကြောက်စရာကောင်းတယ်။ မရိုးငယ်, ရှင်ဟာလေ ရုပ်လေးလှသလောက် မထင်ရက်စရာကောင်းလောက်အောင်ကို စိတ်ဓာတ်က အကျည်းတန်လွန်းတယ်"

"ဘာ! "

"ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးပြီး ဘဝင်မြင့်တတ်တဲ့ရှင်က တစ်နေ့တော့ လူလိမ်လူကောက်နဲ့ ကေန်တွေ့ဦးမှာပဲ"

"တွေ့ဦးဟယ်. . ."

"ဖြန်း! "

"အငယ်မ"

ဟန်တားလိုက်တဲ့သူ့ရဲ့အသံက သိပ်ကိုနောက်ကျလွန်းသွားပါပြီ။

"အငယ်မ၊ မင်းကွာ. . . ဟင်! မို. . . မို"

ညီမလေးကိုဆူပူဖို့ ဟန်ပြင်လိုက်တုန်း ပျော့ခွေယိုင်ကျသွားတဲ့မိုကြောင့် မို့ကိုသာ ကြင်နာစွာထွေးပွေ့ထားလိုက်ပါတော့သည်။

□□□

## အခန်း (၁၆)

ကိုယ်ဝန်နှစ်လရှိပြီဟုသောအသိကြီးက သူမကိုအမှောင်ကမ္ဘာထဲ တွန်းပို့လိုက်သလို ခံစားရပေမယ့် မရိုးအောင်ကတော့ တပြုံးပြုံးနှင့် ဝိတိကလေးတစ်ယောက်နှယ် ကြည်နူးမဆုံးဆိုပေမယ့် ဟိုသားအမိနှစ်ယောက်ကတော့ အောင့်သက်သက်ကြီးပင် သူမကိုအဖိပွာယ်ဖော်ရခက်တဲ့မျက်လုံးမျိုးနှင့် ကြည့်နေခဲ့ပါသည်။

သူမ, မရိုးအောင်ကိုသံယောဇဉ်ရှိပေမယ့် ထိုသားအမိကိုတော့ မုန်းတီးလှပါသည်။ ထိုအကြည့်များကို မောက်ထုတ်ပစ်ချင်လှပါ၏။

ထိုနောက်ပိုင်းမှစ၍ မရိုးအောင်က သူမအပေါ် နှစ်ဆတိုး၍

ပိုကြင်နာပြလာပါသည်။

အလုပ်က အစောကြီးပြန်လာတာမျိုးတို့ အပြင်မှာ သူ့အတွက် တစ်ခုပြီးတစ်ခုဝယ်လာတာမျိုးတို့ လက်ဆောင်ပေးတာမျိုးတို့ကို တစ်နေ့တစ်မျိုး မရိုးရအောင် လုပ်လာခဲ့ပါသည်။ အခုဆို မရိုးအောင်၏လက်ဆောင်များက ရတနာဘူးတစ်ဘူး ပြည့်လို့နေခဲ့ပါသည်။

သူမသိပ်နှစ်သက်တတ်သည့် လက်စွပ်လှလှလေးတွေပေါ့။

ဒါပေမဲ့ သူမရင်ထဲမှာတော့ မကောင်းပါ။

အရင်တုန်းက ဒီလို ဘာကြောင့်မရိုးအောင်က ကြင်နာမပြခဲ့တာလဲဟု တွေးလိုက်မိချိန်မှာတော့ သူမရင်နာရပါသည်။

မရိုးအောင်က သူမကိုကြင်နာတာမှမဟုတ်တာ။ သူမရဲ့ကိုယ်ဝန်ကိုကြင်နာတာပဲဟု အဖြေကိုတွေ့ရှိသွားချိန်မှာတော့ မရိုးအောင်ကို ပါရောနှောကာ ခါးသက်သွားမိပါ၏။

ချစ်ပါတယ်၊ ယုံကြည်အားကိုးမိပါတယ်ဆိုတဲ့ မရိုးအောင်ကိုလည်း ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲခံမင်မိခြင်းမရှိတော့။ သူ့ရဲ့ယုယ ကြင်နာမှုတွေကိုလည်း ကြည်နူးပီတိဖြစ်မနေတတ်တော့ပါ။ သူမဘာဖြစ်သွားတယ်ဆိုတာလည်း သူမကိုယ်သူမ နားမလည်နိုင်တော့ပါ။

သူမရင်ထဲမှာ ရှုပ်ထွေးမွန်းကျပ်ခြင်းကသာ ကြီးစိုးနေ၍ ဒီအိမ်မှာ ဘယ်လိုနေနေ မပျော်လာတော့ပါ။



ထိုသားအမိနှစ်ယောက်ရဲ့မျက်နှာကိုမကြည့်ချင်ဘဲ မလွှဲသာ မရှောင်သာ မြင်နေရတာကိုပင် စိတ်ရှုပ်ထွေးနေလှပါပြီ။

ဘယ်လိုအကြည့်မျိုးနဲ့ပဲ ကြည့်လာကြည့်လာ သူမကို မလိုလား မုန်းတီးတဲ့အကြည့်ပါလားဟု ရင်ထဲမှာ အလိုလိုသတ်မှတ်နေမိပါသည်။

သူတို့တွေအားလုံး အလုပ်ကိုယ်စီသွားပြီး သူမနှင့်ဒေါ်အေးပဲ ကျန်ရစ်ခဲ့သောအချိန်များမှာ သူမအကျေနပ်ရဆုံးအချိန်ပေါ့။

အရင်တုန်းကတော့ မရိုးအောင်ရဲ့ကြင်နာမှုများကို ကျေနပ်ခံမင်မိပေမယ့် အခုတော့ ကိုယ်ဝန်ရှိပါပြီဆိုမှ ပိုတိုးပြီးကြင်နာပြလာ၍ သူမ မုန်းမိပါသည်။

မရိုးအောင်က သူမကိုလက်ထပ်ထားတာ သူမကိုကြင်နာဖို့ မဟုတ်ဘဲ သူ့ကိုယ်ဝန်ကိုလွယ်စေချင်လို့ အသုံးချရုံသက်သက် လက်ထပ်တာပါလားဆိုတာကို ရှုထောင့်တစ်မျိုးက လုံးလုံးကြီးတွေးမြင်မိလာပါသည်။

ဒါကြောင့် ကန်ဘောင်ကို လေညှင်းခံရန် လမ်းလျှောက်ခေါ်သွားတာကိုပင် သူမ မပျော်တော့ပါ။

အရင်တည်းက ခေါ်ပါလား၊ ဒါဆို သူမ သိပ်ပျော်ပြီး ကျေးဇူးတင်မှာပေါ့။ အဲဒီတုန်းကတော့ သူ့အလုပ်တွေက များလိုက်ရတာ၊ ပေါလိုက်တဲ့သူ့အလုပ်တွေ။

အခုတော့ အားလှချည်လား. . .

ဟုပင် အကောင်းမမြင်တတ်တဲ့ရှုထောင့်က ကြည့်တတ်လာပါသည်။ သာယာမယ်ထင်ထားခဲ့တဲ့ သူမဘဝကြီးကို သူမ မပျော်တော့ပါ။

စိတ်နေမပျော်တော့၍ တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင်ရှိနေသည့် ထိုရောဂါနာမစွည်းအမျိုးမျိုးကိုလည်း ကြားလာတော့ သူမ မနှစ်သက်တတ်တော့ပါ။

အရင်တုန်းကတော့ ရွှေမရှားငွေမရှားသည့်ဘဝက သိပ်ကိုပျော်စရာကောင်းမှာပဲဟု တစ်ထစ်ချယုံကြည်ထားမိပေမယ့် အခုတော့ အဲဒီငွေတွေကိုပဲ မုန်းတီးလာမိပါသည်။

အရင်တုန်းကလို လိုင်းကားခလေးတောင် မလောက်မှာစိုး၍ ချွေတာနေရပြီး စားရတစ်ချက်၊ မစားရတစ်ချက်နှင့် အဝတ်နွမ်းနွမ်းကို လှသလို ကြံဖန်ဝတ်ကာ ဖိနပ်အပေါစားကိုစီးပြီး ငါးပိရည်တို့စရာကို စားကာ သူများလက်အောက်မှာ သိမ်ငယ်စွာအလုပ်လုပ်နေရသောဘဝကို တမ်းတလာခဲ့ပါသည်။



အဲဒီတုန်းက သူမဘဝက မပြည့်စုံခဲ့ပေမယ့်လည်း အခုလို စိတ်ကုန်စရာမကောင်းခဲ့ပါ။ သူမစိတ် သူမပိုင်နှင့် အရာရာဟာ စိတ်သွားတိုင်း ကိုယ်ပါခဲ့ရပါသည်။

သူမ ငွေတစ်ခုတည်းကိုပဲကြည့်ပြီး ရုပ်ရည်ချောမောပြေပြစ်တဲ့ မရိုးအောင်ကိုလက်ထပ်ပြီး ဘဝကိုပုံပေးခဲ့တာ မှားများသွားပြီလားဟု နောင်တရနေရပါသည်။

အခုတော့ သူမက ကားအကောင်းစားကိုစီးပြီး သုံးနိုင်ဖြုန်းနိုင်နှင့် ငွေကြေးချမ်းသာသူတွေကို အားမကျတော့ဘဲ လမင်းတို့၊ ကေသရီ၊ ဝါဗီတို့ အေမီတို့လို လွတ်လပ်စွာ ကိုယ့်စိတ်ကိုယ်ပိုင် ဘဝကို ရဲရဲကြီးကူးခတ်နေတဲ့လူမျိုးကိုသာ အားကျလာတတ်ပါပြီ။

သူမတို့က လွတ်လပ်သူတွေပဲမို့ ကိုယ့်စိတ်ကိုယ်ပိုင်။

ကလပ်မှာလည်း အပျိုများဖြစ်တဲ့သူတို့က ကဲချင်တိုင်းကဲ၊ ပျော်ချင်တိုင်းပျော်လို့၊ သူတို့မှာ စည်းစောင့်ရမယ့်စည်းဆိုတာမရှိ၍ တင့်တယ်လှပါသည်။

သူမမှာသာ. . .

တစ်ခါတစ်ရံတွင် လွတ်လပ်တဲ့အပျိုဆိုတဲ့ဘဝမျိုးကို တပ်မက်

လှပါသည်။ ထိုသို့ဖြစ်ပေါ်မိချိန်တိုင်း မရိုးအောင်ကို လွယ်ကူစွာ လက်
ထပ်လိုက်ခြင်းအပေါ် နောင်တရမိပါသည်။

ယောက်မနဲ့ယောက္ခမနဲ့သာ ခုလိုအချင်းမများကြဘဲ သူမ
သာ နွေးထွေးစွာကြိုဆိုခဲ့ကြပါလျှင် သူမဘဝဟာ အသစ်ပြန်လည်မွေ
ဖွားခြင်းနှင့် သာယာချမ်းမြေ့မှုတွေနဲ့ ထိုမိသားစုအသိုက်အမြုံထဲတွင်
နောင်တဆိုတာ ဘာမှန်းမသိ။ ကာလပ်တက်ပြီး အပျော်ရှာဟယ်ဆိုတာ
ဘာမှန်းမသိဘဲ သူမဘဝကို သူမကျေနပ်ပြီး သောကဆိုတာ ဘာမှန်း
မသိဘဲ ကြည်နူးမှုကမ္ဘာထဲမှာ နွေးထွေးခြင်းတွေနဲ့ ထာဝရတာ သာယာ
ယစ်မူးနေခဲ့ဖြစ်မှာပဲလေ။

အခုတော့ ကြိုဆိုမှုမလှတဲ့ ယောက္ခမကြီးကိုလည်း မုန်းမိပါ
သည်။ ယောက္ခမကြီးကသာ ကောင်းခဲ့မယ်ဆို အမေတော်တဲ့သူမက
အမေ,အမေဟု နှုတ်မှတဖွဖွခေါ်ကာ ပြုစုယုယပေးလိုပင် ဆုံးနိုင်တော့
မည်မဟုတ်။

အခုတော့ တစ်ဦးမေတ္တာတစ်ဦးမှာဆိုသည့်အတိုင်း သူမကို
မနှစ်သက်သည့်ယောက္ခမကြီးကိုလည်း သူမရင်ထဲက ခါးသက်မိပါသည်
ရိုင်းစိုင်းမောက်မာသည့်ယောက္ခမကိုလည်း သူမက ပို၍ရိုင်းစိုင်းပြချင်
ပါသည်။



သူငယ်ရန်တွေ့, တွေ့ပစ်ချင်ပေမယ့် မရိုးအောင်က ကြားထဲက ကာဆီးနေ၍ အောင့်အီးထားရသည့်ဒေါသများက စုပုံပွားများနေပါပြီ။ သို့သော် ထိုသို့အဆင်မပြေမှုတွေကြား အောင့်အီးနေလာခဲ့ရင်းနှင့် အခု ဆို သူမကိုယ်ဝန်မှာ လေးလပြောက်ခဲ့ပြီဖြစ်၍ မဖုံးနိုင်မဖိနိုင်တော့ဘဲ ရုလုလုလေးပင် ထွက်စပြုလာခဲ့ရပါသည်။

ဒါကို မရိုးအောင်က. . .

"ဟား. . . ငါ့မိန်းမဗိုက်ကလေးက နည်းနည်းစူသလိုလိုလေး ဖြစ်လာခဲ့ပြီ"

ဟုပြောလာလျှင် သူမက ပျာပျာသလဲပင်. . .

"ဘယ်မှာ စူသေးလို့လဲ။ ကိုယ်ကျပ်တောင် ဝတ်လို့ရသေး တယ်"

"မြန်မြန်စူစေချင်တယ်။ ကိုယ်ကတော့ ကလေးချီချင်ပြီ"

တဲ့လေ။

ထိုစကားက သူမကို ဘာကြောင့် ကြည်နူးမသွားစေရတာလဲ။ အမှန်အတိုင်းပြောရလျှင် ဒီကိုယ်ဝန်အတွက် သူမ ရင်လေးမိပါသည်။

ဒီကလေးကိုလွယ်ထားခြင်းအားဖြင့် သူမနှင့် သူ့ရဲ့အိမ်ထောင် ရေးကို ပိုမိုခိုင်မာတဲ့ကြိုးနှင့် တုပ်နှောင်လိုက်သလိုကြီးပင် ခံစားနေရ၏။

ထိုသို့ခံစားမိချိန်တိုင်း တစ်ဘဝတာလုံး အနှိမ်ခံဘဝနှင့် ဒီအိမ်မှာ ခပ်မှိန်မှိန်လေးနေရဦးမှာပါလားဟု စိတ်ပျက်စွာတွေးလိုက်မိပါသည်။

သို့သော် တစ်နေ့တော့ မရိုးအောင်က မွေးနေ့ပါတီပွဲတစ်ခုကို သူမနှင့်အတူသွားမယ်လို့ ဆိုလာပါသည်။

သူမ ပျော်ရွှင်သွားရပါသည်။

သူမက သူ့ရဲ့ပွဲတက်မယားအဆင့်မှာတော့ ရှိသေးတာပဲဟု တွေးယစ်မိ၍ပါ။ ပြီးတော့ ဒီလိုပွဲမျိုးကို သူမ ရောက်ဖူးချင်ခဲ့၍ပါ။

ဟိုးတုန်းက ကေသရီကို သူမ ပြောခဲ့ဖူးပါသည်။

"ညပါတီလုပ်ရင် သူလည်း ခပ်ချောချောယောကျ်ားတစ်ယောက်ရဲ့လက်မောင်းကိုချိတ်ပြီး တက်ဖူးချင်တယ်"

ဟုစိတ်ကူးယဉ်ဆန်စွာပြောခဲ့ဖူးပေမယ့် ထိုအချိန်က ဒီလိုပါတီမျိုး တစ်သက်လုံးတက်ဖူးမှာမဟုတ်ဘူးဟုလည်း ဘဝကိုမကျေနပ်စွာတွေးခဲ့ဖူးပါသည်။

စားစရာသောက်စရာကိုတောင် မျှတနေရသည့်ဘဝမှာ အဝတ်အစားကောင်းဆို ဝေးရောဆိုသည့် အခြေအနေမျိုးနှင့် လူချမ်းသာတို့နှင့်သာ သက်ဆိုင်သည့်ထိုပါတီပွဲမျိုးကို မှန်းပင်မမှန်းဖူးခဲ့ပါ။

အခုတော့ သူမက ပါတီပွဲကို လုပ်ငန်းရှင် မရိုးအောင်ရဲ့တရား



ဝင်ဇနီးအဖြစ်နဲ့ တက်ရတော့မှာပါလားဟု တွေးလိုက်မိတော့ နည်းနည်း ကျေနပ်သွားမိသလိုလိုပင်။

ပြီးတော့ မရိုးအောင်ဝယ်ပေးခဲ့သည့် ရွှေရောင်တိုက်ထဲမှ မီးခိုးပျော့ရောင်ဂါဝန်လေးက သူမကို အရှိန်အဝါတောက်ပစွာ ကြိုဆိုနေခဲ့ပါသည်။

ညအထိမစောင့်နိုင်တော့ဘဲ ချက်ချင်းပင် ထိုအဝတ်ကလေးနှင့် ပါတီကိုပြေးတက်ချင်မိပါသည်။

သူမ ထိုသို့ဖြစ်ပေါ်မိလေ၊ အချိန်တွေက ကုန်ခဲလေပါပဲ။

သို့သော် အချိန်တွေကိုစောင့်ရင်းပင် ရေချိုးကာ မှန်တင်ခုံရှေ့ တစ်နာရီကြာမျှအချိန်ဖြုန်းပြီး အကောင်းဆုံးသောအလှပြင်ပစ္စည်းများနှင့် သူမမျက်နှာကိုမွမ်းမံလိုက်တော့ ပုန်းနေသောသူမအလှက ဘွားခနဲပေါ်လာရပါသည်။

ဆံပင်လိမ်လိမ်လေးများကို မျက်နှာပေါ် ကပိုကရိုကျစေပြီးမှ ဆံပင်ရှည်ကြီးကို ခပ်စောင်းစောင်းအုံအုံလေးထုံးဖွဲ့လိုက်တော့ သူမရဲ့ အလှပြင်ခြင်းမှာ ပြီးဆုံးသွားပါသည်။ ဒီတော့မှ သူမကို တစ်ချိန်လုံး စိန်ခေါ်နေသည့် ထိုဂါဝန်လေးကို ဝတ်ဆင်လိုက်တော့ သူမဟာ အိမ်ထောင်သည်ပါဆိုတာ ကျိန်းပြေးပြေးလိုပင် ဖြစ်သွားရပါသည်။

သို့သော် မျက်နှာနှင့်ဂါဝန်ကြားမှာ တစ်ခုခုလိုနေသလိုဖြစ်နေတာနှင့် အံဆွဲဂွက်လေးကိုဆွဲဖွင့်ကာ အစ်ကို လက်ဆောင်ပေးထားခဲ့သော စိန်လေးတစ်လုံးမြှုပ်ထားသော ရွှေဆံထိုးလေးကို ထိုးလိုက်တော့မှ ပြည့်စုံသွားရပါသည်။

ကျောက်စိမ်းလည်ဆွဲကို ဆွဲဟန်ပြင်ပြီးမှ မလိုက်ဖက်ပါဘူးဟု တွေးမိကာ စိန်တစ်လုံးလေးမြှုပ်ထားတဲ့ လော့ကက်သီးလေးနှင့် ဆွဲကြိုး အသေးလေးကို ဆွဲလိုက်ပါသည်။ လည်ပင်းတွင် လိုက်ဖက်စွာလှပနေပေမယ့် စိန်တစ်လုံးလေးမို့ သိမ်မေ့ယ်တယ်ဟုတော့ ထင်မိသားပင်။

သူမက မှန်ထဲတွင် သူမကိုယ်သူမ ယိမ်းကာ အမျိုးမျိုးပြင်ဆင်ပြီးချိန်မှာတော့ အနောက်တိုင်းဝတ်စုံအပြည့်နှင့် အစ်ကိုက သူမကိုလာခေါ်ပါသည်။

"ဟာ! လှလိုက်တာ"

ဟုပြောကာ သူမကိုချီးမွမ်းသဖြင့် သူမက ကြည်နူးမိသားပင်၊

သို့သော် သူမစီးထားသောဖိနပ်ကို သိပ်မြင့်လွန်းတယ်၊ ကိုယ်ဝန်တစ်ခုခုဖြစ်နိုင်တယ်ဆိုပြီး လဲခိုင်းချိန်မှာတော့ သူမ စိတ်ကသိကအောင့်ဖြစ်ရပါသည်။

ထိုပါတီပွဲကို မလိုက်ဖက်သောဖိနပ်နိမ့်လျှောလေးနှင့်ပင် တက်ဖြစ်ခဲ့ပါသည်။

သူမစိတ်ကူးယဉ်ထားဖူးသည့်အတိုင်း လူချမ်းသာတို့ရဲ့ပါတီပွဲဆိုတာ ခမ်းနားထည်ဝါလှပါသည်။ နိုင်ငံခြားဇာတ်လမ်းတွဲမှာသာ မြင်ဖူးသည့် မီးဆိုင်းမီးမောင်းများကို ဝေဆာစွာတွေ့ရပါသည်။

ကားအကောင်းစားကြီးများ စီရီနေကြသော ကားတန်းကြီးတွင် မရိုးအောင်က ကားကို သူများနည်းတူ ထိုးရပ်လိုက်တော့ သူမက ကားတံခါးကိုဖွင့်ကာ ကြွကြွရွရွလေးပင် စိတ်ကူးယဉ်ခဲ့ဖူးသည့်အတိုင်း ဆင်းလိုက်တော့ ခမ်းနားထည်ဝါလှတဲ့ကြေရိုတစ်ပါးနှယ် စိတ်ကြီးဝင်မိပါသည်။

တေးဂီတသံ ငြိမ့်ငြိမ့်လေးဖွင့်ထားသော ထိုခန်းမထဲကို ဝင်လိုက်သည်နှင့် သူမက မရိုးအောင်ရဲ့လက်မောင်းကို ဟန်ပါပါဆွဲချိတ်ထားလိုက်ပါသည်။

"ဟာ! ကိုမရိုးအောင် နောက်ကျတယ်ဗျာ"

ဟု ခန်းမထဲဝင်ဝင်ချင်းမှာပဲ ပုဂ္ဂိုလ်တစ်ယောက်က သူ့ကို နှုတ်ဆက်လာ၍ သူက လက်ကမ်းပေးပြီး နှုတ်ဆက်လိုက်ပါသည်။

"ဒီတစ်ခါတော့ မဖောသီပါ, ပါလာပါလား"

"မို့.မှတ်မိသလား။ မင်္ဂလာဆောင်တုန်းက ဆုံဖူးတယ်လေ"

နေရောင်ကုမ္ပဏီရဲ့ဒါရိုက်တာအဖွဲ့ဝင်ပေါ့။ ဦးအောင်မြင့်တဲ့''

''ဟုတ်ကဲ့၊ ထပ်ဆုံရတာ ဝမ်းသာပါတယ်ရှင်''

''ဟော၊ ကိုမရိုးအောင် နောက်ကျနေပါလား''

ဟု နောက်တစ်ယောက်က ထပ်မံနှုတ်ဆက်လာသည်တွင် သူ က ပြန်လည်ကာ လက်ကမ်းပေးပြန်ကာ၏ေ.

''မဆုံတာကြာပြီနော် ကိုအောင်မြင်''

''အခုတလော လုပ်ငန်းချင်းမှ ဆက်နွှယ်မှုမရှိတာဘဲ။ ဒါနဲ့''

''ကျွန်တော့်အမျိုးသမီးပါ။ စံချိန်မှီတဲ့''

''ဟာ၊ ဘယ်တုန်းက ဒီလူပျိုကြီး စွံသွားတာလဲ။ ဒီလိုဇနီး ချောချောကိုပိုင်ဆိုင်ထားတဲ့အတွက် ကွန်ကရက်ကျူလေးရှင်းဗျာ''

ဟု လက်က ထပ်မံကမ်းပေးလာတဲ့အတွက် သူက ပြန်လည် လက်ဆွဲနှုတ်ဆက်လိုက်ပြန်ပါသည်။

''မိတ်ဆက်ပေးရဦးမယ်။ ဒါက SMK ဆောက်လုပ်ရေးက အင်ဂျင်နီယာကိုအောင်မြင်တဲ့''

''ဟုတ်ကဲ့၊ သိရတာဝမ်းသာပါတယ်ရှင်''

သူမ ပျော်ရွှင်ရပါသည်။

''ဟော၊ မရိုးအောင်ပါလား''



ဟုဆိုကာ လူရည်သန့်တစ်ယောက်က သူ့ကိုနှုတ်ဆက်လာ၍ သူက အားရဝမ်းသာပင် ထိုလူရည်သန့်နှင့် ရင်ချင်းအပ် ပွေ့ဖက်လိုက် ပါသည်။

ထိုအခါမှာတော့ သူမက ဘေးမှငြိမ်ငြိမ်လေး ရပ်ကြည့်နေ ဖြစ်ခဲ့ပါ၏။

''မင်းသတင်းကိုကြားတယ် မရိုးအောင်''

''ငါလည်း မင်းသတင်းကိုကြားပါတယ်''

''မင်းသတင်းက ပိုကောင်းတာပါ''

''မင်း ဟိုမှာအကြာကြီးပဲနော်''

''တန်းစီနေတဲ့ဒီပလိုမာတွေ ရရှိရေးပေါ့''

''သြော်၊ မိတ်ဆက်ပေးရဦးမယ်။ ဒါ ငါ့ Wife စံချိန်မှီတဲ့''

ထိုအခါမှ ကိုလူရည်သန့်က သူမကို ပြုံးပြလာဖော်ရတော့သည်။ ထိုလူရည်သန့်က မာနကြီးမည့်ပုံပေါ်ပါသည်၊ သူမသာ ခပ်နိမ့်နိမ့်လူတစ် ယောက်သာဆို မျက်စိထဲမှာတောင် ထားမည့်ပုံမရ။

''ဒါ ကိုယ့်သူငယ်ချင်း နေအာကာတဲ့။ Moon life ကုမ္ပဏီ က အသစ်ကျပ်ချွတ် မန်နေဂျင်းပဲ''

သြော်၊ ဒါကြောင့်ကိုး။

ကြည့်စမ်းပါဦး၊ ဒီလိုအသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ရာထူးကြီးက စိတ်ကူးယဉ်ချင်စရာကြီးပါလား။

ဒါကြောင့် သူက မာနကြီးမယ့်ပုံပေါ်နေတာကို၊ ဒီလိုအသက် အရွယ်နဲ့ ဒီလိုဂုဏ်ရှိန်မျိုးက တကယ်အပြင်လောကမှာလည်း ရှိနေတာ ကိုးဟု သိသွားရပါသည်။

အရင်တုန်းကတော့ စိတ်ကူးယဉ်ဝတ္ထုတွေထဲမှာပဲရှိတာဟု ထင်မှတ်ခဲ့တာပါ။ အခုတော့ ထိုအသိုင်းအဝိုင်းထဲရောက်လာလေ လူချမ်း သာတွေနဲ့ တွေ့ရှိလေပါပဲ။

သူမ ထိုသို့တွေးမိနေသောအချိန်မှာပင်. . .

အမျိုးသမီးခပ်ချောချောတစ်ယောက်က သုံးပေမျှမြင့်မည်ထင် ရသော စတိတ်ခုံပေါ်သို့တက်သွားကာ. . .

“လူကြီးမင်းများအားလုံးကို မွေးနေ့ရှင်နဲ့မိတ်ဆက်ပေးချင်ပါ တယ်။ သူမဟာ လွန်ခဲ့တဲ့တစ်ပတ်လောက်ကမှ ပြင်သစ်မှာ ဒီပလိုမာ တွေအများကြီးယူပြီး မြန်မာပြည်ကိုပြန်ရောက်ခဲ့တာတဲ့ Run ကုမ္ပဏီ ရဲ့တစ်ဦးတည်းသောသမီးပျိုဖြစ်ပါတယ်ရှင်။ သူမဟာ အသက်နှစ်ဆယ့် ငါးနှစ်သာရှိသေးတဲ့ အိုင်ရစ်(ခေါ်) မြတ်နိုးတိမ်ဖြစ်ပါတယ်ရှင်”

[illegible]ကြည်လေးနင်ဆိုလိုက်တော့ မီးဆိုင်းမီးပန်းတွေ



ဘစ်မျိုးတစ်မည်ပြောင်းလဲသွားကာ နောက်ခံလိုက်ကာကြီးတွန့်လှုပ်ကာ ဖယ်ခြမ်းကွဲသွားပြီး ရွှေအိုရောင်မင်းသမီးလေးက တောက်ပစွာထွက်လာ ခဲ့ပြီး လူပုံအလယ်မှာ မော်ကြွားစွာပြုံးပြုံးလေးရပ်လာတော့ စောစောက သူရည်သန့်ရဲ့မျက်နှာက ထိုမိန်းကလေးထံမှမခွာတော့။

ဩော်, ဂုဏ်ရှိန်. . . ဂုဏ်ရှိန်ပါလားနော်။

စိန်ထည်က ရွှေဖလားနဲ့၊ အဝတ်စုတ်ဟာ အမှိုက်တောင်းနဲ့ ဆိုတဲ့စကားဟာ သိပ်မှန်ပါလား. . .

ဟုလည်း သိရှိသွားသလိုပင်။

အခုတော့ သူမလိုအဝတ်စုတ်နဲ့ထုပ်ထားခြင်းခံရတဲ့ မရိုးအောင် က ထိုပွဲမှာ သူမကြောင့် ဘာဂုဏ်မှတက်မလာပါလား. . .

“ဒါ ကျွန်တော့်ဇနီး စံချိန်မှီ”

ပါဆိုတာကလွဲရင် သူမမှာ ဘာဂုဏ်ပုဒ်၊ ဘာပိုင်ဆိုင်မှုမှထပ်ရှိ မနေခဲ့ပါလားဟူသောအသိနှင့်အတူ မိမိဘဝကို မိမိ သိမ်ငယ်လာခဲ့ပါ သည်။

ထိုသို့သိမ်ငယ်စိတ်နှင့်အတူ ဂုဏ်ချင်းထပ်နေသော ထိုပါတီ ပွဲမှ ထွက်သွားချင်မိပါသည်။

သူမ သိပ်တက်ဖူးချင်ခဲ့တဲ့ ဒီပါတီပွဲမှာလည်း သူမ မပျော်ပါ

လား။ ဒြော် သူမနဲ့မှ အစောကတည်းက မအပ်စပ်ခဲ့တာပဲလေ။

မအပ်စပ်ပါဘူးဆိုတဲ့အတွေးက နေထိုင်ရတာကို ပိုကျဉ်းကျပ်စေရပါသည်။

သူမ တစ်ရှိုက်မက်မက်နှစ်သက်ခဲ့သည့် ထိုသိပ်လှတဲ့ဂါဝန်လေးကလည်း အလှချင်းပြိုင်နေကြသော ဂုဏ်ရည်မြင့်မိန်းကလေးတွေရဲ့ ဝတ်စုံတွေကြား မှေးမှိန်နေရ၏။

ဖြိုးဖြိုးဖျတ်ဖျတ်လက်နေကြသော အပြိုင်အဆိုင်ဝတ်ဆင်ထားကြသည့် စိန်လည်ဆွဲတွေကြား သူမရဲ့လည်ဆွဲသေးသေးက တိမ်ဝင်ပျောက်ကွယ်လုလုဖြစ်နေ၍ သူမ ရှက်နေရပါသည်။ ထိုစဉ်မှာ စောစောက ခပ်ချောချောအမျိုးသမီးက ထိုစင်လေးပေါ်ပြန်တက်သွားကာ. . .

"လူကြီးမင်းများကို အစားအသောက်နှင့်ဧည့်ခံတော့မှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရှင်။ အစားအသောက်နှင့်ဧည့်ခံနေစဉ် လူကြီးမင်းတို့အား ဂီတနှင့်ဖျော်ဖြေမှာဖြစ်ပါတယ်ရှင်"

ဟုဆိုကာ စင်ပေါ်မှ ထိုအမျိုးသမီးက ဆင်းသွားတော့ စင်ပေါ်တွင် မီးရောင်က တဖြည်းဖြည်း ခပ်မှိန်မှိန်အဖြစ်သို့ပြောင်းလဲသွားကာ ကြည်ပြာရောင်အဆင့်တွင် ရပ်တန့်သွားပြီး စတိတ်နှင့်ခုံဝိုင်းခြေတံရှည်လေးကို လူတစ်ဦးက ချလာကာ ပြန်ဝင်သွားပြီး နောက်လူငယ်တစ်ဦးက



ဂစ်တာကိုကိုင်ကာ ထွက်လာခဲ့ပါသည်။

ထိုအဆိုရှင်ကို သူမ ဘယ်မှာမြင်ဖူးပါလိမ့်။ မျက်မှောင်တွန့်၍ စဉ်းစားလိုက်မိပါသည်။ သို့သော် ထိုလူကတော့ ခုံပေါ်တွင်ထိုင်ပြီး ဂစ်တာကိုဟန်ပါပါကိုင်ကာ ပလက်ကင်ကို ညင်သာစွာဆွဲလိုက်ပြီး မျက်နှာကိုမော့လာချိန်မှာတော့ သူမမျက်နှာတွင် အံ့သြခြင်းက ကြီးစိုးမင်းမူသွားရပါတော့သည်။

"သူပဲ"

မှန်ပါသည်။ လွန်ခဲ့သည့်နှစ်လလောက်ကမှ သူမနှင့် ကလပ်မှာ တွဲကခဲ့ဖူးသည့် အကကောင်းသည့်ကောင်ချောလေးပါပဲ။

ဟုတွေးမိလိုက်စဉ်မှာတော့ သူမ၏ ပျော်ရွှင်သွားရပါသည်။

ထိုပျော်ရွှင်မှုကြီးကြောင့် သူတို့လုပ်ငန်းရှင်များနှင့် အဖွဲ့ကျနေသော မရိုးအောင်ကြောင့်လည်း အထီးကျန်ဆန်မနေတော့ပါ။

ထိုလူက သီချင်းသုံးပုဒ်ဆိုပြီးချိန်မှာတော့ သူမက စားသောက်လို့ပြီးသွားပါပြီ။ ထိုလူကလည်း သီချင်းသုံးပုဒ်ခဆိုပြီးတော့ ကျေးဇူးတင်ပါတယ်ဆိုတာလေးပင် ပြောမသွားတော့ပါဘဲ လိုက်ကာနောက်ကွယ်ကို ပြန်ဝင်သွားခဲ့ပါပြီ။

သူမက ရုတ်တရက်ဆိုသလို အတွေးတဖ်ခုဝင်လာကာ. . .

"အစ်ကို, ခဏနော်"

ဟုပြောတော့ စကားပြောနေသော မရိုးအောင်က ခေါင်းညိတ်လာ၍ သူမက သွက်သွက်လက်လက်ပင် ခန်းမတစ်လျှောက်အခြေအနေကိုအကဲခတ်ပြီးမှ ဝိတ်တာလေးကိုတစ်ခုခုမေးပြီးမှ အခန်းတစ်ခန်းကို တံခါးခေါက်လိုက်သည်။

"ဝင်လာပါ"

ဟူသောတုံ့ပြန်သံကြားတော့မှ အခန်းထဲဝင်လိုက်စဉ် အခြားလူငါးယောက်နှင့် သူ့ကိုတွေ့လိုက်ရပါသည်။

"ဘာကိစ္စရှိလို့လဲ"

ဟုဆိုကာ သူမကို လူငါးယောက်လုံးက ကြည့်လာစဉ်မှာတော့ သူမက ဘာပြောလို့ပြောရမှန်းမသိဖြစ်သွားမိပြီး. . .

"ဒီပါတီကိုလာတဲ့ဧည့်သည်ပါ"

ဟုပင် ပါးစပ်မှတွေ့ကရာပြောလိုက်တော့ လူတစ်ယောက်က ထရပ်ကာ ဂစ်တာကိုကိုင်ပိုက်ပြီး. . .

"တာဝန်ပြီးတဲ့လူ့က အေးဆေးပဲ။ ငါတော့ စင်ပေါ်တက်လိုက်ဦးမယ်"

ဟုဆိုကာ ထွက်သွားတော့မှ သူမကိုကြည့်နေတဲ့ သူ့မျက်ဝန်း



က ရုတ်တရက်ပြောင်းလဲသွားကာ. . .

"ဟင်! မင်း. . . မင်း"

"ရှင်, တို့ကိုမှတ်မိတယ်ပေါ့"

"မှတ်မိတာပေါ့ဗျာ၊ ကျွန်တော်က ခင်ဗျားရဲ့ပုံရိပ်ကို အမြဲပုံဖော်နေတာ"

"ဒါနဲ့များ တို့ကိုတွေ့တွေ့ချင်း မမှတ်မိဘူး"

"တူမလားဗျ။ အဲဒီမှာတုန်းက ခင်ဗျားက ဘောင်းဘီရှည်နဲ့ ဆံပင်ကိုအမြင့်ကြီးစည်းထားတာ၊ အခုပုံနဲ့တခြားစီပဲ။ ပြီးတော့ တော်တော်ကြာသွားပြီလေ"

"တို့ ရှင့်ကိုဒီလိုပြန်တွေ့ရမယ်လို့ ထင်မှတ်မထားခဲ့ဘူး"

"ခင်ဗျားလည်း ကျွန်တော့်ကိုမှတ်မိနေတယ်၊ ဟုတ်လား"

"တကယ်တော့ အဲဒါ ကျွန်မ ပထမဆုံးအတွေ့အကြုံမို့ပါ"

"ဪ, ဒါကြောင့်ကိုး"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားက ဆံပင်ရှည်တယ်။ ဝတ်ထားတာက နည်းနည်းရိုးတယ်။ ကတာလည်း သိပ်မဟုတ်ဘူး။ သိပ်မကဖူးဘူးထင်တယ်၊ တစ်မျိုးမထင်နဲ့နော်၊ နည်းနည်းရိုးစင်းတယ်ထင်လို့ပါ။ ဒါကြောင့် ကျွန်တော်

ခင်များကိုမှတ်မိနေတာထင်တယ်။ ကျွန်တော့်နာမည် နီတိပါ။ အလုပ်အကိုင်ကတော့ သီချင်းလိုက်ဆိုပြီး ဘဝကိုပျော်ပျော်ရွှင်ရွှင်ကုန်ဆုံးတယ်ဒါပဲ''

''တို့နာမည်က စံချိန်မှီပါ''

''အိုကေ''

''တို့ရဲ့ဘိုင်အိုဂရပ်ဖီကို မမေးတော့ဘူးလား''

''ပြောချင်မှပြောပါ။ မပြောချင်ရင်မပြောနဲ့။ ဘာကြောင့်လဲဆိုတော့ ဘယ်လိုအကြောင်းအရာမျိုးပဲဖြစ်နေပါစေ။ ဘာမှထူးခြားလာမှာမဟုတ်လို့ပါ။ ကိုယ့်မျက်စိထဲမှာ မင်းကို ရိုးစင်းတဲ့လူတစ်ယောက်အဖြစ်ပဲမြင်တယ်''

''ရှင်နဲ့စကားပြောရတာ တို့သိပ်ပျော်တာပဲ''

''အဲလိုပြောရင် ကိုယ်လည်းပျော်တယ်။ ကိုယ့်ကြောင့် တစ်ပါးလူပျော်တယ်ဆိုရင် ကိုယ်လည်းပျော်ရတာပေါ့''

''ရှင့်ကိုနောက်တွေ့ချင်တယ်ဆိုရင် ဘယ်လိုလုပ်မလဲ''

''ညနေလေးနာရီပတ်ဝန်းကျင်ဆို ကိုယ့်ကို အောန်လိုင်းပေါ်မှာ ရှာလို့ရပါတယ်။ blueboy-1 နဲ့လေ။ ခင်များချိန်းတဲ့နေရာကိုယ်လာမှာပေါ့''



''ဘယ်အချိန်ပဲဖြစ်ဖြစ်လား''

''အင်း''

''တို့သွားမယ်နော်၊ ရှင်တို့လုပ်စရာရှိသေးတယ်ထင်တယ်''

ဟုဆိုကာ သူမနှုတ်ဆက်ပြီး ထွက်ဟန်ပြုချိန်မှာတော့. . .

''စံချိန်မှီ''

သူမနာမည်ကိုခေါ်လိုက်တဲ့အသံချိုချိုကို ကြားလိုက်ရချိန်မှာတော့ သူမက ချာခနဲလှည့်ကြည့်လိုက်၏။

''ခေါ်ကြည့်တာပါ''

ဟုပြောပြီး ပြုံးပြလာပါသည်။

''ဩော်, ဒီနေ့ မင်းသိပ်လှတယ်''

ဟု သူက စွဲစွဲနစ်နစ်လေးပြောလိုက်စဉ်မှာ သူမ ရင်ခုန်ရမလား။ ထွက်ပြေးရမလားပင် မသိနိုင်တော့ပါ။

သူ့အပြုံးလှလှလေးကိုမြင်ယောင်ရင်း ပြုံးတစ်ချက်၊ တည်တစ်ချက်ဖြင့်လာခဲ့စဉ်မှာ

''မှီ''

''ဩော်, အစ်ကို''

''ဘယ်သွားနေတာလဲ။ ကိုယ်ရှာတာ နှံ့နေပြီ''

"ဟို, သန့်... သန့်စင်ခန်းပါ"

"ဩော်, ဒါကြောင့်မတွေ့တာကိုး"

ဟု အစ်ကိုက ရိုးသားစွာပြောလာခဲ့တော့ မရိုးသားတဲ့သူမကပဲ မလုံမလဲဖြစ်သွားရပါသည်။

အစ်ကို့ရဲ့လက်မောင်းကိုရိုက်ပြီး ပြန်လာခဲ့ရပေမယ့် အပြုံးနုနုလေးနဲ့ သူမရင်ကိုသာယာချမ်းမြေ့စေတတ်သော သူ့မျက်နှာက သူမအာရုံထဲတွင် ဝင်ရောက်မွှေနှောက်လျက်ရှိပါသည်။

သေချာပါသည်။ ဒီပုံအတိုင်းဆို သူမ ထိုလူချောလေး နိတိကို အောန်လိုင်းပေါ်မှာ ရှာဖွေမိတော့မှာပါ။

□□□

## အခန်း (၁၇)

ဗိုက်ထဲမှာ နေမကောင်းဘူး။ အိုကျိုသွားပြမယ်ဟု ဒေါ်အေးကို ပြောကာ ထွက်လာခဲ့ပြီးမှ နိတိကိုချိန်းကာ ကော်ဖီဆိုင်တွင် စောင့်နေလိုက်၏။

သူမ ကြာကြာမစောင့်လိုက်ရပါ။

အကျီအနီရောင်ဖျော့ဖျော့ပေါ်တွင် ဝှေစကုတ်အနက်ရောင် စပ်ကြားလေးကိုဝပ်၍ ဝတ်ဆင်ထားသောနိတိက လန်းဆန်းတက်ကြွစွာ ပေါ်လာခဲ့ပါသည်။

နိတိက သူမကိုမြင်မြင်ချင်းမှာပဲ ပြုံးပြကာ သူမရှေ့ကခုံတွင်

ဝင်ထိုင်လိုက်ပြီး. . .

"ကြာပြီလား"

"ဆယ့်ငါးမိနစ်လောက်"

"နီတိကိုတွေ့ရရင် အမြဲတက်ကြွလန်းဆန်းနေတာပဲ။ သိပ်စိတ်ချမ်းသာဖို့ကောင်းတာ"

"ခင်များကိုတွေ့ရရင်လည်း အမျိုးမျိုးပြောင်းလဲနေတတ်လို့ အမြဲအသစ်ဖြစ်တယ်"

"ဘာပြောင်းလဲလို့လဲ"

"ပထမတစ်ခါတွေ့တော့ ဘောင်းဘီနဲ့အကျီလက်ပြတ်နဲ့ ဆံပင်ကို မြင့်မြင့်စည်းထားပြီး တကယ်ရိုးစင်းတယ်။ နောက်တစ်ကြိမ်ပြန်တွေ့တော့ လုပတဲ့ဂါဝန်ရှည်နဲ့ ဆံပင်ကိုထုံးဖွဲ့ထားပြီး တကယ့်လေဒီစတိုင်လ်နဲ့ ဒီတစ်ကြိမ်တော့ လုံချည်ကိုအထက်အောက်ဆင်တူနဲ့ ဆံပင်ကိုဖားလျားလေးဖြန့်ချထားတယ်။ မျက်နှာမှာ ဘာခြယ်သမှုမှမရှိဘူး"

"အဲဒီစတိုင်လ်သုံးမျိုးထဲက နီတိ ဘယ်လိုပုံကိုပိုကြိုက်သလဲ"

"ဘယ်လိုပုံဖြစ်ဖြစ် ကိုယ့်အတွက်တော့ စံချိန်မှီချည်းပါပဲ"

"ကျေးဇူးတင်ပါတယ်"

"ဘာဖြစ်လို့လဲ"



"ဘယ်လိုပဲဖြစ်ဖြစ် တစ်သမတ်တည်းမြင်ပေးလို့ပါ"

"မင်းမျက်နှာမှာ သောကတစ်ခုခုကို သယ်ပိုးထားရတဲ့ပုံပဲ"

"ရှင်က ခန့်မှန်းတတ်သားပဲ"

"ကိုယ့်ကိုပြောကြည့်လေ။ ကိုယ်ကူညီလို့ရရင် ကူညီမှာပေါ့"

"အကူအညီတောင်းလို့ရရင်တော့ ကောင်းတာပေါ့၊ အခုတော့"

"အခုတော့ ဘာဖြစ်သလဲ"

"နောင်တရရင် နီတိ ဘယ်လိုဖြေရှင်းသလဲ"

"နောင်တ ဟုတ်လား. . . ကိုယ် မရှူးဘူး၊ ကိုယ် နောင်တရအောင် ဘယ်တော့မှမလုပ်ဘူး။ လုပ်ချင်ရာကို ပဈ္စုပ္ပန်မှာ အကောင်းဆုံးလုပ်တယ်"

"အဲဒါကောင်းတာပေါ့"

"ဘာလဲ၊ စံချိန်မှီက နောင်တရနေတာလား"

"ရှင်နဲ့လွန်ခဲ့တဲ့ငါးလလောက်ကတွေ့ခဲ့ရင် ကောင်းမှာပဲ"

"အခုက ဘာဖြစ်နေလို့လဲ"

"တစ်ခုခုပြောလိုက်လို့ နီတိ မခင်တော့မှာကို သိပ်စိုးရိမ်နေတယ်"

"ကိုယ်က အဲလိုလူမျိုးမဟုတ်ဘူး။ လူတစ်ယောက်ရဲ့ဘိုင်အို

ဂရုပ်ဖီထက် ကိုယ်နဲ့လတ်တလောပတ်သက်မှုကိုပဲတွေးတယ်"

"ရှင့်လိုလွတ်လပ်တဲ့ဘဝမျိုးကို သိပ်အားကျတာပဲ"

"အခု စံချိန်မှီဘဝက ဘယ်လိုဖြစ်နေလို့လဲ"

"မလွတ်လပ်လို့ပေါ့"

"ဒါဆို ကိုယ်ထင်တာ မှန်သွားပြီထင်တယ်"

"ဟင်! "

"ဆောရီးနော်၊ အပြောမှားရင်ခွင့်လွှတ်"

"ရပါတယ်"

"အခု စံချိန်မှီမှာ ကိုယ်ဝန်ကြီးနဲ့ဖြစ်ရမယ်"

"ဟင်! ရှင်ဘယ်လိုသိသလဲ"

"အလိုလိုသိတာပါ။ ကိုယ်က နည်းနည်းတော့ ကြည့်တတ်တယ်"

"ရှင်သိပ်တော်တာပဲ"

"အိမ်ထောင်ရေးအဆင်မပြေလို့လား"

"မတူညီတဲ့အလွှာနှစ်ခု ပေါင်းစပ်ကြတာဟာ ဘယ်တော့မှ ကောင်းခြင်းဖြစ်မလာတတ်ကြဘူး"

"ဘာလဲ၊ ခင်ဗျားအနှိမ်ခံရလို့လား"



"ရှင် ထပ်တော်သွားပြန်ပြီ"

"ဒါဘာမှမဆန်းပါဘူး။ သာမန်ဇာတ်လမ်းမျိုးတွေပါ။ ကလေးတောင် တွေးတတ်တယ်"

"ကလေးတောင်တွေးတတ်တဲ့ကိစ္စကို တို့ ဘာကြောင့်မတွေးတတ်ခဲ့သလဲမသိဘူး"

"နောင်တရနေလို့လည်း၊ ခံစားရရုံပါပဲ။ မထူးပါဘူး။ ဖြစ်နေတဲ့ဘဝထဲမှာသာ ပျော်သလိုနေလိုက်ပါတော့"

"ချောက်ကမ်းပါးနက်ကြီးထဲမှာလိုပဲ၊ ပထမတုန်းကတော့ တို့ အမျိုးသားကို ယုံကြည်ခဲ့တာပါ။ တဖြည်းဖြည်းနဲ့ တို့ သူ့ကိုလည်းမုန်းလာသလိုပဲ"

"အဓိက,က ယောက်ျားကိုမဟုတ်လား"

"ယောက်ျားက ပိုဆိုးပါတယ်။ ဘဝမြင့်တယ်၊ ကြီးကျယ်တယ်၊ ငွေကြေးမပြည့်စုံသူတွေကိုဆို လူလို့တောင် တွေးတာမဟုတ်ဘူး။ တို့ကိုလည်းနှိမ်တယ်။ မခံနိုင်စရာစကားလုံးနဲ့နှိမ့်ချပြီး ပါးရိုက်တယ်"

"တော်တော်ဆိုးတာပဲ"

"သူ့ကိုမြင်ရင် လုံးဝမထင်ရဘူး။ ရုပ်ကလေးက မှန်နေအောင် လှတာ"

"သူက ခင်ဗျားလူရဲ့အစ်မလား၊ ညီမလား"

"ညီမ"

"ဒါဆိုရင်တော့ အဲဒီအမျိုးသမီးတော်တော်လွန်တာပဲ"

"သူက ပိုက်ဆံချမ်းသာတယ်။ ပညာတတ်တယ်လေ"

"ဘာပဲဖြစ်ဖြစ် တခြားလူကိုလုပ်ချင်လုပ်ပေါ့။ အခု သူနဲ့ခင်ဗျားက ဆွေမျိုးတွေဟာကို"

"တို့ရင်ထဲမှာ သိပ်နေလို့ကောင်းတယ်သိလား။ ရှင်က တို့အတွက် သူတို့ကိုစိတ်တိုပေးလို့ပါ"

"တိုတာပေါ့။ ကိုယ်က အဲလိုမတရားနိုင့်ထက်စီးနင်းမျိုး လုံးဝ မကျေနပ်ဘူး၊ နေပါဦး. . . ဒါကို ခင်ဗျားလူက ဘာမှမပြောဘူးလား"

"သူက သူ့ညီမနဲ့သူ့အမေအတွက် သိပ်ပြီး သားကောင်းဖြစ်ချင်တာ"

"ဒါဆို ခင်ဗျားကို ဘာလို့လက်ထပ်ထားသေးလဲ၊ ကိုယ့်ကိုယုံကြည်အားကိုးထားတဲ့ မိန်းမတစ်ယောက်ကိုတော့ တာဝန်ယူနိုင်ရမှာပေါ့။ ဒါနဲ့ သူတို့က သိပ်ချမ်းသာကြသလား"

"အင်း-----ကုန်တိုက်ကိုပိုင်တယ်၊ ပြီးတော့ ကုမ္ပဏီတွေမှာ [illegible]ကတော အ[illegible]ကြီးဝင်ထားတယ်လို့ပြောတယ်၊ အဲဒီယောကျ်ာမလုပ်



သူက ဖက်ရှင်ဆိုင်လည်း သီးသန့်ဖွင့်ထားသေးတယ်"

"အဲတော့ ခင်ဗျားက အနှိမ်ခံရရောပေါ့"

"ဒါကြောင့် စိတ်ညစ်ညစ်နဲ့သွားရာက ရှင်နဲ့ဆုံလာတာပေါ့"

"ခင်ဗျားရင်ထဲမှာ သိပ်ပြီးခံစားမနေပါနဲ့၊ ကိုယ့်ကိုအချိန်မရွေး ရင်ဖွင့်လို့ရတယ်ဟုတ်လား။ မင်းစိတ်ထဲ သက်သာသွားမှာပေါ့"

ဟု နီတိက ကိုယ်ချင်းစာနာစွာပြောလိုက်လျှင် နီတိကို သူမ အားကိုးယုံကြည်မှုအပြည့်နှင့် ပို၍ခင်မင်သွားမိပါသည်။

☐☐☐



## အခန်း (၁၈)

"အင်း၊ လျောင်ပိတ်နေတဲ့ရောဂါ ထွက်ပေါက်ရှာတယ်ဆိုတာ အဲဒါပေါ့"

ဟု လမင်းကပြောလျှင် သူမက ပြုံးမိလိုက်ပါသည်။

"သူက ရိုးရှင်းပါတယ်၊ လွတ်လပ်တယ်။ အဲဒီဘဝမျိုးကို အားကျတယ်"

"မရိုးအောင်တုန်းကလည်း ရှင် ဒီလိုပဲပြောခဲ့တာပါပဲ။ သူက စမတ်ကျတယ်၊ ချမ်းသာမယ့်ပုံပဲ၊ ပိုက်ဆံသိပ်သုံးတာ၊ ဆိုင်အကောင်းတွေမှာပဲ ကျွေးတယ်။ အဲဒီဘဝမျိုးကို သိပ်အားကျတာလို့လေ"

"ကာလာတွေများလွန်းလို့ အဲဒီဘဝကြီးကို မုန်းမိလာပြီ"

"ရှင့်ကိုဝေဖန်ရရင် ရှင်က ရောင့်ရဲကျေနပ်မှုမရှိတာပေါ့"

"အမှန်ပဲ"

"ရှင့်စိတ်ကိုတည်ငြိမ်အောင်ထိန်းပါ စံချိန်မို့။ အဲလိုစိတ်က ကူးယှက်နေတတ်မယ်ဆို နောင်တန္တိုင်ထဲက ဘယ်တော့မှရုန်းထွက်နိုင်မှာမဟုတ်ဘူး"

"ဘာကိုပြောတာလဲ"

"ရှင်သိလား။ ဘဝတိုင်းမှာ ခက်ခဲမှု၊ အဆင်မပြေမှုတွေ ကိုယ်စီရှိနေကြတာချည်းပဲ။ ဘယ်ဘဝကမှ သာယာပျော်ရွှင်မှုနဲ့ ပြီးပြည့်စုံနေကြတယ်လို့မရှိကြပါဘူး။ ဖြစ်နေရတဲ့ဘဝထဲမှာသာ ရှင်ပျော်အောင်နေပါလား"

"ရှင်မသိလို့နေ့ာ။ နိုတီနဲ့နေရတာ တော်တော်ပျော်စရာကောင်းတာ။ သူက လွတ်လပ်တယ်။ ဘာခက်ခဲမှုမှမရှိဘူး"

"ရှင်ထင်လို့ပါ"

"သူနဲ့နေရင်ပျော်တယ်။ သူ့အပြုံးက တို့ကိုပျော်ရွှင်စေတယ်။ သူ့မျက်လုံးက နွေးထွေးစေတယ်။ တစ်ခါတစ်ရံမှာ မတွေးကောင်းတာကို တွေးမိတယ်။ သူနဲ့ဆို တို့ဘဝကို ရဲရဲကြီးရင်ဆိုင်နိုင်မှာပဲလို့"



"ဒါကြောင့် ရှင့်ကို တို့မေးခဲ့တာပေါ့။ မရိုးအောင်ကိုချစ်ရဲ့လားလို့။ တို့စိုးရိမ်တဲ့အချိန်ရောက်လာပြီ"

"ဘာလဲ"

"အရာရာပြီးဆုံးချိန်မှ အချစ်ကိုတွေ့ရှိတာပေါ့"

"ဩော်, ဒီလိုလား"

"ရှင့်ကို တို့အကြံပေးမယ်။ ရှင်ရတဲ့ဘဝမှာ ပျော်အောင်နေပါ။ တကယ်တော့ မရိုးအောင်ဟာ ယောကျ်ားကောင်းတစ်ယောက်ပါ။ မိန်းမကိုလည်းချစ်တယ်။ အမေကိုလည်း စိတ်ချမ်းသာစေချင်၊ ညီမကိုလည်း ကာကွယ်ပေးချင်နဲ့ သူ့ခမျာမှာ တော်တော်ပင်ပန်းနေရော့မယ်။ ကဲ, ပြော. . . ရှင့်ကိုလည်း ဂရုစိုက်တာပဲမဟုတ်လား"

"အလကားပါ။ ကလေးရှူးရှူးနေတဲ့သူက တို့ဗိုက်ထဲက ကလေးအတွက်မို့ပါ"

"အကောင်းမြင်တဲ့ရှုထောင့်ကသာ ကြည့်တတ်မယ်ဆိုရင် လူတိုင်းက မမှားကြပါဘူး။ ရှင်ချစ်တဲ့မျက်လုံးနဲ့ မရိုးအောင်ကိုကြည့်ပေးလိုက်ပါ"

"ဟမ်း. . ."

"တို့က စာရေးတဲ့လူဆိုတော့ ရှင်တို့ကို နေရာအသီးသီးက

ဝင်ရောက်ခံစားပေးတယ်။ ရှင့်ဘက်ကကြည့်တော့လည်း မရိုးအောင်ကို အားကိုးယုံကြည်လို့ ပြီးတော့ ချမ်းသာချင်လို့ ဘာမှမစဉ်းစားတော့ဘဲ လက်ထပ်လိုက်တယ်။ ရှင်မှန်ပါတယ်။ ရှင်က ဆင်းရဲခဲ့တာကိုး။ ဒေါ်မြင့်မြတ်ဘက်ကကြည့်ရင်လည်း သူ့ရဲ့အားကိုးရတဲ့ တစ်ဦးတည်းသောသားကို သူတို့နဲ့ဂုဏ်ရည်တူမိန်းကလေးနဲ့ လက်ထပ်စေချင်မှာပေါ့။ သူတို့က ဂုဏ်နဲ့ယှဉ်ပြီး ချမ်းသာကြတာကိုး။ အဲဒီအချက်မှာ ရှင်က တို့ကိုမေးစရာရှိတယ်။ ယောက်မက ဘာဖြစ်နေတာလဲလို့"

"အဲတော့"

"ရှင်ကဆင်းရဲတယ်၊ နိမ့်ကျတယ်လေ။ ဘာဂုဏ်မှမရှိတော့ သူ့အစ်ကိုနဲ့ဘယ်သဘောတူပါ့မလဲ။ သူတို့လောကမှာ ဂုဏ်ဟာ ဘယ်လောက်ထိအရေးပါသလဲဆိုတာ တို့ထက် အဲဒီအသိုင်းအဝိုင်းထဲရောက်နေတဲ့ရှင်က ပိုသိမှာပါ"

ဟုပြောကာ ရေတစ်ခွက်သောက်လိုက်ပြီးမှ. . .

"အားလုံးထဲမှာ မရိုးအောင်နေရာက ခံစားရအခက်ဆုံး ကာ နိုက်တာပဲ။ မိန်းမကိုလည်း ယောကျ်ားတစ်ယောက်လို ကာကွယ်ပေးချင်၊ ညီမကိုလည်း အစ်ကိုတစ်ယောက်လိုကောင်းပေးချင်၊ အမေကိုလည်း သားတစ်ယောက်လိုကောင်းချင်၊ သည်ကြားထဲ ထိုသုံးယောက်က မတည့်



ကြ။ အလုပ်က တစ်နေ့ကုန်ပင်ပန်းပြီး ပြန်လာရင် ပြဿနာက အရင် ဝင်ရှင်းရသေးတယ်။ အမေကတစ်မျိုး၊ မိန်းမကတစ်မျိုး၊ ညီမက တစ်မျိုးနဲ့ သူ့ခမျာ မညီတဲ့အဲလိုသံစဉ်တွေကို ဘယ်လိုညှိလို့ညှိရမှန်းမသိနဲ့ တော်တော်အခက်တွေ့နေရှာတာ"

"ရှင့်ပါးစပ်ထဲရောက်မှပဲ မရိုးအောင်က လူကောင်းကြီးလုံးလုံးဖြစ်လာနေဘာ့တယ်။ သူကြားရင် ရှင့်ပါးစပ်ကို ရွှေချထားမှာသေချာတယ်"

"အဲဒါမှ တို့ ရွှေပိသေနေပါဦးမယ်။ မစားရသောက်ရနဲ့ တော်တော်ပြုတ်ပြုတ်လေ"

လမင်းက ထိုသို့အရွှန်းဖောက်တော့ သူမမှာ ရယ်ရပါသည်။ ထိုနေ့က အဲဒီအိမ်မှာပဲ တစ်နေ့ကုန်လည်ပြီး ညနေပိုင်းမှ ပြန်လာခဲ့ပါသည်။ သူမက အိမ်ပြန်ရောက်တော့ အဝတ်လဲကာ ရေချိုးမယ်ကြံတော့. . .

"ဒေါက်! ဒေါက်! "

"ဘယ်သူလဲ"

"ဒေါ်အေးပါ"

"ဝင်လာခဲ့လေ"

ထိုအခါမှာမှ သူမကိုခင်နေသော ဒေါ်အေး ဝင်လာကာ. . .

"အိုဂျီသွားပြတာ အဆင်ပြေရဲ့လား"

"အင်း၊ တကယ်တော့ ဆေးခန်းမရောက်ပါဘူး။ ပျင်းလို့ထွက်သွားတာ"

"ဗိုက်ထဲမှာ နေမကောင်းဘူးဆို"

"အင်း၊ ဘယ်လိုကြီးမှန်းမသိဘူး။ တစ်ချက်တစ်ချက်နာတယ်"

"ဆရာဝန်နဲ့သေချာပြောပေါ့။ သားဦးဆိုတာ ဂရုစိုက်ရတယ်။ ဪ၊ ဒါနဲ့ နေ့လယ်ကတောင် မရိုးငယ် ဖုန်းဆက်သေးတယ်။ စံချိန်မှီ ရောတဲ့"

"အထူးအဆန်းပါလား"

"ဒေါ်သသံကြီးနဲ့"

"အဲတော့ ဒေါ်အေး ဘာပြောလိုက်သလဲ"

"ဆေးခန်းသွားတယ်လို့ပြောလိုက်တယ်"

"အဲတော့"

"ဘာမှမပြောဘဲ ဖုန်းချသွားတယ်"

ဒေါ်အေးက ပြောပြီးပြန်ထွက်သွားချိန်ထိ ဘာလဲဆိုတာမျိုးကို တွေးမရနိုင်လောက်အောင် ကျပ်ညပ်နေရပါသည်။



သို့သော် မရိုးငယ် ပြန်ရောက်လာချိန်မှာတော့ ပြဿနာက စတင်၍ ပေါ်ပေါက်လာခဲ့ပြန်ပါသည်။

"စံချိန်မှီ"

ထိုအသံကြီးက သိပ်ကိုမာထန်လွန်းနေ၍ သောက်လက်စရေပင် သီးသွားချင်ရပါသည်။

"ရှင် မနေ့က ညနေလေးနာရီခွဲလောက်မှာ ဘယ်မှာရှိနေတာလဲ"

သူမ မျက်လုံးပြူးသွားရပါသည်။ အဲဒီချိန်တုန်းက နီတိနဲ့အတူ ကော်ဖီဆိုင်မှာလေ။

"----ကော်ဖီဆိုင်ကိုသိတယ်မဟုတ်လား။ အဲဒါ တို့သူငယ်ချင်း ပိုင်တာ"

ဟုပြောလိုက်တော့မှ သူမ သဘောပေါက်သွားရပါသည်။

"ဒါကြောင့် ကိုကို့ကိုပြောတာပေါ့။ အဲလိုအပေါစားမိန်းမမျိုးကို လက်မထပ်ပါနဲ့လို့။ အဲလိုမိန်းမမျိုးက ဂုဏ်သိက္ခာဆိုတာ ဘာမှန်း မသိဘဲ ပိုက်ဆံလေးနည်းနည်းသုံးနိုင်ရင် နောက်မီးလင်းချင်ကြတယ်"

"ရှင့်စကားက ဘာသဘောလဲ။ ဘာလဲ"

"ဒီလောက်တောင်ဖြစ်နေကြရင် ငါ့အစ်ကိုကို ပွင့်ပွင့်လင်းလင်း

တရားဝင်ကွာလိုက်ပါလား။ လူကြားထဲမှာ တို့မိသားစုကိုတော့ လိုက်ပြီး သိကွာမချနဲ့"

"တို့ကလည်း ကွာချင်ပါတယ်။ ရှင်တို့အိမ်မှာနေရတာ ပျော်နေတယ်များ ထင်နေသလား။ မပြတ်သားတဲ့ယောကျ်ားရော၊ ရိုင်းစိုင်းတဲ့ယောက်မရော၊ နားလည်မှုမရှိတဲ့ယောက္ခမကိုပါ ရွံလွန်းလို့ မုန်းလွန်းလို့"

"ရှင် ငါ့အမေကိုဘာမှပြောစရာမလိုဘူး"

"ပြောတယ်, ပြောတယ်။ ဒါမျိုးတော့ ရှင်က ခံပြင်းတယ်ပေါ့။ အဲဒါ ရှင့်အမေက မသေသေးဘူး။ ငုတ်တုတ်ကြီး။ ငါ့ကိုနှိပ်စက်ပြနေသေးတယ်။ ရှင့်အမေကိုထိခိုက်တာမကြိုက်ရင် သေသွားပြီးတဲ့ငါ့မိဘကို ဘာမှထိခိုက်စရာမလိုဘူး"

"အောက်တန်းစားမျိုးကများ"

"မျိုးရိုးနဲ့ချည်ပြီး မနှိမ်ချနဲ့ မရိုးငယ်"

"ပြောတယ်, နှိမ့်ချတယ်။ ရှင်တို့မျိုးရိုးက နိမ့်ကျလို့။ ငါ့အစ်ကိုကို ရထားတာတင် ရှင်မလုံလောက်နိုင်သေးတာပေါ့"

"ရှင်လွန်ပြီနော် မရိုးငယ်။ ငါထပ်ပြီးသည်းမခံနိုင်တော့ဘူး"

"သည်းမခံနိုင်တော့ ရှင်က ဘာလုပ်ချင်သလဲ"



ဟု ရန်လိုနေသလိုဆိုပစ်ချိန်မှာတော့ စံချိန်မှီရဲ့မျက်ဝန်းထဲ မီးဝင်းဝင်းတောက်သွားရကာ မရိုးငယ်ကို ဆတ်ခနဲတွန်းလှဲပစ်ပါသည်။

သည့်တွင် မရိုးငယ်က ကြမ်းပြင်ပေါ် ဖင်ထိုင်လျက်သားလဲကျသွားကာ နောက်စေ့နှင့် နံရံနည်းနည်းဆောင့်မိသွား၍ နာကျင်သွားရသည် ထင်ပါသည်။

ငြိမ်နေပြီးကာမှ ရုတ်တရက်ကြီးထလာကာ ဒေါသတကြီးပင် သူမကိုဆောင့်တွန်းပစ်လိုက်တော့ သူမမှာ နောက်မှံ့ပေါ် ဖင်ထိုင်လျက်သား လဲကျသွားပြီးမှ အရှိန်ကများလွန်း၍ မထိန်းနိုင်တော့တာကြောင့် ခုံရောလူပါ ကိုးရိုးကားယားကြီးပင် ကြမ်းပြင်ပေါ်သို့ လဲကျသွားရပါသည်။

ဆူညံသံကြောင့် ဒေါ်အေးမှာ ဘာဖြစ်တာလဲဟု ယှာယှာယာယာ ထွက်ကြည့်လာတော့ မျက်လုံးကြီးပြူးပိုင်းသွားရပါသည်။

"အား. . ."

ညည်းညူကာ လဲကျနေသော စံချိန်မှီကိုကြည့်လိုက်၊ မှင်တက်စွာ ထိတ်ထိတ်လန့်လန့်ဖြစ်နေပုံနှင့် မရိုးငယ်ကိုကြည့်လိုက်နှင့် ဘာလုပ်၍လုပ်ရမှန်းမသိဖြစ်နေရပါသည်။

"အား. . ."

ထပ်၍ညည်းညူလာချိန်မှာတော့ စံချိန်မှီကိုကြည့်လိုက်ရာ. . .

"ဟင်! သွေးတွေ"

"အား. . ."

"ဘယ်လိုလုပ်ရမလဲ စံချိန်မှီ၊ ရရဲ့လား"

"အား. . . နာတယ်. . . အား"

"ဒုက္ခပါပဲ၊ ကိုယ်ဝန်ဘာဖြစ်သွားပြီလဲမသိဘူး"

ဟုပင် ပျာယာခတ်သွားကာ စံချိန်မှီကို ပွေ့ချီရကောင်းနိုး၊ မရိုးအောင်ကို ဖုန်းဆက်ရကောင်းနိုးနှင့် ခြောက်တတ်ရာရာဖြစ်နေသော ဒေါ်အေးကိုကြည့်ရင်းပင် အမှောင်ထုကြီးရဲ့ဆွဲခေါ်သွားရာနောက် လိုက်ပါသွားရပါသည်။

□□□

## အခန်း (၁၉)

သူမ သတိရလာသောအချိန်တွင် သူမက သန့်ရှင်းဖြူလွှသည့် အခန်းထဲမှာရောက်နေခဲ့ပါသည်။

"မှီ, နိုးပြီလား"

ဟူသော မရိုးအောင်ရဲ့ကြင်နာသံကို စတင်၍ကြားလိုက်ခြင်း ဖြစ်ပါသည်။

"ဒါ, ဘယ်မှာလား"

"ဆေးရုံမှာပါ"

"မှီ ဘာဖြစ်သွားတာလဲဟင်",

"နေမကောင်းလို့ ဆေးရုံတက်နေရတာပေါ့"

"ခေါင်းတွေက မူးလိုက်တာ"

ဟုဆိုကာ ထရန်ပြင်လိုက်စဉ်မှာတော့. . .

"မထနဲ့မို။ မို သိပ်အားနည်းနေတယ်"

"ဟင်! "

"ဆရာဝန်က မို့ကိုလမ်းတောင်မလျှောက်ခိုင်းနဲ့ဦးလို့ မှာထားတယ်"

"မို လျှောက်နိုင်ပါတယ်"

"မရဘူး မို။ သွေးနုသားနုနဲ့ဆိုတော့ ဂရုစိုက်မှဖြစ်မယ်"

"သွေးနုသားနု"

"ကိုယ်တို့ရင်သွေးမရှိတော့ဘူး မို"

"ဟင်! "

"သိပ်ပြီးစိတ်ထိခိုက်မသွားပါနဲ့။ ဆရာဝန်က ရှိနိုင်သေးတယ်လို့ပြောပါတယ်"

"အစ်ကိုသိပ်ပြီးဝမ်းနည်းနေသလားဟင်"

"မို နားချင်နားလေ။ မိုလည်း သတိရလာပြီဆိုတော့ ကို စိတ်ချသွားပါပြီ"



"မို ဘယ်လောက်ကြာကြာအိပ်ပျော်နေတာလဲ"

"နာရီနဲ့ဆိုရင်တော့ ဆယ့်နှစ်နာရီဝန်းကျင်လောက်ရှိမယ်"

"အစ်ကို မို့ကိုအပြစ်တင်ချင်နေသလားဟင်"

"မတင်ပါဘူး။ ဘာကိစ္စနဲ့ မို့ကိုအပြစ်တင်ရမှာလဲ။ မို့ကိုတောင်းပန်ချင်နေတာပါ။ တောင်းပန်ပါတယ် မို။ မိန်းမကိုမပြောနဲ့။ သူလွယ်ထားတဲ့ကိုယ်ဝန်ကိုတောင် ကိုယ်လုံခြုံအောင် မစောင့်ရှောက်နိုင်ခဲ့ဘူး။ ကိုယ်ဟာ အသုံးမကျတဲ့ယောကျ်ားပါ"

နာနာကျင်ကျင်ကြီးပြောနေသော မျိုးအောင်ရဲ့စကားလုံးများက သူမရင်ထဲကို ထိုးဖောက်ဝင်ရောက်လာခဲ့ရပါသည်။

"တောင်းပန်ပါတယ်မို။ ကိုယ်ဟာ ဘယ်တော့မှဖခင်ကောင်းတစ်ယောက်ဖြစ်နိုင်တော့မှာမဟုတ်ပါဘူး"

"ဘယ်ဟုတ်ပါ့မလဲ အစ်ကိုရယ်။ ဆရာဝန်က ရှိနိုင်သေးတယ်လို့ပြောတယ်မဟုတ်လား"

"ကိုယ်မခံယူဝံ့တော့ပါဘူး။ ခင်ပွန်းကောင်းတစ်ယောက်၊ သားကောင်းတစ်ယောက်၊ အစ်ကိုကောင်းတစ်ယောက်တောင် မလုပ်နိုင်ခဲ့တာ။ ဒါ့ထက်ပိုပြီး မြတ်တဲ့ဖခင်ကောင်းတစ်ယောက်ဆိုတဲ့ဘဝကြီးကို ကိုယ်ဘယ်လိုခံယူဝံ့တော့မလဲ။ ကိုယ်စိတ်ကူးယဉ်ခဲ့ဖူးတယ်။ သားနဲ့သမီး

နဲ့ သာယာပျော်ရွှင်တဲ့မိသားစုဘဝကိုပေါ့။ ဒါပေမဲ့ အဲဒီဘဝက ကိုယ့်ရဲ့ အသုံးမကျမှုအောက်မှာ ပျောက်ဆုံးကုန်ရပါပြီ။ ကိုယ်ဟာ အသုံးမကျတဲ့ လူတစ်ယောက်ပါ။ မို့ ကိုယ့်ကိုကောင်းကောင်းအပြစ်တင်လိုက်ပါလား။ ကိုယ့်ရင်ထဲမှာ မွန်းကျပ်နေတယ်။ အဖြေမရတဲ့ပုစ္ဆာကိုပဲ အကြိမ်ကြိမ် တွက်ချက်နေမိတယ်။ အဲလိုတွက်ချက်လေ, အဖြေက ဝေးလေနဲ့ ဘာ ကြောင့် ကိုယ့်အတွက် ပျော်ရွှင်မှုကြီးက ပုန်းခိုနေရတာလဲကွာ။ ကိုယ့် ရင်ထဲမှာ နာကျင်နေတယ်။ ပြီးတော့ မွန်းကျပ်နေတယ်။ ကြည့်လိုက်တိုင်း လည်း မဲမှောင်နေတယ်။ နေမင်းရဲ့အလင်းရောင်ကလည်း ကိုယ့်အတွက် မှောင်နေတယ်။ လကလေးရဲ့ အလင်းရောင်ကလည်း ကိုယ့်ကိုအေးမြ မှုမပေးဘူး။ ကိုယ် အမြဲခံစားချက်ကို ချုပ်တည်း ထိန်းချုပ်ခဲ့ပါတယ်။ တစ်ခါတစ်ရံတော့လည်း ပေါက်ကွဲချင်မိတယ်။ ရှင်သန်ခြင်းကိုလည်း စိတ်ပျက်လာမိတယ်။ ဘာဖြစ်လို့ ကိုယ့်အတွက် ဆိုးဝါးရတာလဲလို့စဉ်း စားမိတိုင်း ကိုယ်ဟာ အသုံးမကျဘူးလို့ခံစားရတယ်။ အဲလိုခံစားမိလေ ကိုယ်ဟာ ရှင်သန်ခြင်းနဲ့ မထိုက်တန်လေပါပဲ။ ခွင့်လွှတ်ပါမို့။ မို့ဘဝကို ကိုယ်ဆွဲသွင်းပြီး သောကတွေပဲ ဆက်တိုက်ပေးသလိုဖြစ်သွားခဲ့တယ်။ ကိုယ့်ကိုခွင့်လွှတ်ပါကွာ''

ဟု မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျပြီး သူက ကလေးတစ် ယောက်လိုပြောနေ၍ သူမပင်လျှင် မှင်တက်နေရပါသည်။

''မိန်းမတစ်ယောက်ရှေ့မှာ ငိုတဲ့ယောကျ်ားဟာ ယောကျ်ား မဟုတ်ဘူးလို့ ဖေဖေကပြောဖူးပါတယ်။ ငိုတဲ့အလုပ်ကလည်း ယောကျ်ား အလုပ်မဟုတ်သလို စိတ်ပျက်အားငယ်တာကလည်း ယောကျ်ားမဟုတ် ဘူးတဲ့။ ယောကျ်ားဆိုတာ ခိုင်မာရဲရင့်ပြီး မိသားစုရဲ့ရှေ့မှာ အရာရာ ဦးဆောင်နိုင်ရမယ်တဲ့။ ကိုယ်ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ကိုယ်မလုပ် နိုင်ခဲ့ဘူး။ ကိုယ့်ကိုခွင့်မလွှတ်ချင်ရင်တောင် နားလည်ပေးပါ''

ဟုဆိုပြီး မျက်ရည်စက်တွေကိုသုတ်ကာ. . .

''ကိုယ်နားလည်ပါတယ်။ ဂျင်းကလည်း စပ်သလို ငရုတ်သီး ကလည်း စပ်တယ်။ အဲလိုစပ်တဲ့အရာနှစ်ခုကို ပေါင်းစပ်လိုက်ရင် ပိုစပ် တယ်။ တတ်ပြုပြီး အစပ်မပေါ့သွားနိုင်ဘူးဆိုတာ ကိုယ်သိသင့်ပါတယ်''

ဟုဆိုကာ သူမနဖူးပြင်လေးကို ကြင်နာစွာနမ်းပြီး ထွက်သွား သော မရိုးအောင်ရဲ့ကျောပြင်ကြောင့် သူမရင်ထဲ သိပ်သည်းနေအောင် ခံစားရပါသည်။

ထိုကျောပြင်ကိုကြည့်ရင်း သူမရင်ထဲ ဝမ်းနည်းမှုကြီးက တိုး ဝှေ့ ဝင်ရောက်လာ၍ သူမကိုယ်၌ကလည်း နှစ်နှစ်မြိုက်မြိုက်ငိုကြွေးလိုက် ပါသည်။ သူမ နှစ်နှစ်မြိုက်မြိုက်ငိုကြွေးရင်း အိပ်ပျော်သွားခဲ့ပါသည်။

သူမနိုးလာချိန်မှာတော့ သူမကို သတင်းဆိုးကြီးက ခမ်းနားစွာ ကြိုဆိုနေခဲ့ပါသည်။

မရိုးအောင် အက်ဆစ်းဒင့်ဖြစ်လို့တဲ့လေ. . .

သူမကမ္ဘာဟာ အလင်းရောင်မရှိတော့သလို မှောင်မိုက်သွား ရပါသည်။

☐☐☐

## အခန်း (၂၀)

ခေါင်းခါပြခဲ့သော ဆရာဝန်၏နှုတ်ဆိတ်စကားကြောင့် ဒေါ်မြင့် မြတ်၏ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားရပါသည်။

"မေမေ. . . မေမေ"

ဟု စိုးရိမ်သောကများနှင့် မရိုးငယ်ရဲ့အသံမှာ ညှိစီသွားရပါ သည်။

"မေမေ. . . သတိထားပါမေမေရယ်"

"သား. . . သားလေး. . . သား"

"သတိထားပါ မေမေရယ်"

"သားရော, ငါ့ရဲ့သားလေးရော"

ဟု ကယောင်ကတမ်းဖြစ်နေတဲ့မေမေ့ကိုပဲ ဖျောင်းဖျကြင်နာပေးရမှာလား။ ကိုကို့ကိုတွန်းသွားသော ထရော်လီနောက်ပဲ လိုက်ရတော့မှာလား မရိုးငယ် ဝေခွဲမတတ်နိုင်တော့ပါ။

ထိုထရော်လီကိုလည်းမြင်ရော မေမေက ဆတ်ခနဲမတ်လာပြီး ပေါ်နေသောလက်ကလေးကိုဆွဲကိုင်ကာ. . .

"သားရယ်, ဘာကြောင့် မေမေ့ထက်အရင်ထွက်သွားရတာလဲဟင်။ မေမေလေ သားကိုချစ်လို့တောင်မဝသေးဘူး။ ဒီလက်ချောင်းတွေ ငယ်ငယ်က မေမေကိုယ်တိုင် လက်သည်းညှပ်ပေးခဲ့တာ။ ဒီလက်တွေနဲ့ပဲ မေမေ့ကိုပြုစုခဲ့တာ။ မေမေသိပ်ချစ်ရတဲ့သားရယ်၊ ဘာကြောင့် မေမေ့ကိုထားသွားရတာလဲ။ မေမေ့အသည်းနှလုံးကို ဆွဲထုတ်ယူလိုက်ပါတော့လား။ မေမေပေးပါ့မယ် သားရယ်။ ဒါပေမဲ့ သားအသက်ကိုတော့မပေးနိုင်ဘူး သားရယ်။ ဘာကြောင့် မေမေ့ဆီက ထွက်သွားချင်ရတာလဲ။ မေမေ့ဆီမှာ မပျော်လို့လားဟင်၊ မေမေ့ကိုအသက်ကြီးတဲ့ထိ စောင့်ရှောက်မယ်ဆိုပြီး ဘာကြောင့် ထားသွားရတာလဲသားရယ်။ ဟမ်း. . . ပြောဦးလေ။ သား တစ်ခုခုပြန်ပြောပါဦး"

"မေမေ. . . မေမေ, ကိုကိုက မရှိတော့ဘူးမေမေရဲ့"



"မပြောပါနဲ့၊ ငါ့သားလေးက ငါ့ကိုဘယ်တော့မှပစ်မသွားဘူးလို့ပြောတယ်"

"မေမေ"

"သူ အသက်မရှူတော့ဘူးသမီးရယ်။ မင်းကို အငယ်မလို့လည်း မခေါ်နိုင်တော့ဘူး။ အသက်မရှူတော့ဘူးသမီးရယ်၊ ဆရာဝန်က ဘာကြောင့်မကုနိုင်ရတာလဲ၊ ကုနိုင်တယ်မဟုတ်လားဟင်။ အဒေါ်သားလေးကိုပြန်ရှင်အောင်လုပ်ပေးပါကွယ်။ သူက လိမ္မာတဲ့ကလေးပါ။ တော်တဲ့ကလေးပါ။ ဘာကြောင့် သူ့ကိုခေါ်သွားချင်ရတာလဲ"

ဟု ထရော်လီနောက်ပြေးလိုက်ရင်း တတွတ်တွတ်ပြောနေခဲ့သော ဒေါ်မြင့်မြတ်မှာ ထိုထရော်လီလေး အခန်းထဲလည်း ဝင်သွားရော ကြမ်းပြင်ပေါ် လဲကျသွားပါတော့သည်။

"ငါ့သားလေးက အမှောင်ကိုမကြိုက်ဘူး။ အမှောင်ထုထဲမှာ မနေတတ်ဘူး။ ခေါ်ပေးပါ။ အဲဒီထဲမှာ သိပ်အေးတာ၊ ခေါ်လာပေးပါ"

"မေမေ. . . မေမေ, သတိထားဦးလေ"

ဟုသာ သူမကလည်း မေမေ့ကို သတိပေးနေရပေမယ့် သိပ်ကောင်းသောအစ်ကိုကိုဆုံးရှုံးရ၍ သူမကလည်း ဝမ်းနည်းခံစားရတာပါပဲ။ အားပါးတရအော်ငိုပစ်ချင်ပေမယ့် ထိန်းသိမ်းထားရတာ ခံရဆိုးလှ

ပါသည်။

"အစ်ကို. . . အစ်ကို"

ထိုအခါမှ တစာစာအော်ကာ ခနော်ခနဲ့လေးပြေးလာသော စံချိန်ပို့က တံခါးရွက်ကြီးကိုတွန်းလာပါသည်။

ထိုအချိန်မှာမှ တစ်ချိန်လုံးစိတ်ပျက်အားငယ်စွာ မှိုင်ကျင့်ကြွေးနေသော ဒေါ်မြင့်မြတ်ရဲ့မျက်ဝန်းအစုံက ရှုးရှုပြောင်လက်လာကာ. . .

"မင်းဘာလို့လာတာလဲ"

ခက်ထန်သောအသံကြီးနဲ့မေးလာပေမယ့် သူမ ဂရုမစိုက်နိုင်တော့ပါ။ ကျောခိုင်းသွားတဲ့အစ်ကို့ရဲ့ကျောပြင်ကသာ သူမကျွှာကို ကြီးစိုးမင်းမူနေခဲ့ပါသည်။

"မင်းကို ငါမေးနေတယ်လေ။ မကြားဘူးလား စံချိန်မို့"

"စံချိန်မို့ ရှင် ကိုကို့ကိုဘာပြောလိုက်တာလဲ။ ရှင့်ဆီကပြန်မှ ကိုကိုက အက်ဆီးဒင့်ဖြစ်ရတာ။ ကိုကိုက အင်မတန်သတိရှိတဲ့လူ။ လမ်းဘေးသစ်ပင်ကို ဝင်ဆောင့်ရလောက်တဲ့ထိ သတိမပျက်ဘူး။ ပြောစမ်း! ရှင်ဘာပြောလိုက်တာလဲ"

"ငါ့သားကို မင်းသတ်တာ။ မင်းနဲ့တွေ့ရလို့ ငါ့သားသေရတာ"

သူမနှလုံးသားထဲမှာ ထိုစွပ်စွဲချက်တွေက နာကျင်နေရပါသည်။



သူမ ဘာပြန်ပြောရမှာတဲ့လဲ။

ပြန်ပြောစရာစကားလုံးမရှိတော့လောက်အောင်ကို သူမနှလုံးသားကလည်း နာကျင်နေရတာပါ။

မရိုးအောင်ကို ကွဲချင်ကွာချင်ခဲ့ပေမယ့် အခုလို သေဆုံးခြင်းမျိုးနဲ့မဟုတ်ပါ။

သေဆုံးခြင်းကို သူမ ခွင့်မပြုနိုင်ပါ။ သို့သော် သေဆုံးခြင်းက သူ့ကိုခေါ်ဆောင်သွားခဲ့ပါပြီ။

သူမ ဘာလုပ်ရမလဲ. . .

"မင်း ငါ့သားကို ဘာတွေစကားနာထိုးလိုက်တာလဲ၊ ဟမ်း"

"အန်တီက ခုချိန်ထိ တရားမကျနိုင်သေးဘူးပဲ။ အမှန်က မရိုးအောင်ရဲ့သေခြင်းက ကျွန်မတို့တွေကိုဆုံးမသွားတာပါ။ အန်တီ လက်ခံလိုက်စမ်းပါ"

"မင်းဘာမှလုပ်တတ်ကြီးလုပ်ပြီး လာပြောမနေနဲ့။ ပြော၊ မင်း ငါ့သားကိုဘာပြောလိုက်တာလဲ. . . ပြော"

"အန်တီကလည်း သားကိုဆုံးရှုံးရတာ၊ ကျွန်မကလည်း သားကို ဆုံးရှုံးရတာပါပဲ။ ကျွန်မက အန်တီ့ထက်ပိုဆိုးပါတယ်။ သားရောယောကျ်ားရော ဆုံးရှုံးရတယ်။ ကျွန်မက ပိုခံစားရပါတယ်။ အန်တီ့သား

ကျွန်မခင်ပွန်း မရိုးအောင်သေတာကိုတော့ အန်တီက ကျွန်မကိုစစ်ဆေး မေးမြန်းပြီး ဆူပူချင်တယ်။ ကျွန်မသားသေရတဲ့တရားခံက အန်တို့ရဲ့ ဘေးမှာ အန်တီ မဆုံးမတော့ဘူးလား။ အဲဒါကိုတော့ အန်တီသတိမရ ဘူးလား။ မရိုးအောင်က သူ့ဘာသာသူ အက်ဆီးဒင့်ကြောင့် သေဆုံးရ တာပါ။ ကျွန်မသားက သူတစ်ပါးကြောင့်သေဆုံးရတာလေ။ အဲဒါ အန်တီ မဆုံးမတော့ဘူးလား''

''မင်းကိုယ်၌ကရော အဲဒီကလေးကိုလိုချင်ခဲ့လို့လား စံရှိန်မှိ ရယ်''

''ရှင် ကိုယ်လွတ်ရုန်းမပြောနဲ့ မရိုးငယ်. . . အားလုံးက ရှင့် ကြောင့်ပဲ''

''ငါ့ကြောင့်ထားလိုက်ပါဦး။ မင်း နောက်တစ်ကောင်နဲ့ ခြေ ရှုပ်နေတာကို ကိုကိုမသိဘူးများထင်နေသလား''

''ဘာ! ''

''ရှင့်ကြောင့် ကိုကိုစိတ်ဓာတ်ကျပြီး သေရတာ။ ရှင်သာ ငါတို့ ဘဝထဲဝင်မလာခဲ့ရင် ငါတို့မိသားစု အေးအေးချမ်းချမ်းနဲ့ပဲ ဘာပဋိပက္ခ မှမရှိဘဲ နေ့တွေကို ပျော်ပျော်ရွှင်ရွှင်ဖြတ်ကျော်နေကြမှာ။ ရှင်က ငါတို့ မိသားစုထဲ မုန်တိုင်းကြီးမွှေ့ဝင်လာခဲ့တာ''



''အဲဒီမုန်တိုင်းကို အစပျိုးခဲ့တာ ဘယ်သူလဲ''

''အစပျိုးတယ်ထင်ရင် ဝင်မလာနဲ့ပေါ့။ အခုတော့ ဘာမဟုတ် တဲ့ရှင့်ကြောင့် ကိုကို ခုလိုဖြစ်ရတာ။ ရှင် မိသားစုထဲဝင်လာခဲ့လို့ ဒီလို ဖြစ်ရတာ။ ရှင်က ငါတို့မိသားစုအတွက် မကောင်းဆိုးဝါးမကြီးပဲ''

''ကောင်းပြီ မရိုးငယ်။ ရှင်ကပဲ ဒီစကားကိုပြောခဲ့တာနော်။ ရှင်မှတ်ထားလိုက်''

ဟုသာဆိုပြီး သူမ ချာခနဲလှည့်ထွက်လာခဲ့ပါတော့သည်။

သူမရင်ထဲမှာ နာကြည်းမုန်းတီးခြင်းက ကြီးစိုးနေရပါသည်။ သူမှာ အပြစ်လုံးဝမရှိတော့သလိုလို ကိုယ်လွတ်ရုန်းတတ်သည့် မရိုးငယ် ကိုလည်း စိတ်နာမိသွားပါသည်။

သားသမီးချင်း ကိုယ်ချင်းမစာမနာ တစ်ဖက်စောင်းနင်းပြော တတ်သည့်ဒေါ်မြင့်မြတ်ကိုလည်း ခါးသက်စွာမုန်းမိသွားပါသည်။ ရတယ် မရိုးငယ် ပြောစမ်းပါ။

ဘယ်လိုပဲဖြစ်ဖြစ် ဒီပွဲမှာ ရှင်တို့က ရှုံးပြီးသားလူတွေပါ။ ကျွန်မ က ရှင်တို့ပြောသလိုပဲ ငမွဲ ခပ်နိမ့်နိမ့်မိန်းမတစ်ယောက်ပဲ၊ ယောကျ်ား တစ်ယောက် သေသွားတော့လည်း ဘာဖြစ်သေးသလဲ။

ခင်ပွန်းဆိုတာ ကိုယ်ကသတ်မှတ်ရင် အချိန်မရွေးအစားထိုး

နိုင်တာပဲ။ ခံစားရလည်း တစ်လပေါ့။ ရှင်တို့က ဆုံးရှုံးလိုက်ရတာ အစား ထိုးမရတဲ့လူတစ်ယောက်ပါ။ ရှင်တို့ သေအောင်ခံစားကြဦးပေါ့။

အဲဒါ ရှင်တို့အပြစ်တွေပဲ။ ရှင်တို့သာ ကျွန်မကိုနွေးနွေးထွေး ထွေးကြိုဆိုခဲ့မယ်ဆိုရင် ဒီလိုဖြစ်လာစရာ ဘာအကြောင်းမှမရှိဘူးဟု တွေးပစ်မိပါသည်။

အခုတော့ သူမရင်ထဲ နာကျင်ခြင်းထက် နောက်တစ်ဆင့်တက် လာရပါပြီ။

မှတ်ထား မရိုးငယ်။ လူတိုင်းမှာ မာနရှိတယ်။ အဆိပ်ရှိတယ်။ အဆိပ်မရှိတဲ့မြွေတစ်ကောင်ပဲဖြစ်နေပါစေ၊ သူ့ကိုသွားထိရင်တော့ ရှင် အပေါက်ခံရမှာပဲ၊ ဆုတောင်းပါတယ်။ ရှင်ဟာ အဆိပ်တက်ပြီး မရှူမလှ သေပွဲမဝင်ပါစေနဲ့လို့။

ရှင်သတိထားတော့ မရိုးငယ်။ ရှင့်ကို ကျွန်မ လက်နက်ပုန်း တစ်ခုနဲ့ ချုံခိုတိုက်ခိုက်တော့မယ်။ ရှင် ဆက်ပြီးထောင်လွှားနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ် ဟုသာ ရင်ထဲ၌ ပျစ်ပျစ်နှစ်နှစ်ပြောချပစ်မိပါ သည်။

□□□

## အခန်း (၂၁)

အခုတော့လည်း သူမက ပုံမှန်ပင်။ လူမှန်နေရာမှန်သို့သာ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။ သို့သော် ပြောင်းလဲသွားသည်က အပျို မဟုတ်တော့ခြင်းနှင့် အဝတ်နွမ်းတွေနေရာမှာ အကောင်းစားအဝတ် အထည်များနှင့် ရွှေမရှိငွေမရှိဘဝမှ အစ်ကိုလက်ဆောင်ပေးထား၍ ရွှေ နှင့်ငွေနှင့် ပြည့်စုံနေရခြင်းတွေဖြစ်ပါသည်။

"ရှင်က မရိုးအောင်နဲ့ဆုံတွေ့ခြင်းမှာ အပျိုဘဝကိုဆုံးရှုံးလိုက် ရတယ်။ ဒေါ်မြင့်မြတ်နဲ့မရိုးငယ်ကတော့ မာနထားမှု၊ ခမ်းနားကြီးကျယ် မှုတွေကြားမှာ သားတစ်ယောက်ကိုဆုံးရှုံးရတယ်၊ ဆုံးရှုံးတာချင်းအတူတူ

သူတို့က ပိုနစ်နာတာပေါ့။ ဩော်, တရားကျစရာကောင်းလိုက်တာ နှစ်ဦးနှစ်ဖက်သာညှိပြီးနေခဲ့ကြရင် ဒီလိုဖြစ်လာမှာမဟုတ်ဘူး။ ဩော်, ဘဝ ဘဝ''

''တို့ နောင်တမရချင်ဘူး လမင်း။ တို့ နီတိနဲ့တွေ့ပြီးမှ တို့စိတ်တွေ ပြောင်းလဲလာတယ်။ တို့ နောင်တကိုမကြိုက်ဘူး။ တို့ဘယ်တော့မှနောင်တမရအောင်လုပ်မယ်။ မရိုးယေ်ရယ်, အလုညီကျ မနွဲ့ကျစတမ်းပေါ့''

''ရှင်ဘာလုပ်မလို့လဲ စံချိန်မှီ''

''သူတို့ပါးစပ်များမှာ တို့က တန်ဖိုးမဲ့တဲ့လူပဲ။ တန်ပြန်တဲ့တူညီမှုမျိုးတော့ ပေးရမှာပေါ့''

''အဲလိုလုပ်နေလို့ ဘာထူးဦးမှာလဲ။ တစ်ဖက်ကနိုင်ရင် တစ်ဖက်က ရှုံးမယ်။ သူတို့ရဲ့ကျရှုံးမှုကရော ရှင့်ကိုပျော်ရွှင်စေမယ်ထင်လို့လား''

''အဲဒါတွေမစဉ်းစား ႏ္ဘူး။ သူတို့ကို တို့တစ်ခုခုလုပ်ရမှကျေနပ်မယ်။ အဲလိုမှမလုပ်လိုက်ရရင် တို့ နောင်တရလို့ဆုံးတော့မှာမဟုတ်ဘူး လမင်း''

ဟုဆိုကာ အိတ်ကိုကောက်လွယ်လိုက်တော့. . .



''ဘယ်လဲ''

''လေးနာရီထိုးပြီလေ။ နီတိနဲ့တွေ့ဖို့သင့်ပြီ''

ဟုအတန်ငယ်ရင့်ကျက်နေပုံနှင့် သူမကပြောလျှင် လမင်းမှာ သက်ပြင်းရှည်ကြီးကိုချလိုက်မိပါသည်။

''ဘာမှသက်ပြင်းချမနေနဲ့ လူအိုတယ်။ ပျော်ပျော်နေစမ်းပါ''

ဟုပင် လမင်းကို ဖျောင်းဖျလိုက်သေး၏။ ဒါ လွန်ခဲ့တဲ့ရက်ပိုင်းလောက်ကမှ ခင်ပွန်းဆုံးထားသည့်မိန်းမတဲ့လား။

သူမက အပျိုဖော်ဝင်ခါစလို ကြွကြွရွရွလေးပင် အင်တာနက်ဆိုင်ထဲ ခေတ္တမျှဝင်ကာ နီတိနှင့်ချိန်းလိုက်တော့ မကြာခင်မှာပဲ နီတိက ရောက်လာခဲ့ပါသည်။

''ခင်ဗျား ဒီတစ်ပတ်လုံး ဘယ်လိုလုပ်ပျောက်နေတာလဲ''

''တို့အမျိုးသား ဆုံးသွားလို့ပါ''

''ဗျာ! ''

''ပြီးတော့ သိပ်ကိုအံ့ဩစရာကောင်းတယ်။ တို့မှာ ကိုယ်ဝန်မရှိတော့ဘူး။ ရွှေယောက်မကြောင့် ပျက်ကျသွားတယ်''

ဟု ဝမ်းပန်းတနည်းသံလေးနှင့်ပြောလိုက်တော့ နီတိမှာ အမှန်တကယ်ခံစားသွားရပုံမျိုးနှင့် ငြိမ်ကျသွားခဲ့ပါသည်။

"အခု တို့ရဲ့ဘဝမှန် သူငယ်ချင်းရဲ့အိမ်၊ အဆောင်သဘောမျိုးမှာ လူမှန်နေရာမှန် ပြန်ရောက်ခနေတယ်"

"ခင်ဗျားအမျိုးသားဆိုးတာ. . ."

"ဒီနေ့ရောဆို ငါးရက်မြောက်ပဲ"

"ခင်ဗျား ဆင်းလာခဲ့တာလား"

"မရှက်မကြောက်အမှန်ကိုဝန်ခံရရင် မောင်းချခံခဲ့ရတာပါ"

"ဗျာ! ဆိုးလိုက်တာဗျာ"

ဟုသူက သူ့မဘက်မှ နာနာကြည်းကြည်းလေးပြောလျှင် သူမက မျက်ရည်ကြည်လေးဝင် ဝေ့လာရပါသည်။ သူမဘက်မှ ဝင်နာပေးတဲ့အတွက်လည်း နီတိကိုကျေးဇူးတင်မိပါသည်။

"ဒီ့ထက်ဆိုးပါသေးတယ်။ ရှင်နဲ့ရိုးရိုးသားသားတွေ့ကြတာကို မရိုးငယ်သိသွားတယ်လေ။ ရှင်နဲ့အမျိုးမျိုးစွပ်စွဲပုတ်ခတ်တယ်။ နောက်တော့ တို့က ဖြေရှင်းတယ်၊ လက်မခံဘဲ တို့ကိုဆောင့်တွန်းလိုက်တယ်"

"ကိုယ်ဝန်သည်အမျိုးသမီးကို ဂရုတော့စိုက်သင့်တာပေါ့"

"သွေးသံရဲရဲနဲ့ဖြစ်နေခဲ့တဲ့တို့ကို ချက်ချင်းဆေးရုံမပို့ပေးခဲ့ဘူး ဒီအတိုင်းရပ်ကြည့်နေခဲ့တယ်၊ အဲဒီမှာ တို့ကလေးပျက်တယ်၊ အပြောင်းအလဲက မြန်ဆန်လွန်းပါတယ်။ တို့ အမျိုးသားက ဒါတွေကိုသိသွားတော့တော်တော်ထိထိခိုက်ခိုက်ကြီးခံစားသွားရပုံရတယ်၊ သူ တို့ရှေ့မှာ တစ်ခါမှ မပြောဖူးတာတွေပြောတယ်။ တို့ကိုတောင်းပန်တယ်။ ပြီးတော့ ဘာ့အစီပွာယ်မှန်းမသိတာကိုပြောပြီး ထွက်သွားတယ်။ သိပ်မကြာပါဘူး၊ အက်ဆီးဒင့်ဖြစ်တယ်လို့ ကြားရတော့တာပါပဲ"

"မိသားစုအတွင်းရေးက ဘာမှမဟုတ်ဘဲ လူတစ်ဦးကိုသေစေတတ်တယ်နော်"

"သွေးနုသားနုနဲ့တို့က အဲဒီသတင်းကိုကြားတော့ မေ့လဲသွားတယ်။ တို့သတိရလာပြီး ပြေးသွားတဲ့အချိန်မှာ သူက အအေးခန်းထဲရောက်နေပြီ၊ ယောကျ်ားရဲ့အလောင်းရှိရာကိုသွားဖူးတာကို အမောင်းခံရတဲ့ခံစားချက်မျိုးကို ရှင်သိသလား၊ ပြီးတော့ ဒါ တို့ပယောဂမကောင်းဘူးဆိုပြီး စွပ်စွဲခံရသေးတယ်။ တို့ယောကျ်ားကို တို့ ဒီလိုဖြစ်စေလောက်တဲ့ထိ မိုက်ပါ့မလား။ တို့ယောက္ခမရဲ့စွဲချက်က သိပ်ပြင်းလွန်းတယ်"

"ခင်ဗျားကိုစွပ်စွဲတယ် ဟုတ်လား။ အမှန်က သူ့သမီးမှာ ပိုအပြစ်ကြီးတာလေ"

"သူတို့က သားဆိုးရရုံလေးတောင် ဒီလောက်ခံစားနေရရင် တို့က သားရောလင်ပါ ဆုံးရှုံးရတာပါ"

"ခင်ဗျားတော်တော်ခံစားရမှာပဲနော်"

"ခံစားရတာပေါ့။ တို့ကမ္ဘာကြီးက မှောင်မိုက်နေတာပဲ၊ ပြီးတော့ ပြောသေးတယ်။ မရိုးယေ်က တို့ကလေးပျက်ကျတာကို သူမှာ လုံးဝအပြစ်မရှိသလိုနဲ့။ သူ့အစ်ကိုသေရတာကိုတောင် တို့ကြောင့်ဆိုပြီး စွပ်စွဲလိုက်သေးတယ်။ အခုချိန်မှာသာ မရိုးယေ်ကို ပညာပေးနိုင်မယ် လက်တုံ့ ပြန်နိုင်မယ်ဆို တို့ဘာမဆိုလုပ်မယ်"

"မင်း ဘာလုပ်ချင်တာလဲ"

"သိပ်ကိန်းကြီးပြီး မာနထောင်တဲ့မရိုးယေ်ကို ပညာပေးချင်တာပါ"

"ကိုယ်, မင်းကိုကူညီနိုင်မလား"

"သိပ်ကူညီနိုင်တာပေါ့။ သူက ငွေကြေးမပြည့်စုံတဲ့လူကို့ဆို လုံးဝစာရင်းသွင်းတာမဟုတ်ဘူး။ တစ်လအတွင်းသာ ရှင် သူ့ရဲ့စိတ်ဝင်စားမှုကိုရရင် ရှင် သူ့ကို တို့ကိုယ်စား ကောင်းကောင်းဆုံးမနိုင်ပြီ"

"ကိုယ် အဲလိုတစ်ခါမှမလုပ်ဖူးပေမယ့် မင်းရဲ့ဆန္ဒကို ဖြည့်ဆည်းပါ့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက ကိုယ့်မေမေရဲ့ဖြစ်ရပ်နဲ့သိပ်ကိုတူနေလို့ပါ။ မင်းလိုပဲ ကိုယ့်မေမေကလည်း မခံနိုင်တဲ့အဆုံး အိမ်ပေါ်က ဆင်းလာခဲ့တာပဲ၊ အခုတော့ ဆုံးပါပြီ"

"ရှင်အဖေက ရှင့်ကိုမခေါ်ဘူးလား"



"အငယ်နဲ့လေ။ ကိုယ့်ကိုဂရုမစိုက်ဘူး။ ပိုက်ဆံချမ်းသာတဲ့လူတွေက အဲလိုပဲ။ သူတို့ကိုသူတို့ သိပ်အထင်ကြီးကြတာ၊ သူတို့လုပ်တိုင်း မှန်တယ်ထင်ကြတာ။ ကိုယ် မင်းကိုကူညီမှာပါ။ ကိုယ်ကလည်း ဒီလို အဖြစ်မျိုးကိုမုန်းတယ်"

ဟု သူက နိုင်မာစွာပြောလိုက်လျှင် သူမ အားတက်သွားရပါသည်။

"အခု နီတီက တစ်ယောက်တည်းပေါ့"

"တစ်ကောင်ကြွက်ဆို ပိုမှန်လိမ့်မယ်။ အမေ့ဆီက အမွေရထားတဲ့တိုက်ခန်းမှာနေတယ်"

"ရှင့်အလုပ်က သီချင်းဆိုတယ်ဆိုတော့ ရှင်က အဆိုတော်ပေါ့"

"အဲလိုကြီးလည်းမဟုတ်ပါဘူး။ ကြိုးစားဆဲပါ"

"ကြိုးစားဆဲ,ဟုတ်လား။ ဖြစ်နိုင်ပါတယ်၊ တစ်နေ့ နီတီအဆိုတော်ဖြစ်မှာပါ။ နီတီက အသံလည်းကောင်းတယ်၊ စတိုင်လ်လည်း ရှိတယ်။ ပြီးတော့ အကလည်းကောင်းတယ်"

"ခင်ဗျားတော့ မြှောက်ပြီ"

"တို့ အမှန်တိုင်းပြောတာပါ"

''ကိုယ် မနက်ဖြန်ကစပြီး မရှိးငယ်ဆီကပ်မယ်။ သူ့ရဲ့ဘိုင်အို ဂရပ်ဖီလေး ကိုယ့်ကိုပြောပြနိုင်မလား။ မေးရတာတော့ အောင့်သက် သက်ကြီးပဲ။ အလုပ်သဘောအရပါ။ ကိုယ့်ကြောင့် လူတစ်ဦးတစ်ယောက် အသိတရားရစေချင်လို့ပါ''

ဟု သူကပြောလာတော့ သူမ ပြုံးမိလိုက်ပါသည်။ ထိုအပြုံး က အရာရာကိုအနိုင်ယူပြတော့မည့်ကေရိတစ်ပါးနှယ်။

❑❑❑

## အခန်း (၂၂)

ရက်လည်ဆွမ်းသွတ်နေသောအိမ်သို့ သူ ခပ်တည်တည်ပင် ပန်းတစ်စည်းကိုကိုင်ကာ ဝင်လာခဲ့မိ၏။ စံချိန်မှီရဲ့ပြောပြချက်များအရ အရာအားလုံးကိုသေချာမှတ်သားထား၍ ကြောင်တောင်တောင်ကြီးတော့ ဖြစ်မနေခဲ့ပါ။ အသုဘအိမ်တို့ရဲ့ထုံးစံအတိုင်း သေဆုံးသူ၏ဓာတ်ပုံအကြီး ကြီးကို ထောင်ထားပါသည်။

သိပ်ပြီး စမတ်တကျဝတ်စားထားသောသူက ပိနပ်ကို စနစ် တကျချွတ်ကာ ဝင်လာခဲ့ပါသည်။ မရှိးငယ်ဟုထင်ရသောမိန်းကလေးက ညှိုးသည့်အချို့ကိုညှိခဲ့ပေမယ့် ဒေါ်မြင့်မြတ်ဟုထင်ရသောအဘွားကြီး

ကတော့ ထိုစာတ်ပုံကြီးနှင့်မလှမ်းမကမ်းတွင်ထိုင်ကာ ငိုယိုနေခဲ့ပါသည်။

သူမွေးယူလာသောပန်းစည်းကြီးကို ခပ်တည်တည်ပင် မရိုးအောင်ရဲ့ဓာတ်ပုံကြီးရှေ့တွင်ထားလိုက်တော့ ဒေါ်မြင့်မြတ်ရော၊ မရိုးယယ်ရဲ့အကြည့်တွေပါ သူ့ထံပါးသို့အလိုလိုကျရောက်လာလိမ့်မယ်ဆိုတာ သူတွေးထားခဲ့ပြီးသလိုပင်။ အမှန်တကယ် ထိုသို့ကြည့်ခြင်းကို သူလက်ခံလိုက်ရပါသည်။ သူက ယဉ်ကျေးမှုရှိသော၊ သိတတ်နားလည်သောလူတစ်ယောက်အသွင်ကို ဖမ်းယူကာ ဒေါ်မြင့်မြတ်ကို အရိုအသေပေးပြီး. . .

"ကျွန်တော် မရိုးအောင်ရဲ့သူငယ်ချင်းပါခင်ဗျာ"

"ဟင်! "

"အန်တီတို့ကမသိပေမယ့် ကျွန်တော်ကတော့ အန်တီနဲ့ မရိုးယယ်ကို သိနေပါတယ်"

ဟု ဒေါ်မြင့်မြတ်နှင့်စကားစမြည်ပြောရုံရှိသေး မရိုးယယ်က သူ့အနားသို့ အလိုလိုရောက်ရှိလာခဲ့ပါပြီ။

"ကျွန်တော် ပနေ့ကမှပြန်ရောက်လာတာပါ။ ချက်ချင်း ဒီသတင်းကိုကြားရတော့ ကျွန်တော့်ရင်ထဲ မကောင်းလှပါဘူး"

"သားရယ်"



"သူနဲ့ကျွန်တော်က သိပ်ခင်ခဲ့ကြတယ်ပါ။ အန်တီက ပန်းသီးနဲ့စပျစ်သီးကြိုက်ပြီး မရိုးယယ်က ဒူးရင်းသီးကြိုက်တဲ့အကြောင်းကို သူအမြဲပြောပါတယ်။ သူက ဒူးရင်းသီးကို အနံ့တောင်မခံနိုင်လို့ မရိုးယယ်နဲ့ မကြာခဏစကားများကြရတယ်လေ"

"ရှင်! "

"သူက မိသားစုအကြောင်းကို ကျွန်တော့်ထံမှာ အမြဲရင်ဖွင့်တယ်လေ"

"ရှင့်နာမည် ဘယ်လိုခေါ်သလဲ။ ဆောရီးနော်၊ ရိုင်းတယ်လို့ မထင်နဲ့။ ကိုကိုပြောတာ ကြားဖူးမလားလို့ပါ"

"လူအများကြီးကတော့ နီတိလို့ခေါ်ပါတယ်"

"နီတိ၊ အင်း. . . ကိုကို ဒီနာမည်မျိုးပြောတာ တစ်ခါမှတော့ မကြားဖူးဘူး။ ဒါပေမဲ့ ရှင်က ကိုကို့သူငယ်ချင်းဆိုတာယုံပါတယ်။ နို့မဟုတ်ရင် မိသားစုချင်းသာသိတဲ့ အဲဒီအကြောင်းကို ရှင်သိမှာမဟုတ်ဘူး"

"သူမဆုံးခင် တစ်ရက်ခန့်ကထင်တယ်။ ကျွန်တော်နဲ့စကားပြောဖြစ်ခဲ့သေးတယ်"

"ဘာ! ကိုကိုနဲ့ရှင်က အဆက်အသွယ်ရှိကြတယ်"

“ကိုယ်က အနုပညာသမားလေ။ သူရင်ဖွင့်သမျှကို နားထောင်လေ့ရှိတယ်”

“ဩော်”

“အမြဲအဆင်မပြေမှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့လောက ကြီးကို သူစိတ်ပျက်တယ်တဲ့။ ပြောချင်တဲ့စကားကိုမပြောရက်ဘဲ ငြိမ် သက်မျိုသိပ်နေရတဲ့အဖြစ်မျိုးကိုလည်း ကြာလာတော့ သူ ခါးသက်လာ ပြီတဲ့။ လူတွေက ဘာဖြစ်လို့ သူ့ကိုနားလည်မှုမပေးကြတာလဲလို့ပြော တော့ ကျွန်တော်တောင် ဖျောင်းဖျလိုက်သေးတယ်။ ဒါပေမဲ့ ဒီကိုပြန် ရောက်တော့ သူသေပြီတဲ့။ ကျွန်တော် တော်တော်အံ့ဩသွားရတယ် ယုံလည်းမယုံနိုင်ဘူး”

“အန်တီလည်း ဒီလိုပါပဲကွယ်။ သားဆုံးသွားပြီဆိုတာကို မယုံ နိုင်ဘူး။ သားအလုပ်က ပြန်လာမယ့်အချိန်ကိုပဲမျှော်နေမိတယ်။ ဒါပေမဲ့ သားပြန်မလာတာ ခုဆိုတစ်ပတ်ရှိသွားပြီ။ ငါ့သားလေး ဘယ်မှာနေပြီ ဘယ်နေရာမှာ အိပ်နေသလဲ”

ဟုဆိုကာ ငိုပြန်ပါသည်။

“အန်တီ့သားထွက်သွားတာ အန်တီ့နှလုံးသားကိုဆွဲနှုတ်သွား သလိုပါပဲကွယ်။ အမေဆုံးသွားတဲ့သားသမီးက အမိုးမရှိတဲ့အိမ်ကြီးမှာ



နေရတာနဲ့တူသလို သားသမီးဆုံးသွားတဲ့မိခင်ကလည်း အသည်းနှလုံး ဆွဲနှုတ်ခံရသလို ခံစားရပါတယ်။ အမှန်တကယ်တော့ သားသူငယ်ချင်း က ငယ်ပါသေးတယ်။ အန်တီက အသက်ကြီးပါပြီ၊ သူ့အစား သေပေး ချင်ပါတယ်။ သူဘာဖြစ်လို့ အန်တီတို့ကိုချန်ထားရသလဲ”

“တရားနဲ့ဖြေပါ အန်တီရယ်။ သေသောသူက အနိစ္စ၊ ကျန်ရစ် သူက ဒုက္ခဆိုတာရှိပါတယ်။ သေသောသူက အနိစ္စရောက်သွားတာပါ။ ကျန်ရစ်သူကသာ ဆက်လက်ပြီး ဒုက္ခများရဦးမှာ”

“မေမေက သူ့ချွေးမကြောင့်ဆိုပြီး ငိုမဖြေနိုင်ဖြစ်နေရတာပါ”

“စိတ်ကိုလျှော့ပါ အန်တီရယ်။ သေခြင်းတရားဆိုတာ မွေး ကတည်းက ကံကြမ္မာက သတ်မှတ်ပြီးသားပါ။ မလွန်ဆန်နိုင်ကြပါဘူး”

“သား၊ အန်တီတို့အိမ်ကို အမြဲဝင်ပါထွက်ပါကွယ်။ သားမရှိ ပေမယ့် သားကို အန်တီက ကိုယ့်သားတစ်ယောက်လိုခံစားသွားမိလို့ပါ”

“ကျေးဇူးတင်ပါတယ်အန်တီ”

“ငယ်လေးကိုလည်း ခင်မင်ပြောဆိုနိုင်ပါတယ် ကိုနီတိ”

“ကိုယ်ကလည်း မရိုးအောင်ပြောပြလို့ စကားတွေထဲမှာ မရိုး ငယ်ကို ခင်မင်မိပြီးသားပါ”

ဟု သူက္ကချွေရှင်လူကြီးလူကောင်းတစ်ယောက်အသွင်နှင့် မှင်

တေတေပင်ပြောလိုက်တော့ ထိုသားအမိရဲ့ယုံကြည်မှုများမှာ သူ့ရဲ့ခြေ
တော်ရင်းတွင် ဝပ်ဆင်းသွားရပါသည်။

အစပိုင်းတွင် ခက်လိမ့်မည်ဟု ထင်မြင်ထားခဲ့ပါသော်လည်း
မာနကြီးတတ်တဲ့မိန်းမတွေရဲ့ပျော့ကွက်ကိုနင်းပြီး ဝင်လာရတာက လွယ်
လိုက်တာပါလားဟု တွေးလိုက်မိပါသည်။

❒❒❒

အခန်း (၂၃)

မာနကြီးတတ်တယ်။ ရုပ်လှသလောက် မောက်မာတယ်ဆိုတဲ့
မရိုးယေက အခုတော့လည်း သူ့ရှေ့မှာ ယုန်သူငယ်လေးတစ်ကောင်လို
ပဲ သူ့အစ်ကိုအကြောင်း တဖွဖွပြောရင်း သူက နှစ်သိမ့်ရင်းနှင့် ခင်မင်မှန်း
မသိ ခင်မင်လာခဲ့ရပါသည်။

အဲလိုခင်မင်ရင်းနှင့်ပင် စဉ်းစားမိလာပါ၏။ မရိုးယေဟာ စံချိန်မှီ
ပြောသလိုပဲ မာနကြီးပြီး၊ မောက်မာရိုင်းစိုင်းသူရော ဟုတ်ရဲ့လားဟု။

သူ့အရှေ့မှာတော့ အင်မတန်လှပြီး နူးညံ့တဲ့မရိုးယေကို သူ

စိတ်ဝင်စားစပြုလာခဲ့ပါသည်။

မရိုးယ်က လှနိုင်လွန်းသောမိန်းကလေးတစ်ယောက်ပါ။ ပြီးတော့ သိပ်တော်ပြီး သိပ်ထက်မြက်သူဟုထင်ပါသည်။

မရိုးအောင် မရှိတော့၍ မရိုးအောင်နေရာကိုယူပြီး လုပ်ငန်းများစွာကိုစီးမိုးအုပ်ချုပ်နိုင်ပြီး လုပ်ငန်းကို ပုံမှန်လည်ပတ်နိုင်ခဲ့ပါသည်။

ဒါသိပ်ထက်တဲ့မိန်းကလေးမဟုတ်လို့ ဘာလဲ. . .

စံချိန်မှီကို ဘာကြောင့်ခါးသက်သလဲဆိုတာ မေးစရာမလိုဘဲ တဖြည်းဖြည်းနှင့် သူသဘောပေါက်လာခဲ့ပါသည်။

မရိုးယ်တောင် ဒီလောက်တော်ပြီး ထက်မြက်နေရင် လုပ်ငန်းမှာ သက်တမ်းကြာကြာအုပ်ချုပ်လာခဲ့တဲ့ မရိုးအောင်ရဲ့အရည်အချင်းကို သူခန့်မှန်းလို့ရပါသည်။

ဒါ့ထက် ခင်ပွန်းသေသွားလို့ သားသမီးတွေကို ပုံမပျက် အဆင့်မြင့်မြင့်ဆက်လက်**နေစေ**သည့် ဒေါ်မြင့်မြတ်ရဲ့ထက်မြက်မှုကိုလည်း သူ ရိပ်စားမိလာခဲ့ပါ**သည်**။

ဒီလိုလူမျိုးတွေက သူတို့ရဲ့တစ်ဦးတည်းသောအစ်ကိုဖြစ်သောသားဖြစ်သော ဒီပလိုမာတွေအများကြီးရထားတဲ့မရိုးအောင်ကို စံချိန်မှီလို ရုပ်ရည်ကသာမန်အဆင့်၊ ထက်မြက်မှုက နတ္ထိ၊ ပညာက နိုးနိုး



သာမန်ဘွဲ့ရရုံ လုပ်တော့ အရောင်းစာရေးနဲ့သဘောမတူတာ သဘာဝတော့ ကျလှသည်ထင်ပါရဲ့။

သို့သော် စံချိန်မှီဘက်က ကြည့်ရင်လည်း ခံစားနားလည်လို့ရနေသည်မို့ သူပင်လျှင် ဆုံးဖြတ်ရခက်သွားရပါသည်။

ထိုအခါမှ သူ မရိုးအောင်ကို ကိုယ်ချင်းစာနားလည်လာမိပါသည်။ သူတောင် ဒီလောက်ဝေဖန်ရခက်နေရင် ကာယကံရှင်ဖြစ်တဲ့ မရိုးအောင်က ကြားထဲက ပိခံစားရလိမ့်မယ်ဆိုတာ နားလည်မိပါသည်။ သူ သွားလာနေသည့်ကာလတစ်လျှောက် သူ့ရွှေးမအကြောင်း လုံးဝမပြောတဲ့ဒေါ်မြင့်မြတ်ကို ထူးဆန်းတယ်ဟုတော့ ထင်မိသားပင်။ ဒေါ်မြင့်မြတ်က တကယ်ပဲ စံချိန်မှီကိုနာကြည်းနေသည်ထင်ပါရဲ့။

အင်း. . . တစ်ဦးမေတ္တာတစ်ဦးမှာပေါ့။ ဒေါ်မြင့်မြတ်ကလည်း နာကြည်းသလို စံချိန်မှီကလည်းနာကြည်းတာပါပဲလား။

ဟု သူ တရားကျကျတွေးလိုက်မိပါသည်။

လူတွေအားလုံးရဲ့စိတ်ကို နှိုင်းယှဉ်တွေးတောပြီးချိန်မှာတော့ သူ ထိုသို့ဟန်ဆောင်မနေချင်ခဲ့တော့ပါ။

ငယ်ငယ်ရွယ်ရွယ်နှင့် ကိုယ့်ဘာသာကိုယ် အေးဆေးနေခဲ့သည့် မရိုးယ်လိုမိန်းမတစ်ယောက်ကို သူလိုယောကျ်ားငွေမှာကြီးက လိမ်ညာ

နေရသည်ကို သူ့ရင်ထဲတစ်မျိုးကြီးဖြစ်လာခဲ့၍ စံချိန်မှီကိုတွေ့သောအချိန်တွင်. . .

"ကိုယ် ဆက်ပြီးမလုပ်ချင်တော့ဘူး"

ဟု ပြောင်ပင် ငြင်းမိလိုက်ပါတော့သည်။

"ဘာဖြစ်ရတာလဲ။ ဘာအဆင်မပြေတာရှိလို့လဲ"

"ခင်ဗျားတို့တွေက မျဉ်းဖြောင့်သုံးကြောင်းပဲ။ ကိုယ့်ရှုထောင့်နဲ့ကိုယ် ဖြောင့်ဖြောင့်ကြီးတွေ တွေးကြတယ်။ တစ်ကြောင်းကြောင်းကသာ ကောက်ကွေးလိုက်မယ်ဆိုရင် အချိတ်အဆက်မိသွားနိုင်ကြပါတယ်။ တဖြည်းဖြည်းနဲ့ ကိုယ်နားလည်လာမိတယ်။ ကိုယ် မိန်းမတွေရဲ့ပြဿနာ အသေးအဖွဲကြား ဝင်မပါသင့်ဘူး။ ယောကျ်ားကြီးတန်မဲ့ ရှက်ဖို့ကောင်းတယ်လို့ထင်တယ်။ မိန်းမလုပ်နေတဲ့လူတွေက မျဉ်းဖြောင့်ဖြစ်ပြီး ကိုယ်က အလယ်ဝင်ချောင်းနေတဲ့ ဖြတ်မျဉ်းတစ်ကြောင်းလိုပဲ။ ကိုယ် မင်းဘေးမှာ ဖေးမပါ့မယ်။ ဒါပေမဲ့ အဲလိုတော့ မလုပ်ချင်တော့ဘူး"

"ရှင် တကယ်ပဲဆုံးဖြတ်လိုက်ပြီလား"

"မင်း နာကျင်ခံစားရတာကို ကိုယ်နားလည်ပါတယ်။ မင်းကို ကျွန်တော် ဖျောင်းဖျရင်း ဖေးမသွားမှာပါ။ အဲလိုပျော်စရာမကောင်းတဲ့ အလုပ်မျိုးကို မလုပ်ပါနဲ့။ ကိုယ် မင်းကိုပျော်စေချင်တယ်"



"မရိုးငယ်ကို မထိခိုက်စေချင်လို့လား"

"မဆိုင်လိုက်တာဗျာ။ မရိုးငယ်က လှပါတယ်။ ပြီးတော့ ကိုယ်နဲ့ပတ်သက်ရင် နုတယ်။ ကိုယ်သာယာမိခဲ့ပါတယ်။ အဲဒါ အစစ်မှမဟုတ်တာ။ လူတွေဟာ မသိစိတ်ထဲမှာ ကိန်းအောင်းနေတဲ့အတုနဲ့ အစစ်ကိုသာ ဝေဖန်ပိုင်းခြားတတ်မယ်ဆိုရင် ဘယ်တော့မှ နောင်တရတဲ့အလုပ်မျိုးကို လုပ်ကြမှာမဟုတ်ဘူး။ နောင်တဆိုတာမျိုးကို မကြုံကြဘူး။ မရိုးငယ်က ကိုယ့်ရင်ထဲမှာ ကာလာတွေနဲ့ပါ။ ဒါက အတု"

"ဒါဆို အစစ်ကရော"

"မင်းပေါ့"

"တို့က မရိုးငယ်လောက် မလှဘူးနော်"

"ဒါက အချစ်မှမဟုတ်တာ။ မင်းကို ကိုယ့်ရင်ထဲမှာစွဲနေတယ်။ တွေ့စကတည်းက အခုချိန်ထိ တစ်ရက်မှမမေ့နိုင်ဘူး။ အဲတုန်းက မင်းကို ကိုယ် အပျိုမှန်းအအိုမှန်းမသိဘူးနော်။ ကိုယ်သိပ်ညံ့တယ်မဟုတ်လား"

"နိတိ၊ ရှင်ဟာလေ, တို့ကိုသိပ်စိတ်ချမ်းသာစေတာပဲ"

"ဘဝကို အသစ်တစ်ဖန်ပြန်မွေးဖွားလိုက်ပါစံချိန်မှီရယ်။ အချိန်မီပါသေးတယ်။ ကျော်လွန်သွားခဲ့တဲ့အရုပ်ထုပ်ကို အစပြန်မဖွဲ့နှတ်ချင်

ပါနဲ့။ အနာဂတ်မှာ ပျော်ရွှင်မှုပျောက်ဆုံးသွားလိမ့်မယ်။ မေ့မေ့ပျောက်ပျောက်ပေါ့။ မဟုတ်ဘူးလား''

''ရှင်က တို့ကိုဖျောင်းဖျနေတာပဲ''

''မင်းကိုပျော်စေချင်တာပါ''

''ဘာဖြစ်လို့လဲ''

''မင်းကိုအားနာပေမယ့် ကိုယ် မင်းကိုချစ်တယ် စံချိန်မှီ''

''ဘာဖြစ်လို့အားနာနေတာလဲ''

''ခင်ပွန်းနဲ့သားဆုံးတာ တစ်လလောက်ပဲရှိသေးလို့ပါ''

သူက ဟန်ဆောင်မှုကင်းစွာပြောလိုက်လျှင် သူမကိုယ်သူမ မလုံမလဲဖြစ်သွားရပါသည်။

မကြာသေးခင်ကမှ ခင်ပွန်းသည်ဆုံးပါးသွားခဲ့တဲ့သူမက ခင်ပွန်းသည်ကိုဆုံးရှုံးရတဲ့ ပူဆွေးနေတဲ့ဇနီးသည်နဲ့မတူဘဲ လွတ်လပ်စွာ ပျံ့သန်းနေတဲ့အပျိုဖော်ဝင်ခါစလုံမပျိုနဲ့ တူနေလို့ပါ။

ဘာကြောင့် သူမခံစားချက်ကို ပေါ့ပေါ့ထားပြီး ဘဝကိုဖော့ဖော့လေးခံစားချင်နေရတာလဲ။

တကယ်ပဲ သူမဟာ ဒေါ်မြင့်မြတ်တို့ မရိုးငယ်တို့ စွပ်စွဲသလို အပေါစားမိန်းမမျိုးလား။



သူမကိုယ်သူမ မသိပေမယ့် သူမ တကယ်ပဲ နိတိထံမှာ ပျော်နေမိခဲ့ပါသည်။

❐❐❐





## အခန်း (၂၄)

"တို့ နီတိကိုလက်ခံလိုက်တော့မယ်"

လို့ပြောချပစ်လိုက်တော့ အားလုံးသောမျက်ဝန်းများမှာ သူမထံသို့ စုပြုံရောက်ရှိလာကြပါသည်။

သည်တွင် အားမနာတတ်သောဝါဇီက. . .

"ရှင့်မရိုးအောင်ဆုံးပြီးတာ တစ်လကျော်ပဲရှိသေးတယ်နော်"

"အေးဟယ်, ရှင့်တာက မမြန်လွန်းဘူးလား"

"တို့အသက်ရှင်တုန်းမှာ ပျော်ပျော်ပဲကုန်ဆုံးချင်တယ်"

"နီတိက အဆိုတော်ယောင်ယောင်နဲ့ အလုပ်မရှိဘူးနော်"

"ဟုတ်ပါ့ မရိုးအောင်နဲ့က ဆီနဲ့ရေ"

"ရှင်တို့ရဲ့ပြစ်ချက်တွေကလည်း များလိုက်တာ။ တို့ရင်ထဲမှာ နီတိက နိုင်မာတယ်။ သူက အဆိုဘက်မှာ ပါရမီရှိတယ်။ တို့သာ သူ့ကိုတင်မြှောက်လိုက်ရင် သူဖြစ်မှာ"

"ရှင် တကယ်ပဲဆုံးဖြတ်လိုက်ပြီပေါ့"

"အင်း"

"လွယ်လိုက်တာနော်"

"အဲဒါကြောင့် ရှေးလူကြီးတွေပြောတာပေါ့။ ယောကျ်ားတစ်ယောက်ယူပြီး နောက်ထပ်တစ်ယောက်ယူဖို့လည်း မခက်ခဲတော့ဘူးတဲ့။ ဟိုးမှာ. . . ရည်းစားမထားဖူးတဲ့လူကတော့ သူကိုယ်၌ကလည်း မစွံဘူး။ သူများစွံမယ်ဆိုလည်း တိုက်ဖျက်ရတဲ့အကြိမ်ပေါင်းမနည်းဘူး"

ဟု လမင်းကိုရွဲပြီးပြောလျှင် တစ်ချိန်လုံးငြိမ်ကျနေသောလမင်းမှာ. . .

"နီတိကိုလက်ထပ်လိုက်ရင်ရော ရှင် စိတ်ချမ်းသာပျော်ရွှင်ရမယ်လို့ထင်နေသလား စံချိန်မှီ"

"အင်း, ထင်နေတယ်။ နီတိဆီမှာ ပျော်ရွှင်မှုက ရှိတယ်"

"ရှင်ထင်နေတာပါ။ နီတိနဲ့ မရိုးအောင်က ကွာဟချက်တွေ



အများကြီးနော်။ နီတိနဲ့နေလာရင် မရိုးအောင်ကို မကောင်းမိလေခြင်းဆိုပြီး ရှင် နောင်တတွေပွေ့ပိုက်နေရမှာပဲ စံချိန်မှီ"

"တို့ မရိုးအောင်ကို ဘာမကောင်းခဲ့လို့လဲ"

"ဘာပဲဖြစ်ဖြစ် မရိုးအောင်က ရှင်ဘာပဲလုပ်လုပ် အပြစ်မယူဘဲ အမြဲနားလည်ခွင့်လွှတ်တယ်လေ။ နီတိက မရိုးအောင်လိုအလုပ်မရှိဘူး။ ကလပ်တက်တယ်။ သီချင်းဆိုတယ်။ ဘဝကိုပေါ့ပေါ့တွေးပြီး ပျော်ပျော်နေတယ်"

"ရှင်မသိလို့ပါ။ နီတိက တို့ကို သာယာပျော်ရွှင်မှုအများကြီးပေးတယ်"

"ရှင်, နီတိကိုချစ်သွားပြီလား စံချိန်မှီ"

"အင်း, ချစ်သွားပြီ"

"ရှင့်စိတ်တွေ တစ်မျိုးဖြစ်နေတာ စံချိန်မှီ၊ ရှင်က လျောင်ပိတ်ခံရတဲ့ မရိုးအောင်ရဲ့ဘဝထဲမှာ မွန်းကျပ်တယ်၊ ကျပ်ညပ်တဲ့ဘဝထဲမှာ မပျော်တော့ သူ့ရဲ့ဆန့်ကျင်ဘက် လွတ်လပ်ပျော်ရွှင်တဲ့ဘဝမျိုးကို ပြန်တပ်မက်တယ်။ ဒါက ဘယ်တော့မှပြည့်ဝလေ့မရှိတဲ့လူ့ရဲ့စိတ်ပါ။ တို့က မြန်မာမိန်းကလေးတွေပါ စံချိန်မှီ။ စိတ်ဓာတ်ကို တစ်ဦးတစ်ယောက်ထံမှာပဲ စွဲမြဲသင့်တယ်။ တို့တွေက အသက်လည်းမငယ်ကြတော့ဘူး၊ အတူ

နေတဲ့ကာလကလည်း နည်းတော့တာမဟုတ်ဘူး။ တစ်ယောက်ရဲ့ဟာကွက်ကို တစ်ယောက်က ထောက်နိုင်မှ အဆင်တပြေနေနိုင်ကြလိမ့်မယ်။ ရှင့်ကို တို့သိပ်ရင်လေးတာပဲ။ ရှင် တို့တွေနဲ့ပဲ ဘဝကိုမရှင်သန်သွားချင်တော့ဘူးလား''

''ရှင်က စာရေးဆရာမ၊ ကေသရီက အလှပြင်ဆရာမ၊ ဝါဇီက ကွန်ပျူတာရော၊ အင်္ဂလိပ်ပါကျွမ်းကျင်တယ်။ ပြီးတော့ စီးပွားရေးဘွဲ့ကြီးနဲ့ သူ့အတွက် အလုပ်က မရှားပါဘူး။ အေမီက ကျူရှင်တွေလိုက်ပြတယ်။ အဲတော့ သူ့အတွက်က တစ်ဘဝတော့မှလုံပါတယ်။ တို့က ရှင်တို့တွေထဲမှာ အမွဲဆုံးပါ။ အဲတော့ တို့အားကိုးရာတာ မှားသလားလမ်း''

''ဆောရီး, ရှင့်ကို တို့က ကောင်းစေချင်ရုံပါ''

''ရှင့်စေတနာကိုနားလည်ပါတယ်။ အိမ်ထောင်ပြုတယ်ဆိုတာ မိန်းမတစ်ယောက်အတွက် ဘဝဆိုတဲ့ငွေကြေးနဲ့ ထီထိုးလိုက်တယ်လို့ဆိုလိုပါတယ်။ ယောက္ခမတွေ၊ ယောက်မတွေဆိုတဲ့အကာန်မရှိတဲ့ နိတိကိုတော့ တို့ ရိုးမြေကျပေါင်းသင်းဖြစ်မှာပါ''

''ကလပ်ကိုခုံမင်တဲ့နိတိကို ရှင်စိတ်မပျက်ပါစေနဲ့လို့ တို့တွေက ဆုတောင်းပေးမှာပါ''

''လင်မယားဖြစ်လာကြရင် အသွင်တူရမယ်လေ။ တို့ သူနဲ့



ကိုက်ညီအောင်နေမှာပါ။ သူက ပေါ့ပေါ့နေတတ်ပေမယ့် တို့ကိုသိပ်ချစ်ပုံရပါတယ်။ သူက တို့ကို တို့လိုပဲမြင်တတ်တယ်။ ပြီးတော့ တို့ဘဝကို သူက အကုန်သိထားသူလေ။ ပြီးတော့ သူက ရင့်ကျက်တယ်လို့ထင်တယ်။ တို့နဲ့ ပေါ်မြင့်မြတ်၊ မရိုးငယ်ကို ကောင်းကောင်းသိမြင်နိုင်တယ်။ တို့ သူ့ကိုစမ်းကြည့်တယ်။ အမှန်က သူသာ အချောင်စားတဲ့လူဆိုရင် ရှောရှူနေတဲ့တို့ခင်းလိုက်တဲ့လမ်းမှာ မရိုးငယ်နဲ့ချိတ်ဖို့ နည်းနည်းပဲလိုတော့တာ။ မရိုးငယ်ကိုရလို့တော့ သူ ဝမ်းအေးပြီပေါ့။ ဒါပေမဲ့ သူမလုပ်ခဲ့ဘူး။ မိန်းမ၊ ယောကျ်ားဆိုပြီး သူ့ ခွဲပြသွားတယ်။ အဲဒီမှာ တို့ သူ့ကို အထင်ကြီးသွားမိတယ်။ သူဟာ တို့ထင်နေသလို ပေါပေါလောလောမျိုး မဟုတ်ဘူး။ ပြီးတော့ တို့ခံစားချက်ကြောင့်ပါ''

''ခံစားချက်''

''အင်း, သူ မရိုးငယ်အကြောင်း တို့ရှေ့မှာပြောလာတုန်းက တို့ရင်ထဲမှာ ပူပန်သွားမိတယ်။ တို့ထက် အဆများစွာသိပ်လှတဲ့မရိုးငယ်ကိုများ သူချစ်မိသွားနဲ့ပြီလားလို့ စိုးရိမ်သွားမိတယ်။ သူသာ မရိုးငယ်ကို ချစ်မိသွားခဲ့ရင်ဆိုတဲ့အတွေးက တို့ကို ပူလောင်စေခဲ့တယ်။ တို့ သူ့ကို တည့်တည့်ပဲမေးခဲ့တယ်။ ကာလာများတယ်တဲ့။ အတုတဲ့။ သူ အဲလိုမလုပ်ချင်တော့ဘူးတဲ့။ တို့ ပျော်ရွှင်သွားခဲ့ရတယ်။ ပထမတော့ တို့

မရှိးငယ်ကို လက်စားချေချင်တယ်။ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ နီတိကို ချစ်လာတော့ ဒါတွေက ပျောက်ဆုံးသွားခဲ့ရတယ်။ တို့ နီတိနဲ့ဘဝတစ်ခုကို ထူထောင်တော့မယ်''

''ရှင်ဆုံးဖြတ်ပြီးပြီပေါ့''

''ရှင်ပြောသလိုဆိုတော့လည်း နီတိက မဆိုးပါဘူး''

''ဒီလိုဆိုတော့လည်း လူတစ်ယောက်ကို အပြင်ပန်းကကြည့်ပြီး မဆုံးဖြတ်ရဘူးလို့ပြောတာ မှန်နေသလိုပဲ''

''အင်း, တို့တော့ မပြောတတ်တော့ပါဘူး။ ရှင်တို့ကာယကံရှင်တွေဆုံးဖြတ်တာက ပိုမှန်မှာပေါ့''

''တို့ကို ညီအစ်မတွေလို့သဘောထားပါ စံရှိန်မို့။ တို့တစ်တွေက တစ်ကိုယ်တော် ကိုယ့်ဘဝကို ကိုယ့်ခြေထောက်နဲ့ရပ်တည်ကြတဲ့လူတွေချည်းပါပဲ၊ ကိုင်းကျွန်းမှီကျွန်းကိုင်းမှီပေါ့ဟာ။ ရှင် ဘာပဲဖြစ်ဖြစ် တို့အိမ်ကိုလာခဲ့ပါ။ ရှင့်အတွက် တို့အိမ်က အမြဲတံခါးဖွင့်ထားပါတယ်''

''ကျေးဇူးပဲ ကေသရီ''

ဟု သူမက အမှန်တကယ် လှိုက်လှိုက်လှဲလှဲကြီးပြောပစ်မိပါသည်။

□□□

## အခန်း (၂၅)

''နီတိ, ကိုနီတိ ပေါ်မလာတာကြာပြီနော် မေမေ''

''ဟုတ်ပ။ ဒီသူငယ် သိပ်ခင်ဖို့ကောင်းတာ။ ဘယ်ရောက်နေသလဲမသိဘူး''

ဟု သတင်းစာဖတ်နေတဲ့မေမေကပြောလျှင် သူမ နီတိကို ပို၍သတိရသွားရပါသည်။

ယဉ်ကျေးမှုရှိတဲ့ လူချောလေးနီတိကို သူမလည်း တွယ်တာရပါပဲ။ ညနေခင်းတိုင်း အိမ်ကိုပေါ်ပေါ်လာတတ်တဲ့နီတိမှာ အခုတော့ ရောက်မလာခဲ့တာ ဆယ်ရက်မျှကြာသွားခဲ့ပါပြီ။

ယောကျ်ားကြိုက်တော့ ဆိုက်ဆိုက်လာ၊ မိန်းမကြိုက်တော့ မျှော်လိုက်တာဆိုတဲ့အတိုင်း သူမမှာ မသိမသာနှင့်တစ်မျိုး၊ သိသိသာသာနှင့်တစ်ဖုံ နီတိကိုမျှော်နေမိခဲ့ပါသည်။

မည်သူ့ကိုမှမချစ်ဖူးခဲ့တဲ့ သူမရဲ့နှလုံးသားကို နီတိက အပိုင်စီးယူသွားပြီလား။ သူမရဲ့အတွေးထဲမှာ နီတိရဲ့ပုံရိပ်တွေက ဝေ့ဝဲပြီး ချာချာလည်နေခဲ့ရပါသည်။

"ဟင်! "

"ဘာလဲ မေမေ"

"ဒီမှာလာဖတ်ကြည့်စမ်းပါဦး သမီး"

"ဘာလဲ"

ဟု သူမက တွေးဆဆလေးနှင့် သတင်းစာခေါက်ကို ကောက်ကိုင်လိုက်တော့. . .

ကျေးဇူးတင်လွှာဆိုပြီး စာလုံးမဲကြီးနှင့်ရေးသားထားခဲ့ပါသည်။

ကျွန်မနှင့် ခင်ပွန်းနီတိကို ဆုံစည်းစေခဲ့သည့် ဒေါ်မြင့်မြတ်နဲ့ မရိုးငယ်ဆိုပါလား။ ဒါ. . . ဒါ. . . ဘာလဲ။

ဒီလိုနာမည်ရိုးရိုးလေးတောင်မဟုတ်ဘဲ သူမတို့နာမည်နောက်မှာ ဂုဏ်ပုဒ်တွေ ဆက်ထည့်ထားပါလား။ စံချိန်မှီ, ဒါ ရှင် သက်သက်



သိက္ခာချတာပေါ့။

ယောကျ်ားဆုံးတာ နှစ်လမျှသာရှိသေးတဲ့မိန်းမက လက်ထပ်ပွဲလုပ်တာ မျက်နှာပြောင်တိုက်လွန်းပါတယ်။ ရှင်မရှက်ပေမယ့် ငါတို့ရှက်တယ် စံချိန်မှီ။ ရှင်ဟာ ပြီးဆုံးသွားတဲ့ချိန်ထိ ငါတို့မိသားစုကို အလွတ်မပေးပါလား။ သတင်းစာထဲထိ ဆက်၍သိက္ခာချတုန်းပါလား။ ဒေါ်မြင့်မြတ်ရဲ့ချွေးမ။ မရိုးငယ်ရဲ့ယောက်မပါဆိုတာကို ယခုထိ ကြော်ငြာတုန်းပါလား။ ကိုနီတိနဲ့ရှင်က ဘယ်ကဘယ်လိုတွေ့ကြတာလဲ။ ရှင်သိပ်တော်ပြီး ရှင်ဟာ သိပ်ကြောက်စရာကောင်းတဲ့မိန်းမပါလား စံချိန်မှီ။

သူမ ချက်ချင်းပြေးပြီး စံချိန်မှီကိုရန်တွေ့ပစ်ချင်ပေမယ့် ဒေါင့်အီးမျိုသိပ်ထားရပါသည်။ သူမမှာ အခွင့်အရေးမှမရှိတော့တာပဲလေ။

"ဟင်း, နောက်ဆုံးတော့လည်း လင်သေရင် အစားထိုးလို့ရတယ်ဆိုတာ သိပ်မှန်ပါလား။ ငါတို့သာ သားတစ်ယောက်ကို ဘာမဟုတ်ဘဲ ဆုံးရှုံးရတော့ ဖြေမဆည်နိုင်ဖြစ်နေရတာ"

ဟု မေမေက နောင်တရနေသောပုံနှင့် ပြောသောအခါ သူမ စံချိန်မှီကို ပို၍ခါးသက်သွားရပါသည်။

သူမတို့ဘဝထဲကို လေနီကြမ်းလိုဝင်မွှေပြီး တန်ဖိုးအကြီးဆုံးအရာကိုဆွဲနှုတ်သွား၍ ခံစားနေရတာထက် သူမနှင့်ပတ်သက်လှလှ

ကို သူမထံမှခွဲနွာသွားခြင်းကို တနုံ့နုံ့နှင့် နာကျင်နေရပါသည်။

ဟုတ်တယ်. . . စံချိန်မှီဟာ သူမတို့မိသားစုအတွက်တော့ မကောင်းဆိုးဝါးမကြီးပါပဲ။

"သားအပေါ်ထားတဲ့ စေတနာအမှားတွေပါ။ စံချိန်မှီလည်း နောက်ကလေးတွေရလာလို့ အမေတစ်ယောက်ဖြစ်လာရင် မေမေ့ကို ကိုယ်ချင်းစာတတ်လာမှာပါ"

ဟု သံဝေဂသံနှင့် မေမေ့အသံက တရားကျနေသလိုလို။

မေမေကတော့ လူကြီးမို့ ဖြေတွေးနိုင်ပေမယ့် သူမကတော့ စံချိန်မှီကို ရာသက်ပန် မုန်းတီးမည်ဖြစ်ပါသည်။

❐❐❐

အခန်း (၂၆)

"စံချိန်မှီ သိပ်ပျော်နေပုံရတယ်။ အခုမှ သူ့ကိုကြည့်ရတာ နည်းနည်းစိတ်သက်သာသလိုပဲ"

ဟု ကေသရီကပြောလျှင် လမင်းက. . .

"ကံကောင်းတဲ့ထဲမှာတော့ ပါလာပြီပေါ့။ နီတိက ဒီလိုကျ ပြန်တော့လည်း ဖနီးသည်ကို ပျော်အောင်ထားသားပဲကိုး"

"အချစ်ဟဲ့! အချစ်၊ အချစ်က အများကြီးသက်ဆိုင်တယ်"

"ဟုတ်တယ်၊ သူ့ နီတိကိုတော့ ချစ်ပုံရတယ်"

"ဟုတ်တယ်၊ သူ့ မရိုးအောင်ကိုတော့ ချမ်းသာလို့ယူခဲ့တာ

ပဲ။ နီတိနဲ့တော့ မတူဘူးလေ"

"ဟုတ်ပဲ့၊ ခက်ခဲရင်တောင် သူ မညည်းတော့ဘူး"

ဟု အမျိုးမျိုးဝေဖန်နေကြစဉ်. . .

"ဒေါက်! ဒေါက်!"

ဟူသောတံခါးခေါက်သံကြောင့် ကေသရီက တံခါးဖွင့်လိုက်စဉ် မြင်လိုက်ရတဲ့မျက်နှာကြောင့်. . .

"အဲ, သေခဲဦးမယ်"

"ရှင်တို့ တို့အကြောင်း ဘာတွေအတင်းအုပ်နေကြတာလဲ"

"ဒါပေါ့ မိန်းကလေးတွေစုမှတော့ သတင်းတွေထဲက အတင်း တစ်ခုခုပေါ့"

"ရှင့်အိမ်ထောင်ရေး သာယာတယ်မဟုတ်လား"

"ခက်ခဲပေမယ့် တို့ပျော်နေပါတယ်။ တစ်ခါတစ်ရံမှာ တို့လင် မယားတွေ ဆန်မရှိလို့ ရေသောက်ဗိုက်မှောက်ကြရတယ်၊ ဒါပေမဲ့ စိတ် ချမ်းသာပါတယ်"

"ဒါပေါ့ ရှင်ဦးနောက်နဲ့ရော နှလုံးသားနဲ့ပါ ရွေးထားတာကိုး"

"အခု အဝတ်နွမ်းနွမ်းဝတ်ရရင်လည်း တို့အဆင်ပြေတယ်။ ကားအကောင်းစားကိုလည်း မစီးချင်တော့ဘူး။ သာယာပျော်ရွှင်မှုဆိုတာ



နီတိနဲ့မှခံစားရတာပါ။ ပိုက်ဆံရှိပြီး ပျော်ရွှင်မှုမရှိရင်လည်း ဘဝကြီးဟာ အလကားပဲလေ။ အခု တို့ ပိုက်ဆံမရှိဘူး။ စိတ်ချမ်းသာတယ်"

"နီတိက ခွေထွက်ဖို့ လုံးပန်းနေတယ်ဆို"

"အင်း, ကြိုးစားဆဲပါ။ တစ်နေ့နေ့တော့ ဖြစ်လာရမှာပေါ့။ အဲဒီနေ့ထိ တို့နှစ်ယောက် နားလည်မှုတွေနဲ့ အခက်အခဲတွေကို ရင်ဆိုင် ကျော်ဖြတ်သွားမယ်"

"သူ ကလစ်တွေ မသွားတော့ဘူးလား"

"အဲဒါက သူ လွတ်လပ်တဲ့ဘဝမှာမို့ပါ။ စားဖို့တောင်အနိုင် နိုင်ဘဝမှာ သူက ကြံ့ခိုင်ပါတယ်"

"အံ့ဩစရာပဲနော်။ တို့တွေက နီတိကို အပြင်ပန်းကြည့်ပြီး ပေါ့ပေါ့လေးလို့တွေးထားခဲ့ကြတာ အခုတော့ မရိုးအောင်ထက် နီတိ က ပိုမာတယ်နော်"

"ရှင်တို့ တို့ကိုကြည့်ပြီး အသိရှိကြပေါ့"

"ဘာလဲ"

"မြင့်လွန်းတဲ့ပန်းကိုလှမ်းမိရင် ခြေချော်ကျတတ်တယ်လေ။ တို့ အဲလိုဖြစ်ခဲ့ရတာ။ အမှန်က ဘဝနှစ်ခုပေါင်းစပ်ခြင်းမှာ တူညီခြင်းတွေ များစွာရှိဖို့လိုအပ်တယ်။ စိတ်ချမ်းသာမှ ဘဝမှာပျော်တာ"

"ရှင်တော်တော်ရင့်ကျက်လာတယ် စံချိန်မှီ"

"မတူညီတဲ့ဘဝနှစ်ခုကို နှိုင်းယှဉ်တွေးကြည့်ရင်း သိလာတဲ့ အသိတွေပါ"

"ဟော! ခေါင်းလောင်းကြိုးဆွဲနေတယ်"

ဟုဆိုကာ ဖါဗီက ဝရန်တာဘက်ပြေးထွက်ကြည့်တော့. . .

"ရှင့်နီတိတော့"

"သူ တို့ကိုလာကြိုတာထင်တယ်။ တို့ပြန်တော့မယ်"

ဟုဆိုကာ ထွက်သွားသောစံချိန်မှီကို သူမတို့ မှင်တက်စွာ ကြည့်နေမိခဲ့ပါသည်။

"စံချိန်မှီကိုကြည့်ပြီး တို့လူချမ်းသာတွေကိုတောင် မကြိုက်ချင်တော့ဘူး"

ဟု ကေသရီကပြောလျှင် လမင်းက ရယ်လိုက်မိပါသည်။

"နီတိက စံချိန်မှီကိုကြင်နာတယ်နော်"

ဟုဆိုကာ ဝရန်တာမှာရပ်နေသေးသောဖါဗီကပြောလျှင် သူမတို့ပါ ဝရန်တာဘက်ထွက်ကြည့်လိုက်တော့ နီတိမိုးထားပေးသော ထီးရိပ်အောက်မှာ လုံခြုံနေသော စံချိန်မှီကို တွေ့လိုက်ရပါသည်။

သူမတို့ကြည့်နေစဉ်မှာပင် နီတိက စံချိန်မှီရဲ့ပခုံးလေးကို ညင်သာစွာဖက်လိုက်တော့



"အားကျလိုက်တာဟယ်"

ဟု ကေသရီက ပြောလာပါသည်။

စံချိန်မှီက နီတိရဲ့အရိပ်အောက်မှာ တကယ်ပဲ သာယာချမ်းမြေ့ နေပြီဟု သူမတို့ထင်မြင်မိပါသည်။

ရသတို့နှင့်ပြည့်စုံပါစေ

မယ်နိုင်

# လေဒီဇော်

ထွက်ပြီးစာအုပ်များ

- အမုန်းတွေရပ်
- ရှူးရှူးမူးမူး ရင်ထဲကဦး
- နှလုံးသားပြတိုက်
- အားလုံးရဲ့ကောင်းဘွိုင်မင်းသမီး
- အချစ်စစ်၏ ရည်ညွှန်းရာ
- တဒင်္ဂပေမယ့် ရင်ထဲမှာတော့ အထင်ကရမိုး
- ချစ်သူရဲ့နှလုံးသား လျှို့ဝှက်ခန်း
- အချစ်၏အသံတိတ်ပေါက်ကွဲမှုတစ်ရပ်
- နေမင်းထက်ပြင်းသော လမင်းထက်လင်းသော
- ရင်ခုန်သံပြိုင်ဘက်

လစဉ် ထွက်နေပါပြီ



# မယ်ခိုင်

ထွက်ပြီးစာအုပ်များ

ချစ်သူ့ပေဖူးလွှာ
ရည်းစားဦးကျိန်စာ
ထစ်ချုန်းမိုး
သဲမှန်တိုင်းရဲ့နှလုံးသားစိန်ခေါ်သံ
အိုအေစစ်ကိုရှာဖွေကြသူများ
နှလုံးသားတွန်သံ
ဆူးမဲ့နှင်းဆီ
အပြုံးရောင်သက်တံ
မိဗုရားလားကေရီ
ကြယ်တစ်ပွင့်နှင့်တွေ့ဆုံခြင်း
ပန်နှံ့ချစ်သူ
ကဗျာလွှတ်ပွဲတော်
ပထမ မဟုတ်သော ပထမလူ
တောသူလေး
မြူနှင်းလိုလေလိုတိမ်လို
ပေါက်ပန်းပမာ
ရင်ပွင့်ချိန်
နှင်းပွင့်ဒိုင်ယာရီ
ဥက္ကာပျံနှလုံးသား
ယခုလထုတ် (၂၀၁၁ ဇန်နဝါရီ)
မျှော်ဖြောင့်များ